
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်ယဉ်မိုးပိုင်<br>(ဆောင်းညပြာသို စာပေ)<br>အမှတ်-၄၃၊၃ (ဘီ)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဒေါ်နီနီခိုင် (၀၇၁၃၅)<br>သီရိမေရောင်စုံပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - သီရိမေ |
| ကွန်ပျူတာစာစီ | - မေသန့်စင် |
| ပုံနှိပ်ခြင်း | - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ<br>(ပထမအကြိမ်) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀၀ ကျပ် |

၈၉၅.၈၃

ဟော့လိုင်း

ရှယ်လီကောသာ/ ဟော့လိုင်း–ရန်ကုန်

ဆောင်းညပြာသိုစာပေ၊ ၂၀၁၃၊ ဇန်နဝါရီလ

၁၄၈ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ

(၁)ရှယ်လီကောသာ


www.burmeseclassic.com

www.burmeseclassic.com

၁၄. ၁၀. ၂၀၁၁။ သောကြာနေ့ နံနက် ၃း၃၀ အချိန်တွင် ကျွန်တော်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မက်ခဲ့သည်။

အိပ်မက်ထဲ၌ ကျွန်တော့်နောက်သို့ ခွေးအုပ်ကြီး လိုက်ဆွဲသည်။ ကျွန်တော် ကြောက်အားလန့်အားနှင့်ပြေးရင်း အကြံတစ်ခုရသည်နှင့် ကိုယ့်ကိုယ်ကို ကျားယောင်ဖန်ဆင်းပြီး ခွေးများကို ပြန်လှည့်ခြောက်သည်။ သို့သော် "တောခွေး ကျားမကြောက်"ဆိုသော စကားအတိုင်း ၎င်းခွေးများမှာ တောခွေးဖြစ်နေသောကြောင့် ကျွန်တော် မျောက်ယောင်ဖန်ဆင်းပြီး သစ်ပင်ပေါ် တက်ပြေးသည်။ ကံများ ဆိုးချင်တော့ သစ်ပင်ပေါ်မှာ ကျားသစ်နှင့် တိုးသည်။ ထိုအခါ ကျွန်တော်လူယောင်ပြန်ဖန်ဆင်းပြီး ရေထဲ ခုန်ချသည်။ ရေထဲ ကူးခတ်နေသော မိချောင်းကျောပေါ် တည့်တည့်။ ကျွန်တော် ကိုယ့်ကိုယ်ကို ကံဆိုးရှာသည်ဟု တွေးရင်း ဖားယောင်ဆောင်ကာ ကမ်းစပ်ပေါ် ခုန်ကက်လိုက်သည်။ ကမ်းစပ်



www.burmeseclassic.com

www.burmeseclassic.com


ရောက်သောအခါ ပါးပျဉ်းထောင်နေသော မြွေဟောက်တစ်ကောင်က အဆင်သင့် စောင့်နေသည်။ ကံကောင်းချင်တော့ အိပ်မက်က လန့်နိုးသွားသည်။

ပြန်အိပ်ပျော်သွားသောအခါမှသာ စောစောက ညှို့နေသော ဓာတာတွေ ပြန်တက်လာသည်။ အရမ်းချော အရမ်းလှသော အမြွာညီအစ်မနှစ်ယောက်က သူတို့နှစ်ယောက်ထဲက တစ်ယောက်နှင့် ကျွန်တော့်ကို လူမနေသော အိမ်ကြီးထဲ၌ အတူနေရန် ဖိတ်ခေါ်သည်။ ကျွန်တော် အားနာနာနှင့် လက်ခံလိုက်သောအခါ နှစ်ယောက်လုံးက **သရဲမ** ဖြစ်နေလေသည်။

ဤအိပ်မက်ကို အကြောင်းပြု၍ ရှယ်လီကေသာဆိုသော ဝတ္ထုလေးကို ရေးဖြစ်ခဲ့သည်။

စိတ်ကူးယဉ်ဖန်တီးထားသည်ဆိုသော်လည်း ကိုယ်တွေ့ အဖြစ်အပျက်များနှင့် ပေါင်းစပ်ကာ စိတ်ဝင်စားဖွယ်ကောင်းအောင် တင်ဆက်ထားပါသည်။

ဝန်ခံချက်။ ။ ကျွန်တော်သည် သရဲဝတ္ထုရေးရန် မည်သည့်အခါကမှ စိတ်ကူးမရှိခဲ့ပါ။ သို့သော် အခြေအနေအရ ဘိုးတော်လိမ်နှင့် သုသာန်စောင့်မမဲပြာ ဟူသော သရဲဆန်ဆန် ဟာသဝတ္ထုကို ပထမဆုံး စရေးဖြစ်ခဲ့သည်။ ခါးသွားထက် ကလောင်သွားထက် ဟူသော စကားအတိုင်း ကလောင်တစ်ချောင်းနှင့် လူတစ်ယောက်၏ စိတ်ကို ပျော်အောင်လည်း လုပ်နိုင်သည်။ ငိုအောင်လည်း လုပ်နိုင် သည်။ သနားအောင်လည်း လုပ်နိုင်သည်။ ကြောက်အောင်လည်း လုပ်နိုင်သည်။ ထိုအထဲမှ


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် မိမိ၏အတတ်ပညာဖြင့် လူတွေ ပျော်ရွှင်ရယ်မောအောင်သာ လုပ်ပေးချင်သည်။ (လူရွှင်တော် တော့မလုပ်တတ်) သို့သော် သရဲဝတ္ထုရေးရန် အကြောင်းက ထပ်ဖန်လာသည်။ ဤဝတ္ထု၏မူရင်း အကြမ်းကို ကောင်မလေး တစ်ယောက်အား ပေးဖတ်ရာ ပထမတစ်အုပ်မှာပင် လန့်ဖျား ဖျား၍ ဆေးရုံတင်လိုက်ရသည်။ ဝတ္ထုထဲမှာ ဈာန်ဝင်နေတုန်း ရုတ်တရက် သူ့ရှေ့သို့ ကြောင်ခုန်ချသည်ကို သွေးလန့်သွားခြင်းဖြစ်သည်။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို အပြစ်မကင်းဘူးထင်၍ ဆေးရုံသို့ လိုက်သွားပြီး ဒုတိယပိုင်းကို ဆက်ဖတ်ပြရာ အဲဒီညက အိမ်သာမသွားရဲ၍ နပ်စ်မတွေကိုယ်တိုင် လိုက်ပို့ရသည်။ ကျွန်တော်လည်း ဤဝတ္ထုကို အပြန်ပြန်အလှန်လှန် ဖတ်ရင်း ကိုယ်တိုင် ကြက်သီးထမိသည်မို့ ကိုယ့်ကြောင့် လူတွေ ကြောက်စိတ် မဝင်ရလေအောင် ဟာသ Plot လေးများ ရောထည့်ပြီး ချစ်စရာ ဓာတ်ပုံလေးများနှင့်အတူ အသစ်ပြန်လည်ပြင်ဆင် ရေးသားလိုက်ရပါသည်။

(ကိုးကားချက်။ ပြိတ္တာ သရဲ တစ္ဆေဖြစ်ရခြင်းအကြောင်း။ သကျဝံကျ)

သတိပေးချက်။ ။ ည ၁၂:၀၀ လူခြေတိတ်ချိန်၌ ဖတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

(က)



ပုဂ္ဂိုလ် သတ္တဝါတိုင်း သေခြင်းတရားလေးမျိုးတွင် တစ်မျိုးမျိုးနှင့် သေကြရသည်။ သေပြီးနောက်၌ ကတိနိမိတ် ထင်လာသည့် အားလျော်စွာ လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံတို့၌ ဖြစ်ကြရသည်။

ထိုတွင် သေခါနီးကာလ နှလုံးသွင်း မကောင်းခဲ့သည့်အတွက် အပါယ်လေးဘုံသို့ ကျရောက်ကြရသည်။ ပုထုဇဉ်ပုဂ္ဂိုလ် သတ္တဝါ တို့သည် များသောအားဖြင့် အစွဲအလမ်းများ ရှိကြသည်။ သားစွဲ၊ သမီးစွဲ၊ ဥစ္စာစွဲ အစရှိသည့် အစွဲတစ်မျိုးမျိုးနှင့် ကွယ်လွန်သေဆုံး ကြသူတို့သည် ပြိတ္တာဘုံသို့ ရောက်ရှိကြရသည်။

ပြိတ္တာတို့၏ဘဝကား ဆင်းရဲလွန်းလှ၏။ အမြဲမပြတ် ထမင်း၊ ရေ၊ အာဟာရတို့ ငတ်ပြတ်နေကြရသည်။

အနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သိန်းသော်လည်းကောင်း၊ ဘုရားတစ်ဆူနှင့်တစ်ဆူကြား ကာလပတ်လုံးသော်လည်းကောင်း၊ ထမင်း တစ်လုပ်မျှ မစားရ၊ ရေတစ်ပေါက်မျှ မသောက်ရဘဲ ကြီးစွာသောဒုက္ခကို ခံစားကြရသည်။

ဆောင်းညမြသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာမျိုးကား များလှသည်။ ကျွန်ုပ်တို့ လူသားများသည် ထိုပြိတ္တာတို့ကို အတွေ့အကြုံအရ ဝေါဟာရအမည် အမျိုးမျိုးနှင့် ခေါ် ခဲ့ကြသည်။ တစ္ဆေ၊ သရဲ၊ မှင်စာ၊ သဘက်၊ ဖုတ်၊ ကျတ်၊ ဥစ္စာစောင့်၊ ဘီလူး အစရှိသည်တို့ပင်ဖြစ်ကြသည်။

ပြိတ္တာတို့သည် အစာအလို့ငှာ လူတို့စွန့်ပစ်ထားကြသည့် စားကြွင်းစားကျန်များကို ရှာဖွေ၍ မဝတဝ စားသောက်ကြရသည်။ ရွံရှာဖွယ် စက်ဆုပ်ဖွယ်ကောင်းသည့် အကောင်ပုပ်၊ သွေးပုပ်၊ ပြည်ပုပ် စသည်တို့နှင့် ကိုယ်ဝန် အညစ်အကြေး၊ အချင်း၊ နှပ်၊ သလိပ်၊ တံတွေး စသည်တို့ပင် ဖြစ်ကြသည်။

အနေအထိုင်တွင်လည်း ကျောင်းအိုး ဇရပ်အို၊ သစ်ပင်၊ ချုံပင်၊ တောတောင် စသည်တို့၌ ကံအားလျော်စွာ နေထိုင်ကြရ လေသည်။

ပြိတ္တာတို့သည် လူတို့ကို ခြောက်လှန့်တတ်သောကြောင့် သရဲဟု ခေါ်ကြသည်။ တစ္ဆေဟူသည် "သဇ္ဇေတိ" ဟူသည့် ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်၍ ကြောက်လန့်အောင် ခြိမ်းခြောက်သည် ဟူ၍ အဓိပ္ပါယ်ရသည်။

စာအုပ်ထဲမှာ ဈာန်ဝင်နေစဉ် အနောက်မှ အရိပ်မဲကြီးတစ်ခု ဖြတ်သွားသလိုလိုရှိသောကြောင့် နွေဦးနောင် ကမန်းကတန်း လှည့်ကြည့် လိုက်ရာ ...

သူ၏ ရှေ့မငြိုးသည့် ချစ်ဇနီးသည် မေဦးမောင် ဖြစ်နေကြောင်း သိလိုက်ရသည်။

"ကိုနောင်. . . . . ဘာထိုင်လုပ်နေတာလဲ၊ အဆုပ်အပိုးတွေ



www.burmeseclassic.com

www.burmeseclassic.com


ဖြင်ထားလေ”

“ကားထဲမှာ အားလုံးထည့်ပြီးပါပြီ မေဦးရဲ့၊ မေဦး အိမ်သာ ထဲက ထွက်လာမယ့်အချိန်ကို စာဖတ်ရင်း စောင့်နေတာ”

“စာအုပ်က နောက်မှဖတ် ကိုနောင် အချိန်ရှိတုန်း သွားကြမယ်၊ ဒါမှ မနက်စောစော ဘဘုန်းကြီးကျောင်းကို ရောက်မှာ”

“ကဲ. . . . ဒါဆိုလည်း သွားကြတာပေါ့”

နွေဦးနောင်တို့ကားလေး ညဲ ၉နာရီ ၁၀မိနစ်မှာ ရန်ကုန်မြေမှ စတင်ထွက်ခွာခဲ့လေသည်။

အမှန်တကယ်တော့ ဤအလည်အပတ် ခရီးစဉ်မှာ လွန်ခဲ့သော တစ်ပတ်ခန့်ကမှ ပူပူနွေးနွေး အိမ်ထောင်ကျထားသော နွေဦးနောင်နှင့် မေဦးမောင်တို့ ဇနီးမောင်နှံရဲ့ ဟန်းနီးမွန်းလည်းဖြစ်၊ မတွေ့ရတာ ကြာပြီဖြစ်သော ဘကြီးဘုန်းကြီးကိုလည်း သူမရဲ့ ခင်ပွန်း ဘယ်လောက် ဖြောင့်ကြောင်း ကြွားရန်လည်း ဖြစ်သော ကြောင့် မေဦးတစ်ယောက် ဘကြီးဘုန်းကြီးရဲ့လိပ်စာကို စုံစမ်းပြီး ခင်ပွန်းသည်နှင့်အတူ ထွက်လာခဲ့ ခြင်းဖြစ်သည်။

မေဦးရဲ့ဘကြီးဘုန်းကြီး ဦးကောဝိဒမှာ လူ့ဘဝတုန်းက ရည်းစား ဖြစ်သူ၏ အသည်းခွဲခြင်းကို ခံရပြီးနောက် မိန်းမတွေကို စိတ်နာကာ သာသနာ့ဘောင်ထဲ အပြီးဝင်လိုက်လေသည်။ ရန်ကုန်မှာနေလျှင် သူမရဲ့ ခြေရာလေးတွေကို မြင်နေရဦးမည် စိုးသောကြောင့် လူသူမနီးသော တောကျောင်းလေးတစ်ကျောင်းမှာ သက်န်းဝတ်နဲ့ နေလာခဲ့သည်မှာ ယခုဆိုလျှင် ကျောင်းထိုင်ဆရာတော်ပင်ဖြစ်ပြီး ဂေဟာတစ်ခုပင် ထည်


www.burmeseclassic.com

www.burmeseclassic.com


ထောင်ထားသည်ဟု ကြားခဲ့လေသည်။

ငှင်းဂေဟာမှာ ရန်ကုန်က စိန်ဂေဟာ၊ ညွှေ့ဂေဟာတို့လိုမျိုး မဟုတ်ဘဲ မိဘမဲ့ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာ ဖြစ်လေ၏။

မေဦးတို့ ကြိုတင်မသိခဲ့သည်က သူတို့၏ခရီးစဉ်သည် ထိတ်လန့် စရာ၊ ဆန်းကြယ်အံ့ဩစရာ ထို့ထက်ပိုဆိုရမူ စားကောင်းခြင်းမစားရ အိပ် ကောင်းခြင်း မအိပ်ရသော ကြောက်မက်ဖွယ် နယ်မြေကြီးတစ်ခုဖြစ် နေမှန်း "အစကကြိုသိခဲ့ရင်လေ မေမသွားဝံ့ ပါဘူးကွယ်" ဆိုသလို ဖြစ်မည်မှာ အသေချာပင်။

⚓⚓⚓


www.burmeseclassic.com

www.burmeseclassic.com

(၁) 

၃း၃၀

"ကိုနောင်. . . ဟိုရှေ့မှာ အမျိုးသမီးတစ်ယောက် လှမ်းတားနေတယ်"

မေဦးညွှန်ပြရာနေရာသို့ နွေဦးနောင် လှမ်းကြည့်လိုက်ရာ အနီရောင်ဝမ်းဆက်ဝတ်ထားသော အမျိုးသမီးတစ်ယောက်ကို ကားမီးရောင်ဖြင့် တွေ့လိုက်ရလေသည်။

ညာဘက်လက်ကို ဆန့်တန်းပြီး ကားကိုတားနေသောကြောင့် နွေဦးနောင် ကားကို အရှိန်လျှော့ပြီး မောင်းလိုက်သည်။

သို့သော် အဲဒီလို အရှိန်လျှော့လိုက်တာကိုက သူတို့ရဲ့ မဟာအမှားကြီးဖြစ်မှန်း သိလိုက်ရလေပြီ။

ဖြည်းဖြည်းနှင့် အနားရောက်လာသောအခါ စောစောကမြင်ရတဲ့ နေရာမှာ ဘယ်အမျိုးသမီးမှမရှိဘဲ ကားလမ်းပေါ် ကိုင်းတစ်ဖက်ထွက်

www.burmeseclassic.com

www.burmeseclassic.com


နေသည့် သစ်ခြောက်ပင်ကြီးသာ ရှိလေသည်။

၎င်းသစ်ပင်ရဲ့ ခွကြားထဲမှာ အမျိုးသမီးဝတ် အနီရောင် ဝမ်းဆက်တစ်ထည် တင်ထားသည်ကို တွေ့လိုက်ရ၏။

နွေဦးနောင် ကြက်သီးဖြန်းဖြန်း ထသွားပြီး ထိုနေရာနှင့် အဝေးဆုံးရောက်အောင် လီဗာကို မိုင်ကုန်မြှင့်လိုက်သည်။

"အမြင်မှားတာပါ မေဦးရယ်. . . . မကြောက်ပါနဲ့"

ဇနီးသည် ကြောက်မှာစိုး၍ ပြောလိုက်ရသော်လည်း သူကိုယ်တိုင်က သွေးပျက်နေလေပြီ။ အဝေးမှာတုန်းက မြင်လိုက်ရတာ လူမှလူအစစ်။

မေဦးကတော့ နွေဦးနောင်ရဲ့ခါးကိုဖက်ပြီး ရှိသမျှ ဘုရားစာတွေ အကုန်ရွတ်နေလေရဲ့။

"သမ္ဗုဒ္ဓေ. . . . . သမ္ဗုဒ္ဓေ. . . . . . သမ္ဗုဒ္ဓေ"

သေချာစဉ်းစားကြည့်တော့ ဒီလိုနေရာ ဒီလိုအချိန်မှာ တော်ရုံတန်ရုံ ဘယ်လိုမိန်းကလေးမျိုးမှ ရှိနေရဲမှာမဟုတ်။

နောင်မှ သိခွင့်ရခဲ့သည်မှာ ထိုနေရာတွင် မိန်းမတစ်ယောက် သစ်ပင်မှာ ဆွဲကြိုးချပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ဖူးကြောင်း၊ အဲဒီနေ့က အနီရောင်ဝမ်းဆက်ဝတ်ထားကြောင်း ရွာခံလူတစ်ဦး၏ ပြောပြချက်အရ သိခဲ့လေသည်။

ထိုကိစ္စကိုတော့ မေဦး ကြောက်မည်စိုးသဖြင့် နွေဦးနောင် ပြန်မပြောပြခဲ့။

နံနက်လေးနာရီခန့်မှာတော့ သော်ကမြောင်ဟု ရေးထားသော ဘုန်းကြီးကျောင်းမုခ်ဦးအဝကို ရောက်သည်။ အဝမှာ ခတ်တတ်ရပ်


www.burmeseclassic.com

www.burmeseclassic.com



နေသော ကောင်မလေးနှစ်ယောက်၏ လမ်းညွှန်မှုဖြင့် နွေဦးနောင်တို့ တားလေး အထဲထိ ဆက်ဝင်သွားလေသည်။

* * * * *

"လာမယ်ဆိုလည်း ကြိုပြောပေါ့ တူမကြီးရယ်၊ ဆိုင်းမဆင့် ဗုံမဆင့်နဲ့"

"ဘာလည်း. . . . . ဘုန်းဘုန်းက ကိုယ်တိုင် လာကြိုမလို့လား"

"မဟုတ်ဘူး. . . . မလာဖို့ တားမလို့"

"ရှင်!"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဘဘုန်းကြီးရဲ့ စကားကြောင့် မေဦး ပါးစပ်အဟောင်းသားလေး ဖြစ်သွားသည်။

"အခု ဉူးဇင်းကျောင်းမှာ ဘာတွေဖြစ်နေလဲ သိလား"

"မသိဘူးလေ"

ဆရာတော်က စိတ်ပျက်လက်ပျက်လေသံဖြင့်

"မပြောချင်တော့ပါဘူး တူမကြီးရယ်. . . ပြောရင် ထွက်ပြေးချင်စိတ် ပေါက်သွားမှာစိုးလို့ အခုမှလာတဲ့ ဧည့်သည်ကို နှင်ရာကျမှာလည်းစိုးတယ်၊ အဲဒီတော့ တူမကြီး ပျော်သလောက်နေကြည့်ပါ၊ တဖြည်းဖြည်းနဲ့ သိလာလိမ့်မယ်၊ မနေချင်ရင် ချက်ချင်း ပြန်လို့ရတယ်"

"အရှင်ဘုရားရဲ့ စကားက ဘယ်လိုကြီးလဲ၊ ဒီကျောင်းမှာ ဘာတွေ ဖြစ်နေလို့လဲ"

"ဟူး. . . ပြောမယ့် ကြုံဖူးမှသိတဲ့၊ ဉူးဇင်းပြောတာထက် တူမကြီး နောက်ဆို ကြားလာရပါလိမ့်မယ်၊ အခုတော့ မပြောပါရစေနဲ့"

မေဦး ခေါင်းရှုပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်းစကားတွေ မေဦးတော့ နားမလည်တော့ဘူး၊ ညက တစ်ညလုံးလည်း မအိပ်ခဲ့ရတော့ ပင်ပန်းနေပြီ"

"ဒါဆိုလည်း သွားအိပ်လေကွယ်၊ တူမကြီးအတွက် မိန်းကလေး နားနေဆောင်မှာ စီစဉ်ပေးထားတယ်၊ ကျောင်းက မိန်းကလေးအဖော် တွေနဲ့ အတူအိပ်ပေါ့၊ တူမကြီးယောကျ်ား အတွက်ကတော့ ယောကျ်ားလေး သီးသန့်ဆောင်မှာ ကပ္ပိယတွေ စီစဉ်ပေးလိမ့်မယ်၊ အဆင်မပြေတာရှိရင် ပြောပေါ့"

"ဒါဆိုလည်း မေဦးကို ခွင့်ပြုပါဦး ဘုန်းဘုန်း"

"အေး. . . သွား သွား၊ အိပ်ယာက နိုးရင်တော့ လင်မယား နှစ်ယောက်စလုံး ငါ့ဆီ လာခဲ့ကြဦးပေါ့"

"ကောင်းပါပြီ ဘုန်းဘုန်း. . . မေဦးကို ခွင့်ပြုပါဦး"

ဦးကောဝိဒ ခေါင်းညိတ်ပြလိုက်ရာ မေဦး လက်အုပ်လေးချီ၍ ထွက်သွားလေသည်။

တစ်ညလုံး မအိပ်ခဲ့ရသမျှ အခုမှ အတိုးချအိပ်ရတော့မည်။

သူမ၏ခင်ပွန်း နွေဦးနောင်လည်း ခုလောက်ဆို စက်တော် ခေါ်နေပြီထင်ပါ့။

မေဦး တစ်ခုပဲ စိုးရိမ်မိသည်။ ဒီယောကျ်ားက အိပ်ရင် ဖင်ပေါ် ခေါင်းပေါ် အအိပ်ကြမ်းတာဆိုတော့ ဘေးနားက ကပ္ပိယတွေ ဝိုင်းမဖုံး ပေးရင် အခက်။ တော်ကြာ သူတို့အဆောင်ရှေ့ကို မိန်းကလေး တစ်ယောက်တလေများ ဖြတ်မိပြီး သံဇကာမှတဆင့် မြင်သွားရင်. . .

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၈)



နွှေဦးနောင်နဲ့ မေဦးမောင်တို့လင်မယား ဆရာတော်ကို ဦးသုံးကြိမ် ချလိုက်တယ်ဆိုရင်ပဲ ဆရာတော်၏ အင်တာဗျူးက စတင်တော့သည်။

"ဒကာလေး နာမည်"

"နွှေဦးမောင်ပါ ဘုရား"

ဆရာတော်က ခေါင်းတညိတ်ညိတ်ဖြင့်

"အင်း. . . ငါ့တူမကြီးက ယောကျ်ားယူတာတောင် ကိုယ်နဲ့ နာမည်ချင်းကာရံညီတဲ့သူ ရှာယူတာကိုး၊ နွှေဦးနောင်နဲ့ မေဦးမောင် ဟုတ်လား. . . ဟင်း. . ဟင်း"

ဆရာတော်၏ ရွှင်မြူးသောစကားကြောင့် လင်မယားနှစ်ယောက်လုံး ရယ်လိုက်ကြသည်။

"ဒါကတော့ ဖူးစာလို့ ဆိုရပါမယ် ဘုန်းဘုန်း. . တပည့်တော်တို့ နှစ်ယောက် အင်တာနက်မှာ ချက်တင် ထိုင်ကြရင်း နာမည်ချင်း ဆင်နေလို့



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားပြီး အပြင်မှာ ဆုံဖြစ်ကြရာကနေ ခုလို ညားခဲ့တာပါ"

"ဩော်. . . ဒါဆို ချက်တင်ဖူးစာပေါ့၊ ကောင်းပါလေ့ ့ယ်၊ ခုခေတ်များ ရည်းစားတစ်ယောက်ရချင် အလွယ်လေးကိုး၊ ထိုင်ခုံမှာ ထိုင်ရင်း ကွန်ပျူတာကီးဘုတ်ကို နှိပ်ရုံနဲ့ အဆင်ပြေတယ်၊ တို့များခေတ်ကတော့ သုံးနှစ်သုံးမိုး ကြိုးစားတာတောင် မလွယ်ရေးချ မလွယ်ပဲမောင်"

ဆရာတော်ဘုရား၏ အတိတ်ဇာတ်ကြောင်းကို သိနေသော မေဦးက ကြိတ်ရယ်လိုက်သည်။

"ဒါနဲ့ ဒကာလေးက ဘာအလုပ် လုပ်တုန်းကွဲ့"

"တပည့်တော်က စာတိုပေစလေးတွေ ရေးပါတယ် ဘုရား၊ အခုတောင် အပါယ်လေးဘုံထဲက ပြိတ္တာဘုံသားတွေအကြောင်း ရေးဖို့ လေ့လာနေပါတယ် ဘုရား"

နွေဦးနောင်ရဲ့ စကားကြောင့် ဆရာတော် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားလေသည်။

နောက်မှ ဟန်မပျက်ပြန်၍

"ကောင်းပါတယ်ကွာ၊ လူတွေ အပန်းပြေစေမယ့် ဟာသဝတ္ထုမျိုးတွေ ရေးနိုင်ရင်လည်း ကောင်းတာပေါ့၊ ဟာသဆိုတာ ဘဝမှာ ကြုံရတဲ့ စိတ်ညစ်စရာ၊ သောကဖြစ်စရာတွေကို ခဏတာ ထွက်ပေါက်ဖွင့်ပေးလိုက်တဲ့ တံခါးပေါက်တစ်ခုပဲလေ"

"မှန်ပါ့ ဘုရား၊ ဒါပေမယ့် တပည့်တော်ကတော့ လူတွေ ကြက်သီးဖြန်းဖြန်းထအောင် ရေးနိုင်တဲ့ရသမျိုးကို ပိုသဘောကျပါတယ် ဘုရား၊ ပြီးတော့ ပြိတ္တာတို့ တစ္ဆေတို့ဆိုတာ ကြောက်စရာကောင်းသလို သနား


www.burmeseclassic.com

www.burmeseclassic.com



စရာလည်း ကောင်းတာမို့ တပည့်တော် ပိုစိတ်ဝင်စားပါတယ် ဘုရား"

ဆရာတော်က စိတ်အလိုမကျဟန်ဖြင့်

"ကဲပါလေ. . . ထားလိုက်ပါ၊ ဘာပဲရေးရေး ယုတ္တိရှိအောင်တော့ ရေးပေါ့၊ မဖြစ်နိုင်တာကြီးကို လုပ်ကြံပြီး စာဖတ်ပရိသတ် မကြောက်ကြောက်အောင် ဖြဲခြောက်တာမျိုး မရေးနဲ့ပေါ့"

"အဲဒီလိုမျိုး ယုတ္တိရှိရှိ ရေးနိုင်ဖို့ ဆရာတော်ကိုပဲ အားကိုးရမှာပဲ ဘုရား၊ ဒီခရီးစဉ်က တပည့်တော် မေဦးနဲ့ ဟန်းနီးမွန်းလည်းဖြစ်၊ ဆရာတော်ဆီက သိချင်တဲ့အကြောင်းအရာလေးတွေကိုလည်း မေးရင်းနဲ့ပေါ့ ဘုရား"

"ငါ့ဆီက ဘာများ သိချင်လို့လဲကွ"

"ဘုရားဟောပေးတဲ့ဝတ္ထုတွေထဲက ပြိတ္တာတွေအကြောင်းပါပဲ ဘုရား၊ သူတို့ရဲ့ စားသောက်နေထိုင်မှုဘဝနဲ့ လူတွေကို ဘာကြောင့် ခြောက်ရသလဲ စသဖြင့် ကုန်ကြမ်းလေးတွေပေါ့၊ အရှင်ဘုရား အားရင် အားသလို တပည့်တော်ကို ရှင်းပြပေးစေလိုပါတယ်"

နွေဦးနောင်ရဲ့စကားကြောင့် ဦးကောဝိဒ သက်ပြင်းရှည်ကြီး ချလိုက်ရင်း. . .

"အင်း. . . ဒကာလေးက သိချင်နေပြီဆိုတော့လည်း ရှင်းပြပေးရတာပေါ့၊ ဒါပေမယ့် လောလောဆယ် ဘုန်းကြီး တရားပွဲသွားဖို့ ပြင်ဆင်ရဦးမှာမို့ ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ နောက်နေ့မှပေါ့"

"တင်ပါ့ ဘုရား"

* * * * *



www.burmeseclassic.com

www.burmeseclassic.com


ည ၁၂း၀၀

နွေဦးနောင်ရဲ့နားထဲမှာ သီချင်းသံလိုလို ကြားမိသည်။ အိပ်မက်လိုလို ဘာလိုလို။

ဒါပေမယ့် တစ်ရေးနိုးတဲ့အချိန်မှာ ကြားရတဲ့အသံကတော့ ပီပီသသပင်။

"တောက်တဲ့. . . . တောက်တဲ့. . . . တောက်တဲ့"

မိုးလင်းတော့ နွေဦးနောင် ကျောင်းထဲမှာ လှည့်ပတ် လေ့လာသည်။ ကျောင်းကြီးက အတော်ကျယ်ဝန်းပြီး မိဘမဲ့ကလေးများကို စာသင်ပေးနေသော ဂေဟာတစ်ခုလည်း ရှိသည်။ ထိုကလေးများ ပညာသင်ရေးအတွက် ရွာထဲက ဆရာ/ဆရာမ များက အလှည့်ကျ တာဝန်ယူကာ သင်ကြားပေး၏။

အင်မတန်မှ မွန်မြတ်လှသော ပညာဒါနတစ်ခုပင်။

နွေဦးနောင် တစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် လျှောက်ကြည့်နေရင်း တစ်နေရာမှာ မေဦးနှင့် သွားဆုံသည်။

"ရှာလိုက်ရတာ ကိုနောင်ရယ်"

"ဘာကိစ္စလဲ မေဦးရဲ့"

"ဘုန်းဘုန်း ခေါ်ခိုင်းလိုက်လို့ မနက်စာစားပြီးရင် သူ့ဆီ လာခဲ့ပါတဲ့. သိချင်တာတွေ ရှင်းပြမယ်တဲ့"

"ကောင်းပြီလေ. . . ကိုယ်တို့နှစ်ယောက် အတူဆွဲပြီး သွားကြတာပေါ့"

"ရှင်! ဘာဆွဲမှာလဲ"

မေဦး မျက်လုံးပြူးသွားသည်။


www.burmeseclassic.com

www.burmeseclassic.com

## ပေဟာ့လှိုင်း – ၂၀

"Breakfast"

ဒီလိုနှင့် နွေဦးနှောင်းနှင့် မေဦးမောင် မနက်စာ အတူစားကြရင်း ညက အိပ်ပျော်နေတုန်း ကြားမိသော သီချင်းသံအကြောင်း ပြောဖြစ်ကြသည်။ ထူးခြားစွာ တိုက်ဆိုင်နေသည်က သီချင်းသံကို လင်မယား နှစ်ယောက်လုံး ကြားမိသည်ဖြစ်ရာ၊ အိပ်မက်မဟုတ် နိုင်တော့။

စိတ်ထဲမှာ နည်းနည်းတော့ ပဟေဠိ ဖြစ်သွားကြသည်။


ညဘက်သန်းခေါင်ယံကြီး ဘယ်သူများ ညည်းဆိုနေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

## (ဃ)



“လောကမှာ ပြိတ္တာအမျိုးအစား မြောက်မြားစွာ ရှိတယ် ဒကာ၊ တစ်ခုချင်းရွတ်ပြရင် ဘုန်းကြီးလည်း မရွတ်နိုင်၊ ဒကာလေးလည်း မမှတ်နိုင်မှာစိုးလို့ လိုရင်းအချက်လောက်ပဲ ပြောပြမယ်”

“အဆင်ပြေပါတယ် ဘုန်းဘုန်း”

ဦးကောဝိဒ သူ့ရဲ့ ပြိတ္တာအကြောင်း သိကောင်းစရာ အစီအစဉ်ကို စတင်ဖဲကြိုးဖြတ် ဖွင့်လှစ်လိုက်သည်။

“လူတွေဟာ ဉစ္စာစွဲ သားစွဲ မယားစွဲ အစွဲတစ်မျိုးမျိုးနဲ့ သေတတ်ကြတယ်၊ မသေခင်မှာလည်း ပေးကမ်းလှူဒါန်းခြင်း မရှိ၊ သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းတာကိုလည်း တားမြစ်တတ် ကြတယ်၊ အဲဒီလိုလူမျိုးတွေ သေတဲ့အခါ ပြိတ္တာဘုံရောက်တတ် ကြတယ်၊ အဲဒီတော့ သေခါနီးမှာ အစွဲအလမ်းမမှားဖို့ကိုလည်း ဂရုပြုရမယ်၊ အဲဒါကတော့ ဘာကြောင့် ပြိတ္တာဖြစ်လည်းဆိုတဲ့ အကြောင်းအရင်းပေါ့”



www.burmeseclassic.com

www.burmeseclassic.com



နွေဦးနှောင် ဆရာတော်၏ ရှင်းလင်းချက်ကို စိတ်ဝင်တစား ခေါင်းလေးညိတ်၍ နားထောင်နေသည်။

"ပြိတ္တာတွေဟာ အလွန်တရာ ကြောက်မက်ဖွယ် မလှမပတဲ့ ရုပ်အဆင်းရှိကြတယ်၊ လူတွေပြောပြောနေတဲ့ တစ္ဆေ၊ သရဲဆိုတာ ပြိတ္တာ ပါပဲ၊ သူတို့ရဲ့ဘုံဌာနဟာ ငရဲကြီးရှစ်ထပ်တို့အထက် လူ့ ပတ်ဝန်းကျင်မှာပဲ တည်ရှိတယ်၊ တော၊ တောင်၊ ချောင်း၊ မြောင်း မြစ်၊ သုသာန်၊ သစ်ပင်၊ လိုဏ်ဂူ စတဲ့အရပ်တွေပဲ ဖြစ်တယ်၊ ဟိမဝန္တာနံပါးရှိ "ဝိဥ္ဈာဋဝီ" တွင် ပြိတ္တာမြို့တည်၍ တန်ခိုးကြီးသည့် ပြိတ္တာမင်းက အုပ်ချုပ်မင်းလုပ်သည် ဆိုပြီးတော့လည်း လောက ပညတ္တိကျမ်း၊ ဆဂတိဒီပနီကျမ်းတွေမှာလည်း မိန့်ဆိုကြတယ်"

"ဒါဆို ညဘက်မှာ ရွာတည်ပြီး လူတွေကို ဖြားယောင်းတတ်တဲ့ ကျတ်ဆိုတာမျိုးပေါ့"

ဉူးကောဝိဒ ခေါင်းညိတ်လိုက်ပြီး. . .

"ကျတ်ဆိုတာလည်း ပြိတ္တာမျိုးထဲကပါပဲ ဒကာ၊ ပြိတ္တာ အမျိုးမျိုး ရှိသလို သူတို့ရဲ့ အဆင့်အတန်းကလည်း အနိမ့်အမြင့်တွေ ကွာခြားပါတယ်၊ အာဟာရအတွက် လူတစ်ယောက်ကို ပူးကပ်ပြီးမှ စားသောက်ရတဲ့အမျိုး၊ အနံ့ခံရုံနဲ့ အာဟာရပြည့်ဝတဲ့အမျိုး၊ ချက်ပြုတ်ကြော်လှော်ပြီးမှ ကြိုက် နှစ်သက်တဲ့အမျိုး၊ အစိမ်းလိုက် စားမှ တင်းတိမ်တဲ့အမျိုး၊ အရှင်လတ်လတ် ဝါးစားရမှ ကျေနပ်တဲ့အမျိုး အဲဒီလို စားသောက်ပုံ အခြင်းအရာ အမျိုးမျိုး ရှိသလို သစ်ပင်၊ ချုံပုတ်မှာနေရတဲ့ အဆင့်အတန်း၊ ဇရပ်အိုကျောင်းအို တို့မှာ နေရတဲ့အတန်း၊ သုသာန်သင်္ချိုင်းမှာနေရတဲ့အတန်း၊ လူတွေ အနီးမှာ နေရတဲ့အတန်း၊ တောတောင်ချောက်ကမ်းပါးတွေမှာနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတန်း၊ ဘုံဗိမာန်မှာနေရတဲ့အတန်းဆိုပြီး နေထိုင်ပုံလည်း ကွာသေးတယ်"

"ဒါဆို ပြိတ္တာတွေဟာ တပည့်တော်တို့ အနီးနားဝန်းကျင်မှာလည်း ရှိနိုင်တာပေါ့"

"သေချာတာပေါ့၊ မျက်စိနဲ့ မမြင်နိုင်တာပဲ ရှိတယ်၊ လူတွေဟာ လူတစ်ယောက်သေရင် ဝိညာဉ်ကျန်ပြီး အဲဒီဝိညာဉ်က တစ်ချို့ အိမ်သူအိမ်သားဆွေမျိုးတွေကို ကိုယ်ထင်ပြတာမျိုးတွေ လုပ်ပြတယ်ဆိုတာ တကယ်တော့ အယူအဆမှားကြီးပဲ၊ ဗုဒ္ဓဘာသာရဲ့အဆိုအရ ဘယ်သတ္တဝါမှာပဲဖြစ်ဖြစ် ဝိညာဉ်ဆိုတဲ့ အသက်ကောင် မရှိဘူး၊ ခန္ဓာတစ်ခုပျက်စီးသွားတာနဲ့ ရုပ်ကောနာမ်ပါ ပျက်စီးသွားတယ်၊ တကယ်လို့ လူတစ်ယောက်သေပြီး မကျွတ်မလွတ် ဖြစ်နေတယ်၊ အနီးနားမှာ ချိုးချိုးချွတ်ချွတ် အသံကြားတယ်ဆိုရင် အဲဒါ ဝိညာဉ် မဟုတ်ဘူး၊ ပြိတ္တာဘဝ ရောက်နေပြီလို့ မှတ်၊ လူတွေဟာ သေခါနီးရင် တရားကို နှလုံးမသွင်းနိုင်ကြဘဲ သားစွဲ သမီးစွဲ၊ ဥစ္စာစွဲ၊ ဇနီး၊ ခင်ပွန်းစွဲတွေကြောင့် ကိုးဆယ်ရာခိုင်နှုန်းဟာ မကျွတ်မလွတ်တဲ့ ပြိတ္တာဘဝကို ရောက်ကြတာပဲ"

နွေဦးနှောင်း ဆရာတော်ရဲ့စကားကြောင့် ကြက်သီးပင် ထသွားမိသည်။

"သံဝေဂ ရစရာပါပဲ ဘုန်းဘုန်း၊ အဲဒီလိုလူမျိုးတွေကို အမျှပေးရင် ရနိုင်မလား"

"အင်း. . . ဒါကလည်း အမျိုးအစားပေါ် မူတည်တာပေါ့၊ ဘုရားသံ၊ တရားသံတို့ကို မကြားချင်၊ မကြားနိုင်၊ မကြားဝံ့တဲ့ အမျိုးအစား၊ ကြားချင်နာချင်သော်လည်း ကြားနာခွင့် မရသော အမျိုးအစား၊ ဘုရားသံ တရားသံကြားတာနဲ့ ထွက်ပြေးရတဲ့ အမျိုးအစားရှိသလို ဘုရားသံ



www.burmeseclassic.com

www.burmeseclassic.com



တရားသံတို့ကို ကြားနာခွင့် ရ၍ သာဓုခေါ် နိုင်ကာ အဆင့်အတန်းမြင့်တဲ့ တန်ခိုးကြီးဘဝ ရောက်သွားရတဲ့ အမျိုးအစားဆိုပြီး အဆင့်အတန်းတွေ တွဲပြားသေးတယ် ဒကာ"

"ဩော်. . . . ဒါနဲ့ သူတို့တွေ လူတွေကို ခြောက်တာဟာ အမျှလို ချင်လို့ သက်သက်ပဲလား"

ဦးကောဝိဒ ခေါင်းကို ခါယမ်းလိုက်ပြီး

"ဒီတစ်ခုတည်းတော့ မဟုတ်ဘူး ဒကာ၊ တစ္ဆေသရဲတွေ လူကို ခြောက်တာ အကြောင်းအမျိုးမျိုးရှိတယ်၊ တစ် အခြောက်ခံရသူ ကံနိမ့်၍ အခြောက်ခံရခြင်း၊ နှစ် နောက်ပြောင်ကျီစယ်လို၍ ခြောက်ခြင်း၊ သုံး ဒကာပြောတဲ့ အမျှအတန်းဝေသည်ကို ခံယူလို၍ ခြောက်ခြင်း၊ လေး စားသောက်လို၍ ခြောက်ခြင်း၊ ငါး ဥစ္စာ ပေးလို၍ ခြောက်ခြင်း၊ မှာကြား လို၍ ခြောက်ခြင်း၊ နှုတ်ဆက်လို၍ ခြောက်ခြင်း၊ သားမယားတို့ကို စွဲလမ်း ခင်မင်သည့်အတွက် ခြောက်ခြင်း၊ ဘုရားသံတရားသံတို့ကို ကြား၍ မရွှတ် နိုင်အောင် ခြောက်ခြင်း စသဖြင့် အမျိုးမျိုးရှိပါတယ်၊ အမှန်တကယ်တော့ ပြိတ္တာ၊ တစ္ဆေ၊ သရဲတွေဆိုတာ ခြောက်တယ်ဆိုတာထက် သူတို့ရဲ့ ဆန္ဒကို လူအများသိအောင် ပြောပြချင်လို့ အကူအညီတောင်းတဲ့အနေနဲ့ ကိုယ်ထင် ပြခြင်းသာ ဖြစ်တယ် ဒကာ၊ ဒါပေမယ့်လည်း အကုသိုလ်ကံကြောင့် သူတို့ရဲ့ အတ္တဘောခန္ဓာကိုယ်ဟာ ကြောက်စရာအဆင်းကို လူတွေ ရုတ်တရက် မြင်တွေ့ရတဲ့အခါ ထိတ်လန့် ကြောက်ရွံ့ကြတယ်၊ အဲဒါကိုပဲ တစ္ဆေ၊ သရဲ ခြောက်တယ်လို့ ပြောကြတာပေါ့"

နွေဦးနောင် တစ္ဆေ၊ သရဲတွေကို သနားပင် သနားသွားသည်။ ဖြစ်နိုင်ရင် အိမ်ခေါ်ပြီး ထမင်းကျွေးလိုက်ချင်ရဲ့)

ဆောင်းညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန် မိန်းမတစ်ယောက် ထဘီမနိုင်ပဝါမနိုင်ဖြင့် အူယားဖားယား ပြေးချလာသည်။

"ဘုန်းဘုန်း . . . ကယ်ပါဦး ဘုန်းဘုန်း"

"ဟဲ့ ဟဲ့ . . ဘာဖြစ်လာတာလဲ မဝိုင်းရဲ့ အလန့်တကြား"

ထိုမိန်းမ၏ ကြောက်လန့်တကြားပုံစံကြောင့် ဥူးကောဝိဒနှင့် နွေဦးနောင်အပါအဝင် ကပ္ပိယတွေ ဒကာမတွေအားလုံး အထိတ်တလန့် ဖြစ်သွားသည်။

ဆက်ပြောလာတဲ့ စကားကတော့

"တပည့်တော် . . . . တပည့်တော် . . . . . တပည့်တော် . . . တပည့်တော်"

"ဟဲ့ . . . ဪ၊ အရေးထဲ CD ထစ်နေသေးတယ်၊ပြောမှာသာ ပြောပါ . . . ကင်းကိုက်လာလို့လား"

ဘုန်းကြီးက စိတ်မရှည်သဖြင့် မဝိုင်းဆိုသူကို လှမ်းဟန့်သည်။

"မ . . မဟုတ်ပါဘူး ဘုရား၊ ကြောက်နေလို့ပါ၊ တပည့်တော်မ ခြေထောက်ဆေးဖို့ ရေတွင်းထဲမှာ ရေကုန်းအခပ် ရေထဲမှာ ဘာတွေ့တယ်. ထင်လဲ"

"ဘာလဲ ရေထဲမှာ ကိုယ့်ရုပ်ကိုယ် ပြန်မြင်ရပြီး လန့်ပြေးလာတာလား"

မဝိုင်း မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"ပြောရက်လိုက်တာ ဆရာတော်ဘုရားရယ်၊ တပည့်တော်မ အဲဒီလောက် ရုပ်ဆိုးနေလို့လား"

"နင့်စကားက လိုရင်းမရောက်တော့လို့ဟဲ့၊ ဘာဖြစ်လာတာလဲ



www.burmeseclassic.com

www.burmeseclassic.com


ရှင်းရှင်းပြော"

မဝိုင်းက စကားပြောရန် အားယူလိုက်ပြီး

"ရေတွင်းထဲမှာ မိန်းမတစ်ယောက် မတ်တတ်ကြီး ရပ်နေတယ် ဘုန်းဘုန်းရဲ့"

"ဟေ"

မဝိုင်းစကားကြောင့် အားလုံး ကြက်သီးမွေးညှင်းများ ထသွားကြသည်။

"ဟုတ်ကော ဟုတ်လို့လားဟာ၊ ဒီလောက်ကျယ်ပြီး နက်တဲ့တွင်းထဲ ဘယ်မိန်းမက ဝင်နေမှာလဲ၊ နင်အမြင်မှားတာ ဖြစ်မှာပါ မဝိုင်းရယ်၊ ငါလိုက်ကြည့်ရမလား"

"အခုလိုက်ကြည့်ရင် ရှိမှာ မဟုတ်တော့ပါဘူး ဘုရား"

"ဟဲ့. . . . ဘာဖြစ်လို့လဲ"

"တပည့်တော်မ ညတုန်းက မြင်ခဲ့တာပါ"

"ဟမ်. . . . ညတုန်းက မြင်ခဲ့တာကို အခုမှ အလန့်တကြားထလုပ်ရသလား"

"ညတုန်းက ကြောက်ခဲ့တာကို အခုမှ ဖွင့်ထုတ်လိုက်တာပါ ဆရာတော်ရယ်၊ တစ်ညလုံး အိပ်မပျော်လို့ မိုးလင်းခါနီးမှ အိပ်ပျော်သွားပြီး အခု နိုးနိုးချင်း ဆရာတော်ဆီ ပြေးလာတာပါ"

မဝိုင်းစကားကြောင့် အားလုံးလန့်နေပြီ။ မေဦးဆိုလျှင် ညတုန်းက ကြားခဲ့ရသော သီချင်းသံသဲ့သဲ့နှင့် ဆက်စပ်မိပြီး ကြက်သီးမွေးညှင်းများပင် ထလာ၏။ ဒါဆိုရင် သီချင်းသံပိုင်ရှင်က မဝိုင်းပြောတဲ့ ရေတွင်းထဲက မိန်းမများလား။



www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား မဝိုင်းရယ်၊ ဧည့်သည်တွေရှေ့မှာ ထင်ယောင်ထင်မှားဖြစ်အောင် လျှောက်မပြောပါနဲ့၊ နင် ဘယ်လို မြင်ခဲ့တာလဲဆိုတာ သေချာရှင်းပြလိုက်"

"ဟုတ် . . . ဟုတ်"

မဝိုင်းက တုန်တုန်ယင်ယင်နှင့် ရှင်းပြသည်။

"ညက အိပ်ခါနီး ခြေထောက်ဆေးဖို့ တွင်းထဲမှာ ရေ ကုန်းခပ်တာ ရေပုံးက ရေဆီမရောက်ဘူး၊ တစ်ခုခုနဲ့ ခံနေသလို ဖြစ်နေတယ်၊ အဲဒါနဲ့ ရေပုံးကို ပြန်ဆွဲတင်တာလည်း တင်လို့ မရဘူး၊ အောက်က တစ်ယောက်ယောက်က ပြန်ဆွဲထားသလို ဖြစ်နေတယ်၊ တပည့်တော်လည်း တစ်ခုခုနဲ့ငြိနေတယ်ထင်ပြီး ဓာတ်မီးနဲ့ ထိုးကြည့်တော့မှ"

မဝိုင်းက ကျန်တဲ့စကားကို အတော်ကြီးအားယူ၍ ဆက်ပြောလိုက်ရသည်။

"တွင်းထဲမှာ မိန်းမတစ်ယောက် ဆံပင်ဖားလျားကြီးနဲ့ မတ်တတ်ရပ်နေတယ် ဘုန်းဘုန်းရဲ့ အီး . . . ဟီး . . . ဟီး"

"ဟေ"



ဆောင်းညဖြာ သိစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၄)

"တောက်တဲ့. . . . တောက်တဲ့. . . . တောက်တဲ့"

ထုံးစံအတိုင်း အိပ်ပျော်ခါနီးအချိန် တောက်တဲ့သံတွေ ကြားနေပြီး ဒါပေမယ့် တောက်တဲ့သံလောက်ဆို အကြောင်းမဟုတ်။ တပြိုက်နက် တည်းမှာ ကြားလိုက်ရတဲ့ အသံကြောင့် နွေဦးနောင် အိပ်ချင်နေသော မျက်လုံးများ ပြူးကျယ်လာသည်။

"ဟီ. . ဟီ. . . ဟီ. . . . ခစ်. . . ခစ်"

မိန်းမတစ်ယောက်၏ ရယ်သံ။

အသံက သူအိပ်နေသော နေရာအောက်တည့်တည့်က။ နွေဦးနောင် တုန်လှုပ်သွားသည်။ ဒီအချိန်ကြီး ယောကျ်ားလေး အဆောင် အောက်မှာ ဘယ်က မိန်းမအသံလဲ။

သိချင်စိတ်နှင့် ဘေးနားမှ ဓာတ်မီးကိုယူပြီး ကျောင်းအခါးကို ဖွင့်ကာ လှေကားမှတစ်ဆင့် ဓာတ်မီးဖြင့် အောက်ကို ထိုးကြည့် လိုက်သော



www.burmeseclassic.com

www.burmeseclassic.com


အခါ. . . . .

"အို"

နွေဦးနောင် ရင်တွေပန်းတွေ တုန်သွားသည်။ ကျောင်း အောက်မှာ ဘာဆိုဘာမှ မရှိ။

အပေါ်ပြန်တက်ပြီး တံခါးဂျက်ကို ထိုးကာ ရေတစ်ခွက် အဝ သောက်လိုက်သည်။

တစ်ညလုံး ကောင်းကောင်း အိပ်မပျော်ခဲ့။

မိုးလင်းတော့ နွေဦးနောင် မေဦးနှင့် ဆုံသည်။ မေဦးလည်း မျက်တွင်းတွေ ကျနေသောကြောင့်

"မေဦး. . . ညက ကောင်းကောင်း အိပ်မပျော်ဘူးလား"

မေဦးက ထိတ်လန့်သည့်အသံလေးနှင့်

"ဟုတ်တယ် ကိုနောင်၊ ညက တစ်ညလုံး အိပ်လို့မရခဲ့ဘူး နားထဲမှာ တစ်ယောက်ယောက် လမ်းလျှောက်တဲ့အသံ ခြေသံတရှပ်ရှပ်နဲ့ ကြားနေရတယ်၊ ကျန်တဲ့ မိန်းမတွေက အကုန်လုံး အိပ်နေကြတာ၊ မေဦး ကြောက်လိုက်တာ ကိုရယ်"

နွေဦးနောင်က စိုးရိမ်ထိတ်လန့်နေပုံရသော ဇနီးသည်၏ ခန္ဓာ ကိုယ်လေးကို ရင်ခွင်ထဲပွေ့ကာ အားပေးလိုက်သည်။

"စိတ်ထင်လို့ ဖြစ်မှာပါ မေဦးရယ်၊ နောက်နေ့တွေကျရင် မီးဖွင့် အိပ်ပေါ့"

"မီးက ပုံမှန်လာတာမှ မဟုတ်ဘဲ ကိုနောင်ရဲ့၊ ဒီကျောင်းပေါ်က ညပိုင်း မီးခဏခဏ ပျက်တတ်တယ်"

"ဒါဆိုလည်း ဖယောင်းတိုင်ထွန်းပြီး အိပ်ပေါ့ မေဦးရဲ့ ဖယောင်းတိုင်


www.burmeseclassic.com

www.burmeseclassic.com



အောက်မှာတော့ သံပြားတွေဘာတွေခံပြီး အန္တရာယ်ကင်းအောင် ထွင်းပေါ့”

“ပိုဆိုးတယ် ကိုနောင်ရဲ့”

“ဟင်. . ဘာဖြစ်လို့လဲ”

မေဦးက နွေဦးနောင်ရဲ့ခါးကို တင်းကျပ်စွာ ဖက်ထားပြီး သနား စဖွယ် ပြောသည်။

“ဖယောင်းတိုင် ထွန်းလိုက်တာနဲ့ နံရံမှာ အရိပ်မည်းကြီး ပေါ်လာ တယ်၊ အဲဒီမိန်းမက ဆံပင်ဖားလျားနဲ့ ငုတ်တုတ်ကြီးထိုင်လို့”

“ဟင်”

နွေဦးနောင် ကြက်သီးများပင် ဖြန်းဖြန်းထသွားသည်။

မေဦးမောင်ကို အားပေးဖို့ မိမိကိုယ်ကို ပြန်အားတင်း လိုက်ရင်း

“မေဦး အိပ်ရင် ဘုရားစာရွတ် အိပ်နော်၊ အပါယ်လေးဘုံသား တွေကိုလည်း အမျှဝေပေး၊ တစ်ခုခုထူးခြားရင် ကိုယ့်ဖုန်းကို ချက်ချင်း ဆက်လိုက်၊ ဘယ်အချိန်ပဲဖြစ်ဖြစ် ကိုယ်လာခဲ့မယ်”

မေဦး ခေါင်းလေးညိတ်လိုက်သည်။

ဘေးနားမှာ အဖော်မိန်းကလေးတွေ ရှိနေတော့လည်း အနည်း ငယ်တော့ စိတ်သက်သာရာ ရကောင်းပါရဲ့။

* * * * *

နွေဦးနောင် စိတ်ထဲမှာ ဘဝင်မကျသည်နှင့် နေ့ခင်းဘက် ကပ္ပိယကျော်ဦးကို မေးမြန်းကြည့်မှ ပိုဆိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောကောင်းမလဲ ကိုနွေဦးနောင်ရယ်. . . . ဒီဘုန်းကြီးကျောင်းမှာ ခြောက်လိုက်တဲ့သရဲ ဒါ ပါးပါးလေးပဲ ရှိသေးတယ်၊ ကျွန်တော်တို့ဆို ကိုယ်တွေ့ကြုံရတာ ဒီထက်ကြမ်းသေးတယ်"

"ဟင်. . . . ဘယ်လို ကြမ်းတာလဲ"

"တစ်ခါကဆို ကျွန်တော် သင်္ကန်းတွေ လှမ်းနေရင်းနဲ့ လက်ကြီးနှစ်ဖက် သင်္ကန်းနောက်က ထွက်လာတယ်၊ အဲဒါနဲ့ သင်္ကန်းကို ဆွဲရုတ်ပြီး ကြည့်တော့ ဘာမှ မရှိတော့ဘူး၊ ညဘက်ဆို ရင်လည်း စကားပြောသံတွေ၊ ညည်းသံတွေ၊ ရယ်သံတွေ တစ်နေ့ တစ်မျိုး မရိုးနိုင်အောင် ကြားရတယ်"

"အဲဒီလိုဖြစ်နေတာ ဆရာတော်က ပရိတ်ရွတ်တာတို့ အမျှဝေတာတို့ မလုပ်ဘူးလား"

"လုပ်တာပေါ့၊ ဒါပေမယ့်လည်း ဆရာတော် မနိုင်ပါဘူး၊ အဲဒီနေ့က မိန်းမတစ်ယောက် ဝင်ပူးခံရတယ်လေ၊ သူက ဆရာတော်ကို ကြိမ်းလိုက်တယ်၊ ငါ့ကို မနှင်နဲ့ နှင်သာ ဒီကျောင်းက ထွက်သွားတဲ့"

နွေဦးနောင် တော်တော်လန့်သွားသည်။

"ဟာ. . . . ဒါဆို မလွယ်ဘူးပဲ၊ နေပါဦး ဒီကျောင်းမှာ အရင်က လူဘယ်နှစ်ယောက် သေခဲ့ဖူးလဲ"

"အင်း. . . . ဒီကျောင်းနဲ့ ပတ်သက်တဲ့သမိုင်းကြောင်းကို သိချင်ရင်တော့ စာကြည့်တိုက်မှူး ဦးလှအောင်ကို မေးကြည့်ဗျို့၊ သူက ပိုသိတယ်၊ ပြီးတော့ အရင်က ဒီကျောင်းမှာ ကျမ်းစာအုပ် တစ်အုပ် ရှိခဲ့ဖူးတယ်၊ အဲဒီကျမ်းထဲမှာ ပါတဲ့အကြောင်းအရာတွေကို ဖတ်ပြီး ကျွန်တော်တို့လို နောက်စာမျက်နှာတောင် ဆက်မလှန်ရဲ တော့ဘူး၊ အဲဒီလောက်ထိ ကြောက်ဖို့ကောင်းတာ၊ ဖတ်ချင်ရင် ဦးလှအောင်ဆီက ငှား"



www.burmeseclassic.com

www.burmeseclassic.com



နွေဦးနောင် စိတ်ဝင်စားသွားသည်။

"ကျမ်းထဲမှာ ဘာတွေရေးထားလို့လဲ"

"အရင်က ဒီကျောင်းလေး စတည်တုန်းက ဝိဇ္ဇာအကျင့်ကို အပြင်းအထန်ကျင့်တဲ့ ဆရာတော်ကြီးတစ်ပါး ရှိခဲ့ဖူးတယ်၊ အဲဒီ ဆရာတော်ကြီးဟာ သစ္စေ သရဲတွေကို မြင်နိုင်ပြီး ညဘက်ဆို သစ္စေသရဲတွေဟာ သူ့ဆီလာကြ၊ စကားပြောကြ၊ လိုချင်တာတွေ တောင်းဆိုကြတယ်လို့ ရေးထားတယ်၊ ကျွန်တော်တို့ ကျောင်းသားတွေဆို ဖတ်ရင်းနဲ့ ကြက်သီးဖြန်းဖြန်းထလာလို့ တစ်ဝက်တစ်ပျက်နဲ့ ပြန်ပေးလိုက်တာ၊ အစ်ကို ဖတ်ချင်ရင် ဦးလှအောင်ကိုပြောလိုက်"

နွေဦးနောင်ရဲ့စိတ်ထဲမှာ အဲဒီကျမ်းစာအုပ်ကို အရမ်း ဖတ်ချင်သွားသည်။ သူလေ့လာနေတဲ့ ပြိတ္တာအကြောင်းနဲ့ အဲဒီ ကျမ်းစာအုပ် ဖတ်လိုက်ရလျှင် ကွက်တိ။

"ပြီးတော့ ကျမ်းစာအုပ်ထဲမှာ မပါတဲ့အကြောင်းတွေလည်း ရှိတယ်၊ အဲဒီအဖြစ်အပျက်ကတော့ ကျွန်တော်တို့ မျက်မြင်ပဲဗျ"

"ဘာများလဲ"

နွေဦးနောင်ရဲ့ စိတ်ဝင်တစားအမေးကို ကပ္ပိယကျော်ဦးက အေးဘီဝဲယာ လှည့်ကြည့်ပြီး လေသံတိုးတိုးလေးဖြင့်

"ဘယ်သူ့မှတော့ လျှောက်မမေးနဲ့နော်. . . သိချင်ရင် ကျွန်တော် နောက်မှ ပြောပြမယ်၊ ဒီကျောင်းမှာ အစိမ်းသေညီအစ်မ ရှိခဲ့ဖူးတယ်၊ နာမည်က ရှယ်လီနဲ့ကေသာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

## (၈)



"သော်ကမြောင်ကျောင်းနဲ့ ကျမ်းစာအုပ်ကတော့ မရှိတော့ဘူး မောင်နွေဦးနောင်"

"ခင်ဗျာ. . . . ဘယ်ရောက်သွားလို့လဲ"

"အဲဒီစာအုပ်ကို ဖတ်ပြီး ကလေးတွေ လန့်ကုန်မှာစိုးလို့ မီးရှို့ဖျက်ဆီးလိုက်ပြီ"

ဦးလှအောင်ရဲ့စကားကြောင့် နွေဦးနောင် ခေါင်းငိုက်စိုက်ကျသွားသည်။

"ဒါဆို လမ်းစ ပျောက်သွားပြီပေါ့"

"စာအုပ်မရှိတော့ပေမယ့် မင်းသိချင်တဲ့အကြောင်းအရာတွေ ငါအတိုချုံးပြောပြလို့ ရပါတယ်ကွ"

နွေဦးနောင် မျှော်လင့်ချက်ရောင်ခြည်တွေ ပြန်သန်းသွားသည်။

"ကျွန်တော် သိချင်ပါတယ် ဦးလေး၊ ဦးလေးသိသလောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါ”

ဦးလှအောင် ခေါင်းညိတ်လိုက်ပြီး ပြောရန်ပြင်စဉ် ပတ်ဝန်းကျင် တစ်ခုလုံး မှောင်အတိကျသွားသည်။

“ဟာ. . . မီးပျက်သွားပြီ”

“ဒီမှာကတော့ ဒီလိုပဲဟေ့၊ ညပိုင်း မီးမမှန်ဘူး၊ မနက်ပိုင်းကတော့ ပြောမနေနဲ့၊ ခဏနေဦး၊ ငါ ဖယောင်းတိုင် ထွန်းလိုက် ဦးမယ်”

အသက် ၇၅နှစ်ခန့်ရှိပြီဖြစ်သော သော်ကာမြောင်ရဲ့ စာကြည့် တိုက်မှူး ဦးလှအောင်က ဘေးနားမှာ အဆင်သင့်ဆောင်ထားသော ဓာတ်မီးကို ယူကာ ဖယောင်းတိုင်နှင့်မီးခြစ် ရှာလိုက်သည်။

(အသက်ကြီးပေမယ့် လှုပ်ရှားမှုတွေက မနှေးကွေး)

ထို့နောက် ဆယ်ပေပတ်လည်ခန့်ရှိသော စာကြည့်တိုက်လေးထဲမှာ ဖယောင်းတိုင်မီး အလင်းလေးဖြင့် သက်ဝင်လှုပ်ရှားနေတော့၏။

“အရင်တုန်းက ဒီနေရာမှာ ကုလားလူမျိုးတွေ နေထိုင်ခဲ့ကြ တယ်ကွ၊ အဲဒါကြောင့် ဒီတောင်ကြီးတစ်ခုလုံးကို သိုက်ကုလားတောင်လို့ အမည်ခေါ်တွင်ခဲ့ကြတယ်၊ ဒီနေရာမှာ အခြေချနေထိုင်ခဲ့တဲ့ ကုလားလူမျိုး တွေဟာ သေတဲ့အခါလည်း ဒီတောင်ပေါ်မှာပဲ သင်္ချိုင်းလုပ်ခဲ့ကြတယ် နောက်ပိုင်းနှစ်တွေ ကြာလာတော့ ကုလားလူမျိုးတွေလည်း မြို့ပေါ် ပြောင်းတဲ့သူ ပြောင်း၊ ဒီမှာပဲ အကြောင်းအမျိုးမျိုးကြောင့် သေခဲ့တဲ့ လူတွေလည်း ရှိတာကြောင့် လူသူမရှိတဲ့ ချုံတောကြီး ဖြစ်နေတာပေါ့ ဒီနေရာကို ပထမဆုံး စရောက်တဲ့ ဆရာတော်ကြီး နာမည်က. . . . တဲ့ အဲဒီဆရာတော်ကြီးက ဒီချုံတောတွေကို ရှင်းလင်းပြီး ဝါးကျောင်းလေး တစ်ကျောင်း ဆောက်ခဲ့တယ်၊ တရားအားထုတ်ပြီး တစ်ပါးတည်း



www.burmeseclassic.com

www.burmeseclassic.com


သီတင်းသုံးတာပေါ့ကွာ၊ အဲဒီမှာ ဘာဖြစ်လဲဆိုတော့ မကျွတ်မလွတ်တဲ့ ကုလားလူမျိုးတွေဟာ ဆရာတော်ကို အမိုးမိုးနှောင့်ယှက်ကြ ကိုယ်ထင်ပြကြ လုပ်တာပေါ့၊ ဆရာတော်လည်း သူတို့ကို အမျှတန်းပေးဝေ၊ ကောင်းမှု ကုသိုလ်တွေ လုပ်ပေးတော့မှ အတော်ငြိမ်သွားတယ်ဆိုပဲ၊ နောက်ပြီး ဒီနေရာမှာ အရင်က သော်ကပန်းတွေ အရမ်းပွင့်တယ်၊ ပုပ္ပားတောင်မှာ စကားဝါက အထင်ကရဖြစ်သလို သိုက်ကုလားတောင်မှာတော့ သော်က ပန်းက တော်တော့ကို နေရာယူထားတာပဲ၊ အဲဒါနဲ့ ဆရာတော်လည်း သော်ကပန်းတွေနဲ့ ဝေနေတဲ့ ဒီလျှိုမြောင်လေးကို အစွဲပြုပြီး သူ့ကျောင်း နာမည်ကို သော်ကမြောင်လို့ အမည်မှည့်ခေါ်ခဲ့တယ်၊ အခုပွင့်တဲ့သော်ကတွေ ကတော့ အင်္ဂလိပ်သော်ကတွေပေါ့"

ဦးလှအောင်က သူ့စကားကို ခဏရပ်ပြီး သံဗူးလေးထဲက ကွမ်း တစ်ယာကို ထုတ်၍ ဝါးနေသည်။ ထို့နောက် ဆက်၍

"ဒီကျောင်းမြေကြီးထဲမှာ အရင်က သဘက်တွေ အများကြီး ရှိတယ်လို့လည်း ကြားဖူးတယ်၊ အချိန်တွေကြာညောင်းလာတော့ ကျွတ်တမ်း ဝင်သွားတဲ့ ဝေမာနိက ပြိတ္တာတွေရှိသလို ကျွတ်တမ်း မဝင်နိုင်ကြသေးတဲ့ ပြိတ္တာ တစ္ဆေ သရဲတွေလည်း ရှိကောင်းရှိ လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ ကျောင်းကြီး စတည်ကာစလို သရဲသဘက်တွေ ကြီးစိုးနေတဲ့နေရာတစ်ခုတော့ မဟုတ်တော့ပါဘူး"

ဦးလှအောင်က ပြောပြီး ထွေးခံယူ၍ ကွမ်းတံတွေး ထွေးထည့် လိုက်သည်။

"ဦးလေး ဒီမှာနေခဲ့တဲ့ ကာလတစ်လျှောက် သရဲအခြောက် ခံရတာမျိုး ကြုံဖူးလား"


www.burmeseclassic.com

www.burmeseclassic.com



ဦးလှအောင် ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း

"ဟား. . . . ဟား. . . . ဟား. . ဟား၊ သူများတွေကတော့ ပြောကြ တာပဲ၊ ငါကတော့ ဘုရားတရားနဲ့ နေတဲ့သူမို့လို့လားတော့ မသိဘူး၊ ဒီနေ့ထိ ဘာမှ မတွေ့ဘူး၊ အသက်ခုနစ်ဆယ်ကျော်လာပြီ"

"သူများတွေက ဘာတွေ့တယ်ပြောလို့လဲ"

"တစ်ခါတလေ ကျောင်းထဲက သစ်ပင်တွေက လေမတိုက်ဘဲ လှုပ်နေတာတို့ ကျောင်းပေါ်ကနေ ဇောက်ထိုးနေပြီး ခေါင်းမီးနဲ့ ကျောင်း အောက်ကို ထိုးကြည့်ရင် နားရွက်ကားကားကြီးနှစ်ဖက်ကို တစ်ဖက်က မြဲအိပ်၊ တစ်ဖက်ကအောက်ခင်းပြီး မျက်လုံးက လင်ကွင်းလောက်၊ လျှာက တစ်တောင်လောက်ထွက်နေတဲ့ သဘက်ကြီးတွေ တွေ့ရတာတို့ အစုံပါပဲ"

နွေဦးနှောင် ကြက်သီးတွေ ထောင်ထသွားသည်။

"ဦး. . . . ဦးလေးကော အဲဒီလို လုပ်ကြည့်ဖူးလား"

"ငါက နှလုံးရောဂါရှိတော့ မကြည့်ပါဘူးကွာ၊ ပြီးတော့ ခုနောက်ပိုင်း ရှိမယ်မထင်ပါဘူး၊ ငါတို့တွေ ငယ်ငယ်တုန်းက ကြားခဲ့ဖူး တာပါ"

ဦးလှအောင်ပြောတဲ့ သော်ကမြောင်အကြောင်း နားထောင်ရတာ သရဲကားကြည့်နေရသလို ကျောချမ်းလာသည်။

"အခုတော့ ကျောင်းကြီးက မင်းမြင်တဲ့အတိုင်း အကြီးကြီးဖြစ် လာပြီး မိဘမဲ့ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာပါ ဖွင့်ထားတာ သိပ်ကိုကောင်းတဲ့ လက္ခဏာပေါ့၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ကျောင်းသား တွေလည်း ဒီလိုပဲ သွားလာလှုပ်ရှားနေတာပဲ"

"ဒါဆို ဦးလေးပြောတာ ဒီကျောင်းမှာ ဘာမှ မရှိတော့ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာပေါ့”

ဦးလှအောင်က တွေးတွေးဆဆဖြင့်

“အင်း. . . . အဲဒီလိုတော့ ပြောလို့မရဘူးကွ၊ ဥစ္စာစောင့်တွေဟာ တိုယ့်ကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်ကြတယ်၊ သိုက်နန်းအတွင်းမှာ ပျော်ရွှင်စွာနေထိုင်ကြတယ်၊ သူတို့ဘဝကို သူတို့စွဲလမ်းသာယာနေကြပြီး လူတွေနဲ့ ဆက်ဆံပြောဆိုနိုင်ကြတယ်၊ လူတွေက ဖိတ်ကြားရင် တရားနာ နိုင်တယ်၊ အမျှဝေရင် သာဓုခေါ် နိုင်တယ်၊ အိပ်မက်ပေးနိုင်ပြီး ကိုယ်ထင်ပြ နိုင်တယ်၊ လူတွေကို ရွှေငွေနဲ့ တခြားပစ္စည်းတွေ ပေးကမ်းနိုင်ကြတယ်၊ ကျေးဇူးသိတတ်တယ်၊ သူတို့ဘဝကို သူတို့စွဲလမ်းသာယာနေကြတဲ့ အတွက် ကျောင်းကန် ဘုရားနဲ့နီးစပ်ပြီး လူ့ပြည်က ကုသိုလ်ပြု အမျှဝေ တာတောင်မှ ကျွတ်လွတ်သူ နည်းပါးတယ်လို့ ဆိုတယ်၊ အဲဒီတော့ ဘယ်အရာမှ ကျိန်းသေပြောလို့ မရပါဘူး”

စကားကောင်းနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန် လင်း သွားသည်။

“ဟော. . . . မီးပြန်လာပြီ”

ဦးလှအောင်က ဖယောင်းတိုင်မီးကို မှုတ်လိုက်ပြီး

“မင်းသိချင်တာတွေ မေးပြီး ငါသိချင်တာတွေ မေးမယ်၊ မင်းဖြေ အလှည့်”

“ဟုတ်ကဲ့. . . မေးပါဦးလေး၊ ဘာမေးမှာလဲ”

“မောင်ရင်က ရုပ်ပြောင်းရုပ်လွှဲပညာတတ်တယ်ဆို ဒေဦး ပြောတာ ကြားဖူးတယ်”

နွေဦးနောင် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦး. . . . အဖေက အမေရိကားမှာ တော်တော်ကျင်လည်ခဲ့တာပါ၊ သူက နိုင်ငံခြားရုပ်ရှင်ကားတွေမှာ ရုပ်ဖျက်ပညာနဲ့ မိတ်ကပ်ပြင်ပေးရတာလေ၊ ယောကျ်ားတစ်ယောက်ကို မိန်းမပုံစံဖြစ်သွားအောင် ပြင်လို့ရသလို လူတစ်ယောက်နဲ့ ချွတ်စွတ် တူတဲ့ရုပ်ကိုလည်း ပြောင်းနိုင်တယ်၊ ကျွန်တော်က အဲဒီပညာတွေကို အဖေ့ဆီက အမွေရလိုက်တာ၊ အဖေကတော့ နိုင်ငံခြားမှာပဲ ဆုံးသွားပါပြီ"

"ဒါဆိုရင်တော့ မင်းကိုပဲ အကူအညီတောင်းရမှာပဲ"

"ဘယ်လို အကူအညီလဲ ဦး"

ဦးလှအောင်ရဲ့စကားကြောင့် နွေဦးနောင် စိတ်ဝင်တစား မေးသည်။

"ငါ့ကို အသက်သုံးဆယ်လောက် ပြန်ဖြစ်အောင် ပြောင်းပေးစမ်းပါကွာ. . . . နောက်ထပ် မိန်းမတစ်ယောက် ထပ်ယူဖို့"

"ဟာ. . . ဦးလေးက အတော်နောက်တယ်"

"ဟား. . . . ဟား. . . . ဟား. . . . ဟား"

စာကြည့်တိုက်လေးတစ်ခုလုံး ရယ်သံများဖြင့် ဖုံးလွှမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

(ဆ)



ဆရာလေးတစ်ပါး ရွာထဲ ဆွမ်းခံကြွနေသည်။ သူမ၏ ကြည်ညို ဖွယ်ရာ ရုပ်လက္ခဏာကြောင့် နေ့တစ်ဝက်ကျိုးသည်အထိ ဆန် ကောင်းကောင်း မရသေး။

နေကလည်းပူ၊ ချွေးကလည်းပြန်နှင့် ဆရာလေးမျက်နှာ ပုပ်သိုး နေသည်။ ဆရာလေးက လက်မှနာရီကို ကြည့်လိုက်ရာ နေ့လည် ၁၂:၀၀ နာရီအတိ။ ခွက်ထဲမှာ ဆန်ကလည်း ဖင်ကပ်ပဲ ရှိသည်။

ဆရာလေး ခုနစ်ရက်သားသမီးအပေါင်းကို မေတ္တာပို့လိုက်သည်။

"ဟာမတွေ့. . . . စေတနာသဒ္ဓါတရားအတော် နည်းကြတာပဲ။ ဆန်က ဝါကျင်ကျင်ညှိုညစ်ညစ်နဲ့ ဘိုးတော်ဘုရားလက်ထက်တုန်းက ဆန်တွေထင်ပါ့။ ဝတ္ထုငွေလည်း တစ်ပြားမှ မရသေးဘူး"

ဒီလိုနှင့် ပိုက်ဆံအတော်အသင့် ချမ်းသာပုံရသော အိမ်တံခါးရှေ့ တတ်တတ်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကတော့ ကောင်းကောင်းကန်းကန်း လျှို့ကောင်းရဲ့။

"ဒါနဆန်များရှင်"

အိမ်ထဲမှ အဘိုးကြီးတစ်ဦး ထွက်လာသည်။

"ဘာကိစ္စလဲ မသိဘူး"

ဆရာလေး တော်တော်ပေါက်ကွဲသွားသည်။

"ဒီယူနီဖောင်းနဲ့ လာရပ်မှတော့ အလှူလာခံတာပေါ့ အဘိုးကြီးရဲ့၊ တကတဲ ရှင့်အိမ်ရှေ့ကို အားအားယားယား ဖက်ရှင်ရှိုး လာလျှောက်တယ်များ ထင်နေလား၊ နေပူလို့ ဒေါကန်နေတဲ့အထဲ သူက တစ်မျိုး"

အဘိုးကြီးက ဆရာလေးကို ခဲယယ တောင်းပန်လိုက်သည်။

"ကန်တော့ပါ ဆရာလေးရယ် . . . အလှူခံဆိုရင် ကန်တော့ပါ သေးရဲ့၊ လူကြီးတွေ မရှိလို့"

ဆရာလေး ကြောင်သွားသည်။

"ဟမ် . . . လူကြီးတွေ မရှိဘူး၊ ရှင့်ထက်ကြီးတဲ့သူ သင်္ချိုင်းကုန်းမှာ သွားရှာရမှာလား . . . ဟင်၊ ရှင်က ကလေးလား"

အဘိုးကြီးက လက်မလေး စုပ်လိုက်ပြီး

"ဟုတ်ပါတယ် ဆရာလေးရယ်၊ သားသားအသက်က ခုနှ ဆယ်နှစ်ပဲ ရှိသေးတာ၊ လူကြီးတွေက တရားပွဲသွားကြတယ်၊ သားသား အိမ်မှာ ဂိမ်းနှိပ်နေတာ၊ ချရာရေးက ဒါနချန်ပါဆိုရို့ ထွက်လာတာ ရှူကြီးတွေ ပန်ရာမှ တစ်ထောက်ရာနေဉ်၊ အထုတော့ ကန်တော့ပါတေးရှဲ့"

ဆရာလေး ကိုယ့်နဖူးကိုယ် ရိုက်လိုက်သည်။ လက်စသတ်တော့ အဘိုးကြီးက သူငယ်ပြန်နေတာပဲ၊ ပြောနေရင်းနဲ့မှ ဇာတိက ပြပြီ။

"ဩော် . . . အဖေ၊ ဒုက္ခပါပဲ၊ ဆရာလေးကို ဘာလေးသွားပြောနေ



www.burmeseclassic.com

www.burmeseclassic.com


တာလဲ၊ ငရဲတော့ ကြီးကုန်တော့မှာပဲ"

အသံနှင့်အတူ အမျိုးသမီးတစ်ယောက် အိမ်ထဲမှာ ပြေးထွက်လာသည်။

"ကန်တော့ပါ ဆရာလေးရယ်. . . တပည့်တော်မ အဖေက သူငယ်ပြန်နေလို့ပါ။ ခဏလေးနော်၊ ဘပည့်တော်မ ဆရာလေးကို လှူဖို့ ဝတ္ထုငွေ သွားယူလိုက်ဦးမယ်၊ အဖေ. . . . လာ"

အမျိုးသမီးက သူငယ်ပြန်နေသော သူမအဖေကို ဆွဲခေါ်ပြီး အိမ်ထဲဝင်သွားသည်။

ဆရာလေး နည်းနည်းတော့ ကြည်နူးသွားသည်။ ဝတ္ထုငွေ လှူမယ်ဆိုပါလား။ ပိုက်ဆံကလည်း ချမ်းသာတယ်ဆိုတော့ ဘယ်လောက်တောင် လှူမှာပါလိမ့်။

တစ်နေ့ခင်းလုံး ပင်ပန်းခဲ့သမျှ ဒီတစ်ခါတော့ အမောပြေမြိ ထင်သည်။

တွေးပြီး ပျော်နေစဉ် အမျိုးသမီး ပြန်ထွက်လာ၏။

ပြီးတော့ တစ်ဆယ်တန် အစုတ်လေးတစ်ရွက်ကို ဆရာလေးရဲ့ အလှူခံဖလားထဲ ထည့်ပြီး လက်အုပ်ချီကာ ဆုတောင်းတော့သည်။

"အခုလို တပည့်တော်မ၏ ဒီဆရာလေးကို စေတနာအပြည့်ဖြင့် တစ်ဆယ်လှူရသောအကျိုးကြောင့် ဘဝဆက်တိုင်း မရှိစကား မကြားရသူ ဖြစ်ရပါလို၏။ လူဖြစ်ရင်လည်း လူချမ်းသာ၊ နတ်ဖြစ်ရင်လည်း နတ်ချမ်းသာ၊ ချမ်းသာလွန်းလို့ ကမ္ဘာ့အချမ်းသာဆုံး Top ten စာရင်းဝင်တဲ့ နံပါတ်တစ်ဆယ်အတွင်း ချိတ်ပါစေ၊ ငွေစက္ကူပေါ်မှာ သချ်ာအကြာင်းတွက် နိုင်တဲ့အထိ ပိုက်ဆံတွေ သုံးမကုန်အောင် ပေါများပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးကတော့ ဒကာမရဲ့ ဆုတောင်းသံကို နားဆင်လိုက်၊ ကျားဖြင်ပြေးနိုက်မိတဲ့ မျက်နှာလို မီးဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့် တစ်ဆယ်တန်အစုတ်ကို ကြည့်လိုက်နှင့်။ အသားတွေလည်း တဆတ်ဆတ်တုန်လို့။

ထို့နောက် မျိုသိပ်ထားသော ဒေါသတွေကို ဆက်လက် သိမ်းဆည်းရန် မစွမ်းသာတော့ဘဲ ဒကာမ လှူထားသော တစ်ဆယ်တန်ကို အလယ်မှနေ၍ နှစ်ခြမ်းဆွဲဖြဲလိုက်သည်။

"ဗြဲ"

အမျိုးသမီး မျက်လုံး ပြူးသွား၏။

"ဆ. . . ဆရာလေး၊ ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲ. . . ဟုတ်လား၊ မြင်တဲ့အတိုင်းပဲ၊ တကတဲ လှူတဲ့ ပိုက်ဆံနဲ့ တောင်းတဲ့ဆုက မကာမိဘူး၊ ဒီတစ်ဆယ် ငါ ဘာလုပ်ရ မှာလဲ၊ ဒီနေ့ခေတ်ကြီးမှာ ပိုက်ဆံတစ်ဆယ်နဲ့ အိမ်သာတောင် တက်လို့ မရဘူး၊ ဒါ ငါ့ကို သက်သက်စော်ကားတာ၊ နောက်တစ်ခါဆို ဒီလို လူ မသုံးတဲ့ ပိုက်ဆံပမာဏလှူလို့ကတော့ ပိုက်ဆံရော လူပါ ဆွဲဖြဲလိုက်မယ်"

အမျိုးသမီးကြီး လန့်ဖျပ်သွားသည်။ မယုံကြည်နိုင်သော မျက်ဝန်းများဖြင့်

"ဆ. . . ဆရာလေးက ဘုရားသမီးတော် အစစ်ပါနော်၊ ဘယ်လောက်ပဲလှူလှူ စေတနာရှိလို့လှူတဲ့ ပိုက်ဆံကို ဆွဲဖြဲတဲ့ အထိတော့ လောဘ၊ ဒေါသ မကြီးသင့်ပါဘူး"

"ကြီးတယ်ဟေ့၊ ကြီးတယ်၊ လူဝတ်တုန်းက ငါ့လင် တစ်နေ့ ငါးထောင်အပ်တာတောင် မလောက်လို့ ပြဿနာရှာတာ၊ နှင့် တစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



နင်သေမှ ကူးတို့ခ ယူသွား"

ဆရာလေးက စိတ်ရှိလက်ရှိ ပြောပြီး ချာခနဲ လှည့်ထွက်သွ...

အမျိုးသမီးကြီး ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့သည်။ ...င်း

"ဘုရား. . . ဘုရား၊ ဒီလို သီလရှင်မျိုး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးဘူး"

ဆရာလေးကတော့ နောက်တစ်အိမ်ကို အလျှုခံ ဆက်ကြွသည်။ အသံကတော့ တစ်စက်လေးမှ သာယာပျော့ပျောင်းမှု မရှိ။

"ဒါနဆန်"

အထဲကလည်း တိုတိုပြတ်ပြတ်ပင်။

"ကန်တော့ဆန်"

ဆရာလေး တောက်တစ်ချက် ပြင်းစွာခေါက်ပြီး နောက် တစ်အိမ် ဆက်ကြွသည်။

ဒီနေ့တော့ ဘယ်အိမ်မှ အစေးမကပ်။ လူ့ဘဝတုန်းက စိတ်နဲ့သာ ဆိုလျှင် အိမ်ပါ မီးနဲ့တိုက်သည်။

ဒီတစ်ခါတော့ အသံအနည်းငယ် လျှော့လိုက်ပြီး

"ဒါနဆန်ပါ"

"ဟဲ့. . . ကလေးတွေ အိမ်ရှေ့မှာ ဆရာလေး ကြွနေတယ် ဆန်သွားခပ်ခဲ့ချေ"

ဆရာလေးက မျက်လုံးလေးမှိတ်၍ ထိုအိမ်ကို ဆုပေးလိုက်သည်။

"ဆန်များများလှူပါစေ"

အထဲမှ အသံထွက်လာ၏။

"အမေ. . . ဆန်အိုးထဲမှာ ဆန်တစ်စိမှ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အဲဒါဆိုလည်း ကန်တော့ဆန်ပါ ပြောလိုက်"

"အမေ ပြောလိုက်ဗျာ၊ သား မပြောရဲဘူး၊ ရှက်တယ်"

"ဟဲ့. . . ငါလည်း ရှက်တာပဲ၊ အဲဒီတော့ ဘယ်သူမှ မပြောနဲ့ သူ့ဘာသာသူ အချိန်တန် ပြန်ကြွသွားလိမ့်မယ်"

ဆရာလေးရဲ့ ဒေါသက မိုင်ကုန်ဆောင့်တက်သွားသည်။

"ဟဲ့ အချိန်တန်ရင် ပြန်ကြွရအောင် ငါက အချိန်ပိုင်း သီလရှင် မဟုတ်ဘူးဟဲ့၊ တကတဲ လှူတာရှိမှ လှူမှာလား၊ မရှိ ရှိတာလှူပေါ့၊ ဆန်အိုးထဲမှာ ဆန်မရှိလည်း ဆန်အိုးရှိတာပဲ၊ ငါရွက်ပြီး ပြန်လို့ရတယ်၊ ဒီလောက်တောင်ဖြစ်လှတဲ့ဟာတွေ၊ ငါဆုပေးခဲ့မယ်ဟဲ့"

ဆရာလေးပေးလိုက်တဲ့ ဆုကတော့ ခုနစ်ရက်သားသမီးအပေါင်းကို မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားစေသည်။

*xxxရန်သူမျိုးငါးပါးဟူသမျှ ဘေးနားဝိုင်းပါစေ၊*

*စည်းစိမ်ဥစ္စာ ဒီရေအလား ထိုးပြီးကျပါစေ၊*

*ကိုယ်ရောစိတ်ပါ ချိန့်ကာ ဆေးရုံရောက်ပါစေ၊*

*မိမိကောင်းမှု အကြောင်းပြု အခေါင်းဆုရပါစေxxx*

ဆရာလေးက မင်္ဂလာအပေါင်းနှင့် ခညောင်းသောဆုကို ပေးပြီး ထွက်သွားရာ လမ်းပေါ်ကလူတွေ အံ့သြတကြီးဖြင့် ဆလံသ သွားကြသည်။

အချင်းချင်းလည်း တီးတိုးတီးတိုး သဖန်းပိုးနှင့်။

"ဒီဆရာလေးက ဒေါသကြီးတယ်နော်၊ အသက်လေး ငယ်ငယ် ရွယ်ရွယ်နဲ့"

"ဒေါသကြီးဆို လူ့ဘဝတုန်းက ငွေတိုးပေးစားတာလေ၊ သူ့ပိုက်ဆံ ပြန်မဆပ်လို့ကတော့ အိမ်ရှေ့မှာ ထဘီအလဲထူပြီး ကျန်ကို ကလော်

www.burmeseclassic.com



တုပ်တာ၊ ရန်ပွဲမှာ နပန်းဖက်လုံးရင်လည်း သူချည်းပဲ၊ တလောကဆို ယောက်ျားလုပ်တဲ့သူကို ဆော်လိုက်တာ ဟက်တက်ကိုကွဲရော"

"ဟာဗျာ. . . . ဒီလောက်ဆိုးတာ ဘာလို့မြင့်မြတ်တဲ့ ယူနီဖောင်း ဝတ်ရတာလဲ၊ ကျန်တဲ့သီလရှင်တွေပါ သိက္ခာကျတော့မှာပဲ"

"ကြာကြာခံနိုင်မှာ မဟုတ်ပါဘူးဗျာ၊ စားပေါက်ချောင်မယ်ထင်ပြီး ခဏဝတ်တာနေမှာ၊ ဘယ်သူမှ ကြည့်မရတော့ သူ့ကို မလှူကြဘူး၊ သိပ် မကြာခင် ပြန်ထွက်မယ်လို့ ကျုပ်တော့ ထင် နေတယ်"

တစ်နေရာမှာ ဆရာလေး အလှူခံရာ အိမ်ရှင်က ခဏ စောင့်နော် ဆရာလေးဆိုပြီး ပြန်ထွက်မလာတာ တော်တော်ကြာသွားသည်။ စောင့်ရင်း စောင့်ရင်းနဲ့ ကြာလာတော့ စိတ်မရှည်တော့ဘဲ သည်းခံစိတ်ကုန်ဆုံး သွားရာ စိတ်ရှိလက်ရှိ အော်ပစ်လိုက်တော့သည်။

"ဟဲ့. . . . နောက်ဖေးသွားပြီး ဆန်သွားခပ်တာလား၊ မိန်းမနဲ့ သွားနှပ်တာလား၊ တကတဲ ငါ့ဒေါသကို တစ်ယောက်ပြီး တစ်ယောက် ဆွနေကြတယ်၊ မြန်မြန်ထွက်လာရင် ထွက်လာ၊ ထွက်မလာရင် ယိုင်နေတဲ့ နင်တို့ခြံစည်းရိုးကို ဖြိုပြီး ထွက်သွားမှာနော်"

ဆရာလေး၏ ကြိမ်းမောင်းသံကြောင့် အိမ်ရှင်အမျိုးသား ကမန်း ကတန်း ပြေးထွက်လာသည်။ လက်ထဲမှာလည်း နို့ဆီခွက်နှင့်။

"လာပါပြီ ဆရာလေး၊ စပါးလုံးတွေ ပါမှာစိုးလို့ တစ်စိချင်း စစ်နေရလို့ပါ"

အမျိုးသားကပြောပြီး ဆရာလေးရဲ့ ဆန်ခွက်ထဲ အားလုံး သွန်ချ လောင်းလိုက်သည်။ ဆန်စိငါးစိတိတိ။ ဆရာလေးရဲ့ဒေါသက အမြင့်ဆုံး ဒီဂရီထိ ဝုန်းခနဲ တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အကောင်. . . . . နင်က ငါ့ကို ပြောင်ချော်ချော် လာလုပ်တာလား၊ ဒီဆန်လေး သုံးလေးစိက ဘာလုပ်တာလဲ"

အမျိုးသားက ပြုံးစိစိနှင့်။

"ဪ. . . ဆရာလေးရယ်၊ ကျွန်တော်က တစ်စိချင်းဆီကို အနာမပါ၊ စင်းလုံးချောချော၊ အရောင်အသွေးတောက်မှု ရှိမရှိ စစ်နေလို့ပါ၊ ဆရာလေးက စိတ်မရှည်ဘဲ လှမ်းအော်တော့ ငါးစိပဲ ခပ်ချိန်ရလိုက်တာပေါ့"

ဆရာလေးမျက်လုံးတွေက အရောင်တွေ တလက်လက် ထလာသည်။ (ဒေါသရောင်)

"အဲဒီလောက် စစ်ရအောင် နင်လောင်းတာ ဆန်လား၊ စိန့်လား၊ ငါ့ဒေါသကို ဆွတဲ့အကောင်၊ သေပေတော့"

ဆရာလေးက သူမစီးထားသော ဖိနပ်ကိုချွတ်၍ ကောက်ပေါက်လိုက်ရာ အမျိုးသားက အိမ်ထဲသို့ တန်းပြေးလေသည်။

"ဟဲ့. . . . သေချင်းဆိုး၊ မှတ်ထား နင်နောက်ချင်တိုင်း နောက်ရအောင် ငါက အနောက်ခံတဲ့(. . . ) မဟုတ်ဘူး၊ နောက်တစ်ခါ လာစလို့ကတော့ ဖိနပ်နဲ့မပစ်ဘူး၊ ဓားနဲ့ပစ်မယ် မှတ်ထား"

ဆရာလေးက ရာဇသံပေးပြီး ထိုအိမ်ရှေ့မှ ဆောင့်ဆောင့်ဆောင့်ဆောင့်နှင့် ထွက်သွားတော့သည်။ ပါးစပ်လည်း ပွစိပွစိနှင့် မေတ္တာတွေပို့လျက်။

ထိုအချိန်တွင် ဖိနပ်စာမိသွားသော အမျိုးသားရဲ့ဇနီး အခန်းထဲမှ ထွက်လာသည်။

"ရှင်ကလည်း. . . . . ဘာလို့ နောက်တီးနောက်တောက် သွား



www.burmeseclassic.com

www.burmeseclassic.com


လုပ်တာလဲ၊ သူ့အကြောင်းလည်း မသိတာ မဟုတ်ဘဲနဲ့"

"မဟုတ်ပါဘူးကွာ. . . . လူ့ဘဝတုန်းက ငါတို့အပေါ် အမြတ်ကြီးစားခဲ့တာတွေ၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံတာတွေကြောင့် ခွင်ဝင်တုန်း နည်းနည်း ကလိလိုက်တာပါ"

အမျိုးသမီးက ခေါင်းကို ခါယမ်းလိုက်သည်။

"ရှင် အဲဒီလို မလုပ်သင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ခြုံထားတဲ့ အရေခွံဟာ ဘုရားသမီးတော်ဖြစ်တယ်၊ သူ့ရဲ့ အကုသိုလ်ဟာ သူ့ကို အကျိုးပေးလိမ့်မယ်၊ ရှင်ကသွားပြီး ဆန်သုံးလေးစိ လှူတယ်ဆိုတာ အရမ်းငရဲကြီးတယ်၊ စေတနာမပါရင် မလှူနဲ့၊ ဘာမှမဖြစ်ဘူး၊ ဒီလို ကောင်းမှုကုသိုလ်ကို ကပျက်တိကပျက်ချော် လုပ်တာ အရမ်းအပြစ်ကြီးတယ်၊ ကျွန်မ ရှင့်အတွက် ပြောတာပါ၊ နောက်တစ်ခါ ဒီလိုမလုပ်ပါနဲ့"

ဇနီးဖြစ်သူ၏ဆုံးမစကားကြောင့် အမျိုးသား အမြင်မှန် ရသွားသည်။

"ကိုယ် မှားပါတယ် မိန်းမရယ်၊ နောက်ဆို အလှူခံပုဂ္ဂိုလ် မှန်သမျှ ရှိရိုသေသေ ကပ်လှူပါ့မယ်၊ အခု ငါ့ကို လမ်းမှန် ပြပေးတဲ့မင်းကို ကျေးဇူးဆပ်တဲ့အနေနဲ့ အခန်းထဲဝင်ပြီး ဟိုဟာ လုပ်ကြစို့. . . . လာ"

"ဟမ်. . . . ဘယ်ဟာလဲ"

"မင်းကို ခုန ဇက်ကြောဆွဲပေးနေတာလေ"

"ဩော်. . . ဟုတ်သားပဲ၊ ဆက်ဆွဲကြစို့. . . . လာ"

ထို့နောက် လင်မယားနှစ်ယောက် အခန်းထဲမှာ အမှန်အတိုင်း ဆွဲကြတော့သည်။ (ဇက်ကြော)

ဆောင်းညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၈)



"တကယ်တော့ ပြိတ္တာ တစ္ဆေ သရဲတွေဆိုတာ သနားစရာကောင်းတဲ့ အပါယ်ဘုံသားတွေပဲ ဒကာ၊ လူ့ဘဝတုန်းက ကောင်းမှု ကုသိုလ်လုပ်ခွင့်မရလိုက်ဘဲ သေမှ နောင်တရရင် အချိန်မမှီတော့ဘူး၊ ဘုရားလက်ထက်တုန်းကဆိုရင် ဘုရင်ကြီးတစ်ပါးဟာ ညတိုင်း အိပ်မက်ဆိုးတွေ မက်တယ်၊ အိပ်မက်ထဲမှာ သူ့ကို ပြိတ္တာ တစ္ဆေ သရဲတွေက အမျိုးမျိုး ခြောက်လှန့်လို့ပေါ့၊ ဘုရားရှင်နဲ့ တွေ့တဲ့အခါမှ အိပ်မက်ပေးတဲ့ တစ္ဆေ သရဲတွေဟာ ဘုရင်ကြီးရဲ့ ဘဝဟောင်းက တော်စပ်ခဲ့ဖူးတဲ့ ဆွေမျိုးတွေဖြစ်မှန်း သိလိုက်ရတယ်၊ သူတို့က အမျှလိုချင်လို့ ဘုရင်ကြီးကို နေ့စဉ်ရက်ဆက် နှောင့်ယှက်နေတယ်၊ အဲဒါနဲ့ ဘုရားရှင်က ဘုရင်ကြီးကို အလှူတစ်ခု လုပ်ခိုင်းပြီး ဘဝဟောင်းက ဆွေမျိုးတွေကို အမျှဝေခိုင်းတော့မှ ကျွတ်ကုန်လွတ်ကုန်ပြီး နတ်သား နတ်သမီးလေးတွေ ဖြစ်ကုန်ကြတာပေါ့၊ ဒီဖြစ်ရပ်လေးကို သင်ခန်းစာယူပြီး ရင်းဆိုရင် အလှူတစ်ခုလုပ်တိုင်း အမြဲတမ်း ဘဝဟောင်းက တော်စပ်ခဲ့

www.burmeseclassic.com



ဒူးတဲ့ ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းကို အမျှဝေတယ်၊ ရတာ မရတာကတော့ သူတို့ကံပဲပေါ့၊ လုပ်ပေးရမှာတော့ ကိုယ့်တာဝန်ပဲလေ"

"သံဝေဂရစရာပါပဲ ဘုန်းဘုန်းရယ်၊ တပည့်တော်လည်း ဒီနေ့က စပြီး ဘုန်းဘုန်းပြောတဲ့နည်းအတိုင်း ကျင့်သုံးတော့မယ်၊ အိပ်ရာဝင်ရင် လည်း အပါယ်ဘုံသားတွေကို အမျှဝေပြီးမှ အိပ်မယ်"

"ကောင်းတာပေါ့ ဒကာ၊ သာဓု. . . သာဓု. . . သာဓု၊ နောက် တစ်ခုရှိသေးတယ်၊ ပြိတ္တာ တစ္ဆေ သရဲတွေမှာ အပုပ်နံ့ပေးခြင်းနဲ့ အမွှေးနံ့ပေးခြင်းဆိုပြီး နှစ်မျိုးရှိတယ်၊ အပုပ်နံ့ပေးတာဟာ အကူ အညီ တောင်းခံခြင်းဖြစ်ပြီး၊ ပြုခဲ့တဲ့မကောင်းမှုကံအရ ဖြစ်ပေါ်လာတဲ့ အနံ့ ဖြစ်တယ်၊ ဒါကိုလည်း လူတွေက ခြေ ာက်လှန့်တယ်လို့ ထင်ကြတယ်၊ အမွှေးနံ့ပေးတယ်ဆိုတာကတော့ ခွဲခွာခါနီး လာနှုတ်ဆက်တာလို့ ဆိုနိုင် တယ်၊ ကုသိုလ်အဖို့ဘာဂကို အမျှအတန်း ပေးဝေလိုက်လို့ သာဓုခေါ်နိုင်ပြီး ကောင်းရာမွန်ရာ ဘုံဌာနရောက်တဲ့အခါ ကျေးဇူးတင်ကြောင်း လာရောက် ပြောဆိုတဲ့အနေနဲ့ အမွှေးနံ့ပေးတာ ဖြစ်တယ်"

"ဒါနဲ့ သရဲတစ္ဆေတွေ လူကို ပူးကပ်တယ်ဆိုတာမျိုး ကျတော့ရော"

"အဲဒါကတော့ သူတို့ရဲ့ဆန္ဒကို အများသိအောင် ပြောချင်တဲ့အခါမှာ လုပ်တတ်ကြတယ်၊ ပြိတ္တာ တစ္ဆေ သရဲတွေဟာ အရုဏ်တက် လင်းအား ကြီးချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရောအချိန်၊ ညွှားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်တွေမှာ ကျက်စားသွားလာတတ်ကြတယ်၊ အဲဒီလို အချိန်တွေမှာ ပူးကပ်ခြောက်လှန့်တတ်ကြတာပေါ့၊ များသောအား ဖြင့်တော့ သူတို့တွေဟာ ကံနိမ့်တဲ့သူတွေကို ပူးကပ်တတ်ကြတယ်၊ ပူးကပ်ပုံကတော့ အပူးခံရသူဟာ ပထမဆုံး ဇက်လေးလာမယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ခနဲ လန့်သွားတာမျိုး၊ စိတ်တစ်မျိုး ပြောင်းသွားတာမျိုး၊ ခေါင်းခြေ လက်တွေ တုန်လာတာမျိုး အဲသလို တစ်ခုခုဖြစ်လာမယ်၊ ပြီးရင် မျက်ထောင့် နီနီ မျက်နှာထား တင်းမာခက်ထန်လာပြီး စကားပြော ကြမ်းတမ်းလာမယ်၊ သေကျွတောင်ဆရာတော်နဲ့ ပဏ္ဍိတဝေဒနီယ ကျမ်းမှာ ပူးကပ်ချင်တဲ့နတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲဟာ အရင်ဆုံးလူ့ရဲ့ နှလုံးသွေးကို ပိတ်၍လည်းကောင်း၊ သွေးကို ဖောက်ပြန်အောင်ပြု၍ လည်းကောင်း၊ ဘဝင်ကျစေပြီး မေ့လျော့သောခဏတွင် မိမိရုပ်ကို သိမ်မွေ့ သည်ထက် သိမ်မွေ့အောင်ဖန်ဆင်း၍ လူ၏ ကိုယ်တွင်းသို့ စိမ့်ဝင်ပုံနှံ့ စေ၏။ နို့ရည်နှင့်ရေသည် တစ်ခုအကြားတစ်ခု စိမ့်ဝင်သကဲ့သို့ နတ် သရဲအလိုကျ လှုပ်ရှားပြောဆိုသည်။ ထိုသူထွက်သွားသည့်အခါ လူ တစ်ကိုယ်လုံးရုပ်တွေ ချောင်၍ ဟာကျန်ခဲ့သဖြင့် လူမှာ မောပန်း ကျန်ရစ်ခဲ့ သည်ဆိုပြီးတော့လည်း ရှင်းလင်းထားတယ်၊ ဒါကတော့ ပူးကပ်ပုံပေါ့"

ဆရာတော်က ပြောပြီး မောသွားဟန်ဖြင့် ရေတစ်ခွက်ကို ငုံ့သောက် လိုက်သည်။

ထို့နောက်ဆက်၍

"နောက်တစ်ခုက ဖုတ်ဝင်တယ်ဆိုတာလည်း ပူးကပ်ခြင်း တစ်မျိုး ပါပဲ၊ နာတာရှည်ရောဂါသည် ဒါမှမဟုတ် ရုတ်တရက် သေဆုံးသွားတဲ့ သူတွေကို ဝင်ရောက်ပူးကပ်ပြီး အဲဒီဖုတ်ပြိတ္တာဟာ ညလူခြေတိတ်တဲ့ အချိန် အစားအသောက်နဲ့ သားငါးတွေကို ခိုးစား တတ်တယ်လို့ဆိုတယ်"

"နာနာဘာဝဆိုတာကရော သရဲတစ္ဆေပဲလား ဘုန်းဘုန်း"

"ပြိတ္တာ၊ သစ္ဆေ၊ သရဲတွေကို နာနာဘာဝလို့လည်း ခေါ်ကြတယ်၊ နာနာဘာဝဆိုတာ အထူးထူးအမျိုးမျိုးကို ပြတတ်သူလို့ အဓိပ္ပာယ်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြွှာတွေဟာ ကြီးအောင် ငယ်အောင် ဖန်ဆင်း ပြနိုင်ခြင်း၊ ဖြူအောင် ညိုးအောင် မြင်နိုင်စေခြင်း၊ ကွယ်ပျောက်အောင် ထင်မြင်အောင် ပြုနိုင်နိုင်ခြင်း၊ ခွေးယောင်၊ မြင်းယောင်၊ အယောင်ဆောင်နိုင်ခြင်း၊ အသွင်ဖန်ဆင်းနိုင်ခြင်း အစရှိတဲ့ အတွေးမရောက်နိုင်တဲ့ အဖြစ်ဆန်း၊ အမြင်ဆန်းတွေကို ပြသနိုင်တဲ့ အတွက် နာနာဘာဝလို့ ခေါ်ကြတာပေါ့”

“ဥစ္စာစောင့်ကရော ပြိတ္တာမျိုးနွယ်ထဲမှာ ပါတာပဲလား ဘုန်းဘုန်း”

နွေဦးနောင်ရဲ့အမေးကို ဉူးကောဝိဒ ခေါင်းညိတ်လိုက်သည်။

“အဘိဓမ္မာသံခိပ်ကျမ်းမှာ ဥစ္စာစောင့်တွေကို ကြီးသော ဝမ်းဗိုက်ရှိကြကုန်သော၊ ကျယ်သော၊ ပြူးသော နီသောမျက်စိ ရှိကြကုန်သော ရုတ္တိုသ်တို့ကို ကုမ္ဘဏ်ဟူ၍ ဆိုကုန်၏။ ထိုကုမ္ဘဏ် တို့ကို ယခုလောက၌ ဥစ္စာစောင့်ဟု ခေါ်ဝေါ်ကြကုန်၏။ လို့ ဖော်ပြထားတယ်၊ ဥစ္စာစောင့်တွေဟာ မြေဖုတ်ဘီလူးအနွယ်ဝင်တွေ ဖြစ်ကြတယ်၊ ကုဝေရနတ်မင်းရဲ့ လက်အောက် အတော်အတန် ဘုန်းတန်ခိုးကြီးပြီး ဘုမ္မစိုးနတ်ဘီလူးတို့ရဲ့ အအုပ်ချုပ်ခံဘုန်း တန်ခိုးနည်းပါးတဲ့ ပြိတ္တာအမျိုးနွယ်ဝင်တွေပဲ ဖြစ်ကြတယ်၊ ဘုမ္မစိုး နတ်ဘီလူးတို့စေခိုင်းတဲ့အတိုင်း မြေတွင်းထဲမှာရှိတဲ့ ဥစ္စာသိုက် တွေကို စောင့်ကြပ်ရတယ်၊ မူလရုပ်အဆင်း ဆိုးဝါးပေမယ့် လှပအောင် ဖန်ဆင်းနိုင်တယ်၊ သူတို့ဘဝကို သူတို့ စွဲလမ်းနေပြီး သိုက်နန်းထဲမှာ ပျော်နေကြတယ်၊ အမျှဝေရင် ရနိုင်ပေမယ့် သူတို့ဘဝ သူတို့ စွဲလမ်းသာယာနေတဲ့အတွက် ဘုရားကျောင်းကန်နဲ့ နီးစပ်ပြီး လူ့ပြည်က ကုသိုလ်ပြု အမျှဝေတဲ့တိုင်အောင် ကျွတ်လွတ်သူ နည်းပါး ကြတယ်လို့ ဆိုတယ်”

နွေဦးနောင် ဉူးကောဝိဒရဲ့ ရှင်းလင်းချက်တွေကို စိတ်ဝင်တစား နားထောင်နေစဉ်. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်းဘုရား . . . ဘုန်းဘုန်းဘုရား ကယ်တော်မူပါဦး"

လူတစ်ယောက် မောကြီးပန်းကြီးဖြင့် ဆရာတော်ကို အော်ခေါ်ပြီး ပြေးချလာသည်။

"ဟဲ့ . . . မောင်ကျောက်တိုင် ဘာဖြစ်လာတာလဲ၊ ရေးကြီးသုတ်ပြာနဲ့"

"ဟောဟဲ . . . ဟောဟဲ၊ တပည့်တော် ဆွမ်းစားဆောင်အောက်မှာ ဖျာလေးခင်းပြီး အိပ်နေတုန်း အပေါ်က တဒုန်းဒုန်းနဲ့ ခြေသံကြားလို့ အပေါ်မှာ ဘယ်သူလဲ၊ ဖြည်းဖြည်းလျှောက် ဒီမှာ ငါ အိပ်မက်ထဲမှာ ဝတ်မှုန်ရွှေရည်နဲ့ တွေ့နေတယ်လို့ အော်လိုက်ပါတယ်"

"ဟဲ့ . . . အိပ်မက်ထဲမှာ ဝတ်မှုန်ရွှေရည်နဲ့ တွေ့တာပါ ထည့်ပြောရသလား၊ လိုရင်းကို ပြောစမ်းဟဲ့"

ဆရာတော်က မောင်ကျောက်တိုင်ဆိုသူကို စိတ်မရှည်၍ ဟန့်လိုက်သည်။

"ဟုတ် . . . ပြောပါ့မယ် ဦးဇင်းရယ်၊ တပည့်တော် အဲဒီလို ပြောတော့ အပေါ်က တာပြန်ပြောတယ် မှတ်လဲ"

"ဘယ်သိမလဲ"

"အဲဒါနဲ့ နင် ဝတ်မှုန်ရွှေရည်နဲ့ တွေ့သလို ငါလည်း နေတိုးနဲ့ တွေ့နေတယ်ဟဲ့ လို့ အသံသြသြကြီးနဲ့ ပြန်ပြောပါတယ်၊ အဲဒါနဲ့ တပည့်တော်လည်း ဟဲ့ နေတိုးနဲ့တွေ့တာနဲ့ပဲ တဒုန်းဒုန်းနဲ့ အသံတွေ မြည်နေတယ်၊ နေတိုးက နင့်ဘာလုပ်နေလို့လဲလို့ ပြန်မေးပါတယ်"

မဟုတ်မှလွဲရော အိပ်မက်ထဲမှာ နေတိုးက အသေထိုးနေတာပဲ ဖြစ်ရမည်။ (လက်သီးနဲ့)

ဆောင်းညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး"

"အဲဒီတော့ အပေါ်က သိချင်ရင် လာတက်ကြည့်လေလို့ ပြောပါတယ်၊ တပည့်တော်လည်း ဒေါသထွက်ထွက်နဲ့ တက်ကြည့်လိုက်ရော"

မောင်ကျော်တိုင်ရဲ့ စကားကို အားလုံးက စိတ်ဝင်စားနေစဉ် ဆက်မပြောဘဲ ဆရာတော်ဘေးမှ ရေခွက်ကိုယူ၍ မော့သောက်လိုက်၏။

"ဟဲ့. . . . အကောင်၊ အဲဒါ ငါသောက်နေတဲ့ ရေနွေးခွက်ဟဲ့"

"ကိစ္စမရှိပါဘူး ဘုရား၊ တပည့်တော် မရွံတတ်ပါဘူး"

ဦးကောဝိဒ ဒေါသထွက်သွားသည်။

"တယ်၊ ငါ လုပ်လိုက်ရ သေတော့မယ်၊ ဆက်ပြောစမ်း၊ အဲဒီလို အပေါ်တက်ကြည့်တော့ ဘာတွေ့လဲ"

မောင်ကျော်တိုင်က ကြောက်ကြောက်လန့်လန့်နှင့်

"ဘာမှ မတွေ့ပါဘူး ဘုန်းဘုန်း"

"ဟေ. . . . ဒါဆို အသံတွေက"

ဆရာတော်အပါအဝင် အားလုံး မျက်လုံးပြူးကုန်သည်။

"ဟုတ်တယ် ဘုရား၊ အဲဒါကြောင့် တပည့်တော်လည်း ကြောက်ပြီး ထွက်ပြေးလာတာ၊ နေ့ခင်းကြောင်တောင်ကြီး အသံပဲ ကြားရတယ်၊ လူတစ်ယောက်မှ မရှိဘူး"

"ဟဲ့. . . . ဟုတ်ပါ့မလား၊ နင့်ကို တစ်ယောက်ယောက်နောက်ပြီး ပုန်းနေတာ ဖြစ်မှာပေါ့"

"ဦးဇင်းကလည်း. . . . တပည့်တော်ကိုယ်တိုင် အဲဒီလိုထင်လို့ သေချာလိုက်ရှာပြီးသွားပြီ၊ ဘယ်သူမှ မရှိဘူး"

ဦးကောဝိဒ တစ်ချက်မျှ စဉ်းစားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ကို. . . . အဲဒီနေရာ လိုက်ပြစမ်း”

ဒီလိုနှင့် နွေဦးနှောင်းအပါအဝင် ဆရာတော်ရော ကပ္ပိယတွေ ဒကာဒကာမတွေပါ ဆွမ်းစားဆောင်ကို လိုက်ကြည့်ရာ ဆွမ်းစားဆောင်မှာ လူတစ်ယောက်မှ မရှိ၊ တိတ်ဆိတ်နေ၏။

ကြောက်စရာကောင်းတာက ဆွမ်းစားဆောင်မှာ မိန်းမ တစ်ယောက်၏ ရွှံ့ပေနေသော ခြေရာတွေ တွေ့ရခြင်းပင်။

အားလုံး ကြက်သီးဖြန်းဖြန်း ထသွားကြသည်။

ဆရာတော်ကတော့ ဒကာမတစ်ယောက်ကို ခြေရာတွေ သုတ်ခိုင်းပြီး ဆွမ်းစားဆောင်တစ်ခုလုံးကို ပရိတ်ရေနှင့် ဖြန်း၍ အန္တရာယ်ကင်း သုတ်တော် ရွတ်ဖတ်ပေးခဲ့လေသည်။



ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၅)

နွေဦးနှောင်းတို့လင်မယား ကပ္ပိယကျော်ဦးရဲ့ဦးဆောင်မှုဖြင့် ဘုန်းကြီးကျောင်းဝန်းကျင်က ရွာလေးတွေကို လှည့်ပတ်လေ့လာခွင့် ရခဲ့သည်။

ရွာထဲက ဘုရားစေတီလေးတွေကိုလည်း ဖူးမြော်ရသည်။

အခုမှပဲ သူတို့နှစ်ဦးရဲ့ ဟန်းနီးမွန်းခရီးလေးက ချိုမြိန်သွားတော့၏။

ရွာထဲက အကြော်ဆိုင်လေးမှာ အကြော်ဝင်စားကြသည်။ လယ်ကွင်းထဲကို လျှောက်ကြည့်ကြသည်။ ရော်ဘာတောထဲက လူလေးယောက်ခန့် နားနေနိုင်သည့် အမိုးနှင့်ထိုင်ခုံလေးမှာ ထိုင်ရင်း ရောက်တတ်ရာရာ စကားတွေ ပြောကြသည်။

မေဦးကတော့ သူတစ်ခါမှ မရောက်ဖူးသည့် အရပ်ဒေသမို့ထင်ပါ့ ပတ်ဝန်းကျင်က ရှုခင်းလေးတွေ ငေးမောရင်း နုပျို လန်းဆန်းလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com


နွေဦးနှောင်းရော ဘာထူးလဲ၊ ဒီနေရာ ဒီပတ်ဝန်းကျင်က သူ့အတွက် ပထမဆုံးအတွေ့အကြုံ။

ထို့ကြောင့် ကပ္ပိယကျော်ဦး ပြောသမျှကို ခေါင်းညိတ်၍ နားထောင်နေရတော့၏။

"ဒီနေရာကတော့ တော်တော်အေးတယ်ဗျ၊ နေပြောက် မထိုးဘူး တောက်လျှောက်က ရော်ဘာပင်ချည်းပဲ၊ ရန်ကုန်က အဲယားကွန်း အအေးထက်တော့ အများကြီး သာမယ်ထင်တယ်၊ သူက သဘာဝ အအေးဓာတ်လေ"

"အဲဒါကိုတော့ မေဦးလည်း ထောက်ခံတယ်၊ ဒီနေရာ ရောက်တော့မှ အေးသွားရုံတင်မကဘူး၊ စိတ်ထဲမှာလည်း ပေါ့ပါးပြီး လန်းဆန်းသွားသလိုပဲ"

ကလေးငယ်တစ်ယောက်လို ပေါ့ပါးနေပုံရသော မေဦးကို ကြည့်၍ နွေဦးနှောင်းပါ ကြည်နူးသွားသည်။

"ပြီးတော့ ဒီမှာက တောင်ပေါ်ဖြစ်တော့ ရန်ကုန်မှာလို မပူတတ်ဘူး နေဝင်စောတယ်၊ တောင်ကြီးကွယ်နေတော့ ညနေ လေးနာရီလောက်ဆို နေရိပ်ပြီ၊ ရန်ကုန်မှာက ခြောက်နာရီလောက်ထိ နေပူတုန်းပဲ"

"အင်း. . . . အဲဒီတစ်ခုကိုတော့ တော်တော် သဘောကျတယ်၊ ဒါနဲ့ ကိုကျော်ဦး ရန်ကုန်ကို ဘယ်နှစ်ခါ ရောက်ဖူးလဲ"

"တစ်ခါတည်းပါ. . . ကျောင်းမှာ စာသင်ပေးတဲ့ကလေးတွေ ဆယ်တန်းအောင်တော့ ဆရာတော်နဲ့အတူ ရန်ကုန်မှာ လျှောက်လည် ကြတုန်းကပေါ့"

"ဆရာတော်ရဲ့ စိတ်ဓာတ်ကတော့ လေးစားဖို့ကောင်းတယ်နော်"


www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့ခေတ်ကြီးမှာ ကလေးအယောက် သုံးရာကျော်ကို ပညာသင်စရိတ်၊ နေစရိတ်၊ စားစရိတ် ထိန်းထားနိုင်တာ တော်တော်မလွယ်တဲ့အလုပ်ပဲ"

"အင်း. . . . . ဒါကြောင့်မို့လည်း ဆရာတော်ကို တစ်မြို့လုံးက လူတွေက လေးစားကြည်ညိုကြတာပေါ့၊ ဒါပေမယ့် ဆရာတော်ကို မကျေနပ်တဲ့ သူနှစ်ယောက်ကတော့ ရှိသေးတယ်"

ကပ္ပိယကျော်ဦးစကားကြောင့် နွေဦးနောင် နားလည်ရခက်သွားသည်။

"ဟင်. . . ဒီလောက် စိတ်ကောင်းရှိတဲ့ဆရာတော်ကို မကျေနပ်တဲ့ သူတွေ ရှိသေးတယ်၊ အဲဒါ ဘယ်သူတွေလဲ"

"ရှယ်လီနဲ့ကေသာဆိုတဲ့ ညီအစ်မပေါ့"

* * * * *

အတိတ်ဇာတ်ကြောင်းတွေက ကပ္ပိယကျော်ဦးရဲ့အပြောဖြင့် နွေဦးနောင်ရဲ့ မျက်လုံးထဲမှာ ရုပ်ရှင်ပိတ်ကားပေါ် အရုပ်ထင်သလို တရိပ်ရိပ် ပုံပေါ်လာသည်။

တစ်ခါက သော်ကမြောင်ဟုခေါ်သော ဘုန်းကြီးကျောင်းလေး တစ်ကျောင်း၌ အခြေသတင်းကြီးသော ရွှေမင်းသမီးလေးနှစ်ပါး ရှိခဲ့ဖူးလေသည်။ သူတို့နှစ်ယောက်မှာ ဗမာစစ်စစ်တွေ မဟုတ်ကြ။ ကုလားသွေး တစ်ဝက်ပါသော ကပြားမလေးတွေ ဖြစ်၏။ ငယ်စဉ်ကတည်းက ဘုန်းကြီးက မွေးစားထားခြင်း ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် သွေး အကြွယ်ဆုံးအချိန်မှာ ရွာထဲက ကာလသားတွေက ဘုန်းကြီး


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေပါ သူတို့ညီအစ်မနှစ်ယောက်ကို စိတ်ဝင်စားကြလေသည်။ ဝိုင်းဝန်းပိုးပန်းကြ၏။ ရုပ်ရည်ချင်း ခွဲမရအောင်တူသော အစ်မရှယ်လီနှင့် ညီမကေသာမှာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြပြီး လာရောက်ပိုးပန်းကြသူများကို သူလိုလို ငါလိုလို မျက်လှည့်ပြတတ်ကြသဖြင့် ယောကျ်ားသားတွေ အရူးဖြစ်ကြစမြဲ။ မထင်မှတ်ဘဲ သူတို့နှစ်ယောက်၏ ကံကြမ္မာကို ကံဆိုးမိုးမှောင်ကျစေမည့် နေ့တစ်နေ့က တဖြည်းဖြည်း ရှယ်လီနှင့် ကေသာဆီကို ချဉ်းကပ်ဝင်ရောက်လာခဲ့လေပြီ။

ကေသာမှာ ရောဂါဆန်းတစ်ခုကို စတင်ခံစားနေရပြီဟု သိလိုက်ရသည်။ တဖြည်းဖြည်း ခေါင်းပေါ်က ဆံပင်တွေ ကျွတ်လာသည်။ သွေးသားတွေ ခန်းခြောက်လာကာ မျက်ကွင်းတွေ ညိုလာသည်။ နှုတ်ခမ်းတွေလည်း ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ ဘယ်ဆရာမှ ရောဂါရဲ့အဖြေကို ရှာမတွေ့၊ ဆရာတော်လည်း အတတ်နိုင်ဆုံး သမားတော်ကြီးများနှင့် ပြသည်။ မထူးခြား၊ နောက်ဆုံးတော့ ကေသာရဲ့ခေါင်းပေါ်က ဆံပင်တွေ တစ်မွှေးမှ မရှိတော့ဘဲ နာမည်နှင့်မလိုက်ဖက်စွာ ခေါင်းတုံးပြောင်မလေး ဖြစ်သွားတော့သည်။

တစ်နေ့တော့ ကေသာလေး ဘုန်းကြီးကျောင်းနောက်ဘက်က သော်ကပင်တွေနားမှာ တရှုပ်ရှုပ် ငိုလျှက်။

"အဟင့်. . . . . ဟင့်. . . ရွတ်"

အဲဒီအချိန်မှာ အစ်မဖြစ်သူ ရှယ်လီက အနားရောက်လာသည်။ လက်ထဲမှာလည်း နှီးတောင်းလေးနှင့်။

ရှယ်လီက ညီမဖြစ်သူဘေးနားမှာ ဝင်ထိုင်လိုက်ပြီး စိတ်မကောင်းစွာ နှစ်သိမ့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးရယ်. . . အဲဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့၊ တစ်နေ့တော့ ညီမလေးရဲ့ရောဂါကို ပျောက်အောင် ကုနိုင်တဲ့သူ ပေါ်လာမှာပါ။ ဒီခေတ်ကြီးမှာ ဆေးဝါးတွေလည်း တိုးတက်ဆန်းပြား လာပြီပဲ"

ကေသာက အစ်မဖြစ်သူ၏ပခုံးပေါ် ခေါင်းလေးမှီရင်း ဆက်ပြောသည်။

"မမရယ်. . . . အရင်က ညီမလေးတို့ညီအစ်မနှစ်ယောက်ဟာ အလှချင်းပြိုင်ခဲ့ကြတာနော်၊ ဝတ်စုံတူများ ဝတ်လိုက်ရင် ဘယ်သူမှ ခွဲလို့မရဘူး၊ အခုတော့. . . အခုတော့ ညီမလေးဘဝက မမကို မှီဖို့နေနေသာသာ AIDS ရုပ်ဖြစ်နေပြီ မမရယ်. . . ဟင့်"

"ဒါများ ညီမလေးရယ်၊ ဆေးကုလို့ ပြန်ကောင်းသွားရင် ပြန်ပြည့်လာမှာပါ၊ အဲဒီအခါကျရင် ညီမလေးမျက်နှာက လပြည့်ကျော်တစ်ရက်မှာ သာနေတဲ့ ဖိုလမင်းကြီးလို၊ ပါကင်တောင် မဖောက်ရသေးတဲ့ ပလတ်စတစ်အိတ်ထဲက ပေါင်မုန့်လုံးကြီးလို ကြည့်ကောင်းလာမှာပေါ့"

ကေသာက ခေါင်းလေးကို ခါယမ်းလိုက်ပြီး

"တကယ်လို့ ပြန်ကောင်းလာတယ်ထားဦး ကျွတ်သွားတဲ့ ဆံပင်တွေကရော ပြန်ပေါက်လာမှာတဲ့လား၊ မသေချာပါဘူး မမရယ်၊ အရင်က ဖယောင်းသွင်းစရာမလိုတဲ့၊ ဖျော့ဖျောင်းနက်မှောင်နေလို့ ကေသာလို့တောင် မှည့်ခေါ်ရတဲ့အထိ ကောင်းခဲ့တဲ့ ညီမလေးရဲ့ဆံပင်တွေ၊ ခုတော့ ခုတော့. . . ဟင့် သပိတ်ဖင်လို ပြောင်တလင်းခါနေပါပြီ မမရယ်၊ မညည်းတာတစ်ခုပဲ ရှိတယ်"

ရှယ်လီက ညီမဖြစ်သူ၏ဖြစ်အင်ကို ဝမ်းနည်းပြီး ခေါင်းလေးကို လက်လေးနှင့် ပွတ်၍ အားပေးသည်။

"ညီမလေးရယ်၊ ပြန်မပေါက်လာတော့ရော ဘာဖြစ်လဲ၊ သီလရှင်

www.burmeseclassic.com



ဝတ်ပြီး နေလိုက်ပေါ့၊ ငါ့ညီမ ကုသိုလ်တောင်ရသေးတယ်”

ကေသာ ခေါင်းကို ခါယမ်းလိုက်ပြီး

“ဟင့်အင်း. . . ဟင့်အင်း၊ ဆံပင်မပေါက်လို့ သီလရှင်ဝတ်တယ် ဆိုတာမျိုး အဖြစ်မခံနိုင်ဘူး၊ ညီမလေး အိမ်ထောင်ပြုချင်သေးတယ် မမရယ်”

ရှယ်လီ တော်တော် စိတ်မကောင်း ဖြစ်သွားသည်။ သနားစရာ ကောင်းလိုက်တဲ့ ညီမလေး၊ တော်တော်ရှုပ်ထွေးနေတယ် ထင်ပ့ါ. . . အဲလေ တော်တော် ဝမ်းနည်းပက်လက်ဖြစ်နေတယ် ထင်ပါ့။

“အရင်က ရှယ်လီနဲ့ကေသာ ရုပ်ချင်းတူလွန်းလို့ ဘယ်သူ့ကို လိုက်ရမလဲမသိတဲ့ ယောကျ်ားတွေဟာ ခုတော့ မမဆီကိုပဲ ပြုံကျလာပြီ၊ ညီအစ်မချင်းမို့ မနာလိုမဖြစ်ပေမယ့် ကိုယ့်ဘဝကို အဆုံးစီရင်ချင်တယ် မမရယ်”

“ဒီလို မလုပ်ရဘူးလေ ညီမလေးရဲ့၊ လူဆိုတာ အသက် ရှင်နေသမျှ ကာလပတ်လုံး မျှော်လင့်ချက်ဆိုတာ ရှိသေးတယ်၊ ဒီလိုလုပ်ပါလား။ ညီမလေး သိပ်ဝမ်းနည်းနေရင် မမအနစ်နာခံပေးမယ်လေ၊ မမက ကေသာလုပ်လိုက်မယ်၊ ညီမလေးက ရှယ်လီ လုပ်လိုက်၊ ယောကျ်ားလေး တွေမေးရင် မမက ကေသာပါလို့ ပြောမယ်၊ ညီမလေးက ရှယ်လီပါလို့ပြော၊ ဒါဆို သူတို့ ကေသာကိုပဲ လိုက်ကြမှာပေါ့၊ မကောင်းဘူးလား”

ပထမတော့ အစ်မဖြစ်သူအစီအစဉ်ကို ဝမ်းသာအားရ လက်ခံမည်ဟု တွေးမိပြီး နောက်မှ သေချာပြန်စဉ်းစားမိတော့ မထူးပါဘူး။

ထို့ကြောင့် အားရပါးရ ဆက်ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပေါင့် . . . ဟင့် ဘာထူးလဲ မမရယ်၊ နာမည်ပြောင်းသွားတာပဲ ရှိမယ်၊ သူတို့ မမကိုပဲ ချစ်ရေးဆိုကြမှာပေါ့၊ နောက်ဆုံးတော့ ပောဒီက ခေါင်းတုံးမက ကတုံးမပါပဲ၊ အမည်သတ်မှတ်ချက်အရ ရှယ်လီ ဖြစ်သွားပေမယ့် လူကတော့ ရောဂါသည်ပါပဲ"

ဘယ်လိုမှ နှစ်သိမ့်မရသည့် ညီမဖြစ်သူကြောင့် ရှယ်လီ အာရုံပြောင်းရန် ကြိုးစားမိသည်။

"ညီမလေး မမ သော်ကပန်းတွေ ခူးလာတယ်၊ အရင်ကလို ညီမလေးရဲ့ ဆံပင်ပေါ်မှာ အဲလေ နားကြားထဲမှာ ပန်ပေးမယ်လေ ဘယ်လိုလဲ"

"မမရယ် . . . ခေါင်းတုံးနဲ့ ပန်း ဘယ်လို လိုက်မှာလဲ၊ ပန်း ခေါင်းတုံးကြီး ဖြစ်သွားမှာပေ့ါ"

"မဖြစ်ပါဘူး ညီမလေးရယ်၊ ပန်း ခေါင်းတုံးဖြစ်ရအောင် ညီမလေးက မော်တော်ကားတာယာမှ မဟုတ်တာ၊ ပန်လိုက်ပါ"

"မမပဲ ပန်ပါ မမရယ်၊ မမနဲ့ဆို အရမ်းကိုလိုက်မှာ၊ သော်ကပန်း လေးကလည်း နီနီရဲရဲလေး၊ မမနှုတ်ခမ်းလေးကလည်း နီနီရဲရဲလေး"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ညီမလေးရယ်၊ မမတို့ညီအစ်မ နှစ်ယောက် အမြဲပဲ တစ်ယောက်နဲ့တစ်ယောက် ပန်ပေးနေကျလေ၊ ဘာလဲ ညီမလေးက မမကို မချစ်တော့ဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ၊ ချစ်တာပေါ့မမရယ်၊ ညီမလေးမှာ တွယ်တာစရာဆိုလို့ မမတစ်ယောက်ပဲ ရှိတဲ့ဟာ"

"ချစ်ရင်ပန်ရမယ်"

"ဒါဆိုလည်း ပန်ပါ့မယ် မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီက သူမရဲ့နှီးတောင်းထဲမှ သော်ကပန်းတစ်ပွင့်ကို ယူပြီး ကေသာရဲ့နားကြားထဲမှာ ထိုးထည့်ပေးလိုက်သည်။

ကေသာက အားလျော့စွာ ပြုံးလိုက်ပြီး

"ဘယ်လိုလဲ မမ၊ ခေါင်းတုံးနဲ့ပန်း လိုက်ရဲ့လား"

"လိုက်တာပေါ့ ညီမလေးရယ်၊ ညီမလေးက သိပ်လှတာပဲ"

သေပန်းပွင့်မယ့်ရုပ် ဟုတော့ ညီမဖြစ်သူကို ရှယ်လီ မပြောရက်ခဲ့။

"ကဲ. . . . မမ၊ မမရဲ့ စိတ်ဆန္ဒအတိုင်း ညီမလေး ပန်ပြီးပြီ၊ အခု ညီမလေးကို မမဆိုနေကျ သီချင်းလေးဆိုပြ"

"ဆိုပြမှာပေါ့ ညီမလေးရယ်. . . မမဆိုပြမှာပေါ့။ ကဲ. . . နားထောင်နော်"

ကေသာက ခေါင်းလေးညိတ်လိုက်ပြီး အစ်မဖြစ်သူရဲ့ ပခုံးပေါ် ခေါင်းလေးမှီထားလိုက်သည်။

ရှယ်လီရဲ့ သာယာငြိမ့်ညောင်းသော သီချင်းသံလေး စတင်ထွက်ပေါ်လာ၏။

♫ လဝန်းလေးနဲ့ တူတယ်. . . မေ့ကိုလားကွယ်၊ အသည်းထဲစွဲနေပါသတဲ့ သူညာတယ်၊ ချစ်ခွင့်ပန်ချစ်စကားလေးတွေမှာကွယ်၊ စမ်းကျရေစီးသံ တေးအသွယ်သွယ်၊ အလှပန်းသည်း မြည့ာမှာ ဝေ့လည်ဝေ့လည် သူ့အချစ်လိပ်ပြာငယ်လေး လာနေတယ်၊ ဘဝတစ်သက်တာ ခိုနားဖို့ကို ကြံရွယ် ချစ်မေတ္တာအဖြေ ခက်သားကွယ် ♫

♫ ကင်နာတာရယ်၊ ရင်မှာအမြဲကွယ် သူ ဒါပဲ ပြောပြောနေတယ်၊ မြတ်နိုးမှုမှာ သဒ္ဒါကြွယ် ချစ်သည်း၊ နှင်းလာလည်းကွယ် မိန်းမသားမှာ ဆွေးရတယ် တကယ်ပဲ သူ့ကြောင့်သားရေး ခက်တယ်

www.burmeseclassic.com


ခက်တယ် နှလုံးသားမေတ္တာ ဆိုလည်း ယုံရန်မလွယ်၊ အပြုံးရိပ်မှာ ခဏာပန်းလှတာ မလိုတယ်. . . စဉ်းစားကာ နေရဦးမယ် စဉ်းစားကာ နေရဦးမယ်. . . . ♪

သီချင်းသံဆုံးသွားသောအခါ ကေသာက အစ်မဖြစ်သူရဲ့ ပါးပြင်လေးကို ခပ်ဖွဖွ နမ်းလိုက်သည်။

သိပ်ချစ်ကြတဲ့ ညီအစ်မပါပေ။

တစ်နေ့တော့ မြို့မှ ရောက်လာသော ဆရာဝန်တစ်ယောက်က ကေသာရဲ့ရောဂါကို ကုသဖို့ တောက်တဲ့အသည်းနှလုံးနှင့် စမ်းသပ်ချင်ဟု ပြောလာသည်။ ထို့အတွက် ဘုန်းကြီးကျောင်းက တောက်တဲ့တွေ ဆရာတော်ထံ အလှူခံသည်။ ဆရာတော်က မပေး။ ရှယ်လီရော ကေသာပါ ဆရာတော်ထံ ဒူးထောက် တောင်းပန်သည်။ ဆရာတော်က တုတ်တုတ်မျှ မလှုပ်။ ဆရာဝန်ကိုယ်တိုင် မိန်းကလေးတစ်ယောက်ရဲ့ ဘဝအတွက် တောက်တဲ့နှင့်လဲလှယ်ရန် ခြေသလုံးဖက် တောင်းပန်သည်။ ချေ။ ကေသာ့ဘဝအတွက် နောက်ဆုံးနည်းလမ်းဖြစ်သောကြောင့် ဆရာတော်၏ခြေဖမိုးကို ဦးခိုက်ကာ ဖင်ဘူးတောင်းထောင်အောင် အသနားခံကြသော်လည်း ဆရာတော်က လက်မခံ။ နောက်ဆုံးတော့ သက်လျှော့လိုက်ကြရလေသည်။

ကေသာတစ်ယောက် စိတ်ထောင်းလို့ ကိုယ်ကြေဖြစ်ရပြီ။

အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည် ခဲ့သည် အထိ သူမဘဝကို စိတ်နာသွားခဲ့သည်။ ညီမဖြစ်သူ၏ အဖြစ်ဆိုးကို မြင်ခဲ့ရပြီး နာရီပိုင်းအတွင်းမှာပင် ရှယ်လီလည်း သော်ကပင်မှာ ကြိုးဆွဲချပြီး သတ်သေသွားလေ၏။

*ဆောင်းညပြာ ဆိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်မနှစ်ယောက်၏ အုတ်ဂူလေးမှာ ယခုထက်တိုင် ဘုန်းကြီးကျောင်း နောက်ဘက်က သော်ကပင်တွေကြားမှာ ရှိနေသေးလေသည်။

ရှယ်လီနှင့်ကေသာ၏ အတိတ်ဇာတ်ကြောင်းကို နားဆင်ပြီး နွေဦးနောင်တို့လင်မယားပင် ဂရုဏာသက်သွားသည်။

"ဆရာတော်က ဘာကြောင့်များ တောက်တဲ့တွေကို အထိမခံရတာလဲ"

"ဟုတ်တယ်နော်၊ တကယ်ဆို လူတစ်ယောက်ရဲ့ဘဝထက် ဒီတောက်တဲ့တွေက ဘာများ အရေးပါလို့လဲ"

မေဦးမောင်ပင် သူ့ဘကြီးဘုန်းကြီးကို ဘဝင်မကျဖြစ်နေပြီ။

"ဒါပေါ့ မမေဦးရယ်. . . .တကယ်ဆို ဘုန်းကြီးကသာ ခွင့်ပြုလိုက်ရင် သူတို့ညီအစ်မနှစ်ယောက်လုံး ဒီလိုဖြစ်စရာအကြောင်းမရှိဘူး၊ အခုတော့ မသေခင်မှာ သူတို့စွဲသွားတာက ဆရာတော်ကြောင့်လို့ ထင်သွားကြတယ်ထင်ပါရဲ့၊ တစ်ခါတလေ သော်ကပန်းပင်တွေနားမှာ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် မတ်တတ်ရပ်နေတတ်တာ တွေ့ရသလို တစ်ခါတလေ မိန်းကလေးတွေ ဝင်အပူးခံရပြီး ကျောင်းထိုင်ဘုန်းကြီးကို မကျေနပ်ဘူး၊ တောက်တဲ့တွေ မပေးဘူး၊ ကျောင်းက ထွက်သွားဆိုပြီး အော်အော်ပြောတာ ကြုံရတယ်"

ကပ္ပိယကျော်ဦးစကားကြောင့် အသားတွေ တဆတ်ဆတ် တုန်သွားသော မေဦးရဲ့လက်ကလေးကို နွေဦးနောင်က အားပေးသည့်အနေဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

ကပ္ပိယကျော်ဦးကိုလည်း လှမ်းဟန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ဦး. . . . ကျွန်တော့်ဇနီးရှေ့မှာ စကားကို မဆင်မခြင် မပြောပါနဲ့ဗျာ၊ ပြောချင်ရင် ကျွန်တော်နဲ့ နှစ်ယောက်တည်းကျမှ ပြော"

"ဆောရီးဗျာ၊ ကျွန်တော် မှားသွားတယ်၊ အပြန်ကျမှ ရှယ်လီနဲ့ ကေသာရဲ့ အုတ်ဂူကို ပြဦးမယ်"

ကပ္ပိယကျော်ဦးပြောတဲ့အတိုင်း အပြန်လမ်းမှာတော့ အနောက်ဘက်လမ်းကြားရှိ ခြုံနွယ်ပိတ်ပေါင်းတွေကြားထဲ ရှယ်လီနှင့် ကေသာရဲ့ အုတ်ဂူကို ယှဉ်လျက်သား တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# (ည)



ညရဲ့ မှောင်မိုက်မှုက အမည်းရောင် ဖြစ်နေသည်။

မေဦးတို့ အမျိုးသမီးဆောင်မှာ ဟာသကားထိုင်ကြည့်ပြီး တဟီးဟီး တဟားဟားနှင့် ပွဲကျနေကြစဉ်

"ဟီး. . . . ဟီး. . . ဟီး. . . . ဟီး"

"ဟဲ့ ကောင်မ ဘယ်လိုအသံကြီးနဲ့ ရယ်နေတာလဲ"

"ငါ. . . မရယ်ပါဘူး၊ နင် ရယ်တာမဟုတ်လား သူများကို လာမလွှဲချနဲ့"

"အောင်မာ. . . . ငါရယ်ရင် သူများကို စွပ်စွဲမလားဟဲ့"

"ဒါဆို ဘယ်သူရယ်တာလဲ"

တရားခံကို ရှာမတွေ့။ ဒီအတိုင်းပဲ ထားလိုက်ကြပြီး တစ်ခါတွင် ဟာသကားထဲမှ မင်းသား၏ ရူးကြောင်ကြောင် လုပ်ကွက်ကြောင့် ထရယ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . . ဟား. . . . ဟား"

သူတို့ရယ်သံ ဆုံးသွားသောအခါ

"ဟင်း. . . . ဟင်း. . . . ဟင်း. . . . ဟင်း"

"ဟဲ့. . . လုပ်ပြန်ပြီ. . . ဘယ်သူ့အသံကြီးလဲ"

"မသိဘူး. . . ဘာသံကြီးနဲ့ ရယ်နေတာလဲဟယ်"

"မနောက်ကြပါနဲ့ဟယ်. . . . အေးအေးဆေးဆေး ကြည့်ကြပါ"

တတိယအကြိမ်မြောက်

မင်းသားက မင်းသမီးကို လမ်းလယ်ခေါင်မှာ စာပေးနေချိန်တွင် ရည်းစားစာနှင့် အသုဘဖိတ်စာ မှားပေးမိသော အခန်းကို ခွက်ထိုး ခွက်လန် ရယ်ကြပြန်သည်။

"ဟား. . . . ဟား. . . . ဟား. . . . ဟား"

နောက်ဆက်တွဲအသံ

"ဟဲ. . . ဟဲ. . . ဟဲ. . . . ဟဲ"

"ဟဲ့ဟဲ့. . . ဘာသံကြီးတုန်း၊ ဘယ်သူလုပ်နေတာလဲ"

ဒီတစ်ခါတော့ အသံက အင်မတန် ကျောချမ်းစရာကောင်း နေသည်မို့ ဟာသကားပေါ် အာရုံမရောက်တော့ဘဲ အချင်းချင်း ပူးကပ် ကုန်သည်။

မေဦးလည်း ကြောက်ကြောက်လန့်လန့်နှင့် ဟိုဟိုဒီဒီ လှော်ကြည့်ရင်း

"အ"

ကြက်သီးဖြန်းဖြန်းထပြီး မျက်လုံးပါ ပြူးသွားသည်။

အဘယ့်ကြောင့်ဆိုသော် ပြတင်းပေါက်မှာ မြင်လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်တစ်ခုကြောင့် လန့်ဖျပ်ပြီး ကတုန်ကရင် ဖြစ်သွားခြင်းပင်။

"မေဦး. . . . . မေဦး ဘာဖြစ်လို့လဲဟင်"

"ဟို. . . . ဟိုမှာ"

မေဦး လက်ညှိုးထိုးပြရာနေရာသို့ အားလုံး ဝိုင်းကြည့်လိုက်ကြသောအခါ. . . .

ခေါင်းတုံးပြောင်ပြောင်နှင့် မိန်းမတစ်ယောက် ပြတင်းပေါက်ပေါင်ပေါ် လက်ကြီးတစ်ဖက်တင်ပြီး အထဲကို လှမ်းကြည့်နေလေသည်။

မှောင်မှောင်မည်းမည်းထဲမှာ မီးရောင်ဖြင့် မြင်လိုက်ရသော မြင်ကွင်းကြောင့် အကုန်လုံး သတိလက်လွတ်ဖြစ်ပြီး ထဘီမနိုင် ပဝါမနိုင် အခန်းထဲ ပြေးဝင်ကြတော့၏။

ပါးစပ်မှလည်း

"ကယ်တော်မူကြပါရှင့်. . . . . သရဲ. . . . . သရဲ"

* * * * *

"ကိုနောင်. . . . . . မေဦး အိမ်ပြန်တော့မယ်၊ ဒီမှာ မနေရဲတော့ဘူး"

"ဘာဖြစ်လို့လဲ မေဦးရယ်၊ ဒီမှာ ပျော်ဖို့ကောင်းပါတယ်၊ ကျောင်းကြီးကလည်း အကျယ်ကြီး၊ အရိပ်အာဝါသလည်း ကောင်းမှကောင်း၊ ရှခင်းတွေကလည်း လှမှလှ၊ ဘယ်လောက် အဆင်ပြေလဲ"

"ဒါတော့ ဒါပေါ့ ကိုနောင်ရယ်၊ ဒါပေမယ့် သရဲခြောက်တယ် မနေ့ညကလည်း မေဦးနားမှာ အိပ်နေတဲ့ မိန်းမတစ်ယောက် သရဲပူးခံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သရဲပူးတယ်"

"ဟုတ်တယ်၊ အိပ်နေရာက ရုတ်တရက် ထထိုင်ပြီး ဆံပင်ဖားလျားနဲ့ ဒူးကြီးထောက် လမ်းလျှောက်နေတာ၊ တဒုန်းဒုန်းနဲ့ အသံကြားလို့ မေဦးလည်း အိပ်ရာကလန့်နိုးပြီး မြင်ရော ကြောက်လိုက်တာ တအားပဲ၊ ဘေးနားကမိန်းမတွေကို နှိုးလိုက်တော့ သူတို့လည်း လေးငါးယောက် ဝိုင်းချုပ်တာ မနိုင်ဘူး၊ နောက်ဆုံး ပရိတ်ရေနဲ့ လှမ်းပက်မှ ငြိမ်ပြီး ပြန်ထွက်သွားတယ်"

"ယောင်ပြီး ထလျှောက်တာရော မဖြစ်နိုင်ဘူးလား မေဦးရယ်"

နွေဦးနောင်က ဇနီးဖြစ်သူ အကြောက်ပြေစေရန် ဖြေပြီးဖေါ့ပြောသည်။

"ကိုနောင်ကလည်း၊ ယောင်ပြီး ထလျှောက်တာဆိုရင် ဘေးနားတမိန်းမတွေ ဝိုင်းချုပ်တာ ဘာလို့ မနိုင်တာလဲ၊ ငါးယောက်နဲ့ တစ်ယောက်အား၊ ပြီးတော့ မျက်လုံးပြူးကြီးနဲ့ မေဦးကို စောင်ကြည့်နေတာ၊ အီး. . . . ပြောရင်း ကြက်သီးတောင်ထတယ်"

"မေဦးရယ်. . . . အဲဒါမျိုး ကိုယ့်ဆီကို ဖုန်းဆက်လိုက်တာမဟုတ်ဘူး၊ ကိုယ်လာခဲ့မှာပေါ့"

"ဖုန်းက ကဒ်ကုန်နေပြီ ကိုနောင်ရဲ့"

အဲဒီအချိန် အနောက်မှ ခြေသံတွေ ကြားရသဖြင့် လှည့်ကြည့်မိလိုက်ကြသည်။

ထိုအခါ လူတွေ တစ်ယောက်ပြီးတစ်ယောက် တစ်နေရာသို့ဦးတည်ပြီး ကမန်းကတန်း ပြေးလွှားနေကြသည်ကို တွေ့လိုက်ရ၏။

ထူးဆန်းနေသဖြင့် နွေဦးနောင်နှင့်မေဦးမောင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ တစ်ယောက် ကြည့်လိုက်ကြရင်း

"နောင်ကြီးတို့. . . . ဝရုန်းသုန်းကားနဲ့ ဘာလို့ ဒီလောက်အလောတကြီး ဘယ်ကိုသွားနေကြတာလဲ၊ ဘယ်နေရာမှာ ဘာဖြစ်လို့လဲ"

နွေဦးနောင်က အလျင်စလိုပြေးသွားနေသည့် လူတစ်ယောက်ကို လက်တို့ပြီးမေးရာ ထိုလူက အပြေးမရပ်ဘဲ လှည့်အော်ပြီး ဆက်ပြေးသည်။

"ခင်ဗျား မသိသေးဘူးလား၊ တာဝတိံသာက နတ်သမီးနဲ့ ဘုန်းကြီးဦးလာဘ စကားတွေပြောနေတယ်ဆိုလို့ သွားကြည့်မလို့"

နွေဦးနောင် စဉ်းစားရ ကြပ်သွားသည်။

"ဘာလဲဟ. . . . မိုးပေါ်က နတ်သမီးနဲ့ လူ့ပြည်က ဘုန်းကြီး စကားတွေ ပြောနေတယ်၊ ဟုတ်ပါ့မလား"

မေဦးက အရမ်းကို စိတ်ဝင်စားသွားသော မျက်လုံးနှင့် ခင်ပွန်းဖြစ်သူကို ကြည့်ပြီး

"သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com

## (၄)



ကျောင်းသင်္ခမ်းလေးတစ်ခုထဲမှာ ဦးလာဘဆိုသောဘုန်းကြီးတ ဘုရားစင်အောက်တည့်တည့်မှာ ထိုင်ရင်း သူ့ရှေ့တည့်တည့်မှ တစ်ကိုယ်လုံး တုန်ခါနေသော သီလရှင်တစ်ဦးကို မေးခွန်းတွေ မေးနေသည်။

ထိုသီလရှင်မလေးမှာ အလွန်တရာမှ အသံသေးအသံကြောင် နိုင်လှသော မနဲ့လေးသံမျိုးဖြင့် ဦးလာဘဆိုသော ဘုန်းကြီး မေးသမျှတို ဖြေသည်။ ပြီးတော့ သူသိချင်တာကိုလည်း ပြန်မေးသည်။

နွေဦးနောင်တို့ဇနီးမောင်နှံက နောက်ဆုံးနေရာမှာ ကြပ်ကြပ် သပ်သပ်ဖြင့် ပြည့်လျှံနေသော လူတွေကြားထဲ ဝင်ထိုင်လိုက်၏။

အရင်ဆုံး ဘေးနားမှ မိန်းမကြီးကို မေးမြန်းစူးစမ်းကြည့်ရာ

"ရှူး တိုးတိုး၊ တာဝတိံသာက နတ်သမီးက ဟိုဘက်ကျောင်းက သီလရှင်မလေးကို ဝင်ပူးပြီး ဦးလာဘနဲ့ အမေးအဖြေ လုပ်နေတာ အရမ်းထူးဆန်းတယ်၊ နားထောင်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးပြောသော နတ်သမီးဝင်ပူးခံရသည့် သီလရှင်မှာ ဦးလာဘရှေ့၌ တစ်ကိုယ်လုံးတုန်ခါနေသော သီလရှင်မလေး ဖြစ်ဟန်တူသည်။

သူမက လူနားမလည်နိုင်သော ဘာသာစကားတစ်ခုဖြင့် ပြောသည်။

"အရာဘရ၊ အရာဘရဟာ လပမ သတစအက ကကနတ ဘတက တပဖပသလ"

"အဲဒါ ဘာပြောတာလဲဟင်"

မေဦးက နားမလည်သဖြင့် ဘေးနားမှ မိန်းမကြီးကို မေးသည်။

"အဲဒါ မာဂဓလို ပြောနေတာ ကပ္ပိယက ဘာသာပြန်ပေးလိမ့်မယ် ကြည့်နေ"

သီလရှင်၏မေးခွန်းဆုံးသွားသည်နှင့် ကပ္ပိယဆိုသူက ဘာသာပြန်ပေးသည်။ ကပ္ပိယကတော့ အခြားသူမဟုတ်။ နွေဦးနောင်နှင့် စကားတွေပြောဖြစ်သော ကျော်ဦးပင် ဖြစ်သည်။

ကျော်ဦးက သီလရှင်မလေး၏စကားကို နားထောင်ပြီး ဦးလာဘကို တစ်ဆင့် ဘာသာပြန်ပေးသည်။

"အရှင်ဘုရားတဲ့. . . အရှင်ဘုရားဟာ လူ့ပြည်မှာ သူတော်စင် အကျင့်ကို ကျင့်နေတဲ့ ဘုန်းတော်ကြီးတစ်ပါး ဖြစ်ပါသလားတဲ့"

ထိုအခါ ဦးလာဘက သူ့ရဲ့ အသံဝါဝါကြီးနှင့်

"ဟုတ်တယ်လို့ ပြောလိုက်ကွာ"

ကျော်ဦးက ဘာသာပြန်ပေးသည်။

"ဟတ"

ဦးလာဘက ဆက်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com


"သင်ကရော တာဝတိံသာနတ်ပြည်က ခေမာသီနတ်သမီး ဆိုတာ အမှန်ပဲလား"

ကျော်ဦးက သီလရှင်အား ဝင်ပူးထားသော နတ်သမီးကို ဘာသာ ပြန်ပေးသည်။

"သကရ တဝတသာနပက ခမသနသမဆတ အမပလ"

နတ်သမီးက ပြန်ဖြေသည်။

"အမပပ မဥကလက ခမသလမက ကဇက ဘရတရတ၀ တဆလသသတ ခမသနသမပ ကနသလသမမဖ လပရလ ခဖတ အရဘရလ သလသမက ကနအမမနပတ"

"အမှန်ပါပဲ. . . မြောက်ဥက္ကလာက ခေမာသီလမ်းမကြီး ဘေးဇူးကြောင့် ဘုရားတရားတပြီး ကားဆောင့်လို့ သေသွားတဲ့ ခေမာသီ နတ်သမီးပါ၊ ကျွန်ုပ်သိလိုသမျှမေးဖို့ လူ့ပြည်ရောက်လာခြင်း ဖြစ်တယ်၊ အရှင်ဘုရားလည်း သိလိုသမျှကို ကျွန်ုပ်အား မေးမြန်းနိုင်ပါတယ်တဲ့"

"သင်သိချင်တာ အရင်မေးပါ နတ်သမီး၊ သင့်မေးခွန်းတွေကို ကျွန်ုပ်သိသမျှ ဖြေပေးပါ့မယ်"

"သသခတ အရမပ နသမ သမခတက ကနသသမ ဖပပဖ"

"အရဆသခတက အရဘရတလပက လတဟ ငပ သလတ ဆကပသလတ"

"အရင်ဆုံး သိချင်တာက အရှင်ဘုရားတို့ လူ့ပြည်က လူတိုင်းဟာ ငါးသီလကို စောင့်ထိန်းကြပါသလားတဲ့"

"မထိန်းပါဘူး နတ်သမီး၊ အားလုံး အရက်ဆိုင်မှာ စုဝေးနေကြ ပါတယ်၊ အခုဆိုရင် မိန်းမတွေတောင် ပုလင်းကိုင်ကုန်ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com


"မထပဘ နသမ အလ အရဆမ စဝနကပါတ အခဆရ မမတတ ပလကကပပ"

"ဒက နပမ သရခခနရတက ဉပနတက ဉပစဏပ သလ"

"ဒါကြောင့် နတ်ပြည်မှာ သရဲခြောက်ခံနေရတာကိုးတဲ့၊ ဉပုသ်နေ့ တိုင်းကော ဉပုသ်စောင့်ကြပါသလား"

"အနည်းစုကတော့ စောင့်ပါတယ်၊ အများစုကတော့ KTV၊ မာဆက်၊ နိုက်ကလပ်မှာ အချိန်ကုန်ကြပါတယ်"

"အနစကတ စပတ အမစကတKTV၊ မဆ နကလမ အခကကပတ"

"နပွမ ဒမမရဘ လုတက တရမမဖ ဆမပပ အရဘရ လပမရတ မမတနတရလလ အခကနရ နပကနသမလလလတန ဝရပလမ အဒတ ထမရစဆသလ စသတက စခပဘရ"

"နတ်ပြည်မှာ ဒါမျိုးမရှိဘူး၊ လူတွေကို တရားမမေ့ဖို့ ဆုံးမပေးပါ အရှင်ဘုရား၊ လူ့ပြည်မှာရှိတဲ့မိန်းမတွေနဲ့ တရား လက်လွှတ် အချိန်ကုန် နေရင် နတ်ပြည်က နတ်သမီး လှလှလေးတွေနဲ့ ဝေးရပါလိမ့်မယ် အဲဒီတော့ ထောင်မြင်ရာစွန့်ဆိုသလို စွန့်သင့်တာကို စွန့်ခိုင်းပါဘုရားတဲ့"

"ဘာကြောင့် လူ့ပြည်က ယောကျာ်းသားတွေ နတ်ပြည်ရောက်ဖို့ အလိုရှိနေပါသလဲ အသင်နတ်သမီး"

"ဘက လပက ယကသတ နပရဖ အလရနပသ အသနသမ"

"နပမ ယကရလပ အရဘရ နသတယက နသမတ လ ဝခနရတန ကအလမရတလ အခလ လပထ စရရ အရတပ

www.burmeseclassic.com



ယကတက အရဆသမအစ တရပ သစခပတ”

“နတ်ပြည်မှာ ယောကျ်ားတွေရှားလို့ပါ အရှင်ဘုရား. . . နတ်သားတစ်ယောက်ကို နတ်သမီးတစ်ထောင်လောက်က ဝိုင်းချစ်နေရတာနဲ့ ကိုယ့်အလှည့်မရောက်တော့လို့ အခုလို လူ့ပြည်ထိ စည်းရုံးရေးဆင်းရတာပါ၊ ဖြစ်နိုင်ရင် ယောကျ်ားတွေကို အရက် ဆိုင်သွားမယ့်အစား တရားပွဲ သွားစေချင်ပါတယ် တဲ့”

“ဒါဆိုလည်း လူ့ပြည်မှာ ငါးပါးသီလ မလုံတဲ့ ယောကျ်ားတွေကို တာမေသုမိစ္ဆာနဲ့ သုရာမေရယဆိုတဲ့ ကံနှစ်ပါး Discount ချပေးပြီး နတ်ပြည်ခေါ်လို့ မရဘူးလား အသင်နတ်သမီး”

“ဒဆလ လပမ ငပသလမလတ ယကတက‘ကမသမစန္ သရမရယဆတ ကနပ Discount ခပပ နပခလ မရဘလ အသနသမ”

“နပဆတ City mart မဟပ အရဘရတ ပတ ဘရဟခတ ဘရဆတ ကလခသလ ပပလလ မရပဘတ မကနရ လသလပတ”

“နတ်ပြည်ဆိုတာ City mart မဟုတ်ပါ အရှင်ဘုရားတဲ့၊ ပြီးတော့ ဘုရားဟောခဲ့တဲ့ တရားဆိုတာ ကိုယ်လိုချင်သလို ပြုပြင်လို့လည်း မရပါဘူးတဲ့၊ မကျေနပ်ရင် လဲသေလိုက်တဲ့”

ဉာဏလာဘ မျက်လုံး ပြူးသွားသည်။

“ဟေ. . . . ငါ့ကို ပြောတာလား”

“မဟုတ်ပါဘူး၊ ငါးပါးသီလကို ဈေးဆစ်ချင်တဲ့သူတွေကို ပြောတာပါ”

“ဒီကိစ္စက မလွယ်ဘူး ခေမာသီနတ်သမီး၊ ခုခေတ် ယောကျ်ားတွေက မိန်းကလေးတစ်ယောက်ဆီက အဖြေရတာနဲ့ ခွေးဘတ်ခင်းဖို့ထိ

www.burmeseclassic.com


ကြံရွယ်ကြသလို မိန်းမတွေကလည်း အပေး အကာမ်းရက်ရောကုန်ကြပါပြီ ဖြီးတော့ ယောကျ်ားတိုင်းက သောက် သောက်စားစား လူမင်းသားဆိုပြီး အရိုးထဲစွဲနေကြပြီ ပြောရခက်ပါတယ်"

"ဒကစက မလဘ ခမသနသမ ခခယကတက မကလ တယဆက အဖရတန ခဇခဖထ ကရကသလ မမတကလ အပအကရရကကပပ ပတ ယကတက သသစစ လမသဆပ အရထစနကပ ပရခပတ"

"လမသ ဖခရတ ခစပဥဗထ ဝဇဖ ဆတမသ ရလမ အရဘရ ဒပမ သသစစလရနတ လမသဘဝ မရနဘ လဘဝက ပဝစဖဆတ မလဘ"

"လူမင်းသားဖြစ်ချင်ရင်တော့ ခင်စံပယ်ဦးဗိုက်ထဲ ဝင်စားဖို့ ဆုတောင်းမှသာ ရလိမ့်မယ် အရှင်ဘုရား၊ ဒါပေမယ့် သောက် သောက်စားစား လုပ်ရုံနဲ့တော့ လူမင်းသားဘဝ မရနိုင်ဘူး၊ လူ့ဘဝကို ပြန်ဝင်စားဖို့ဆိုတာ မလွယ်ဘူးတဲ့"

"လူမင်းသားဆိုတာ မင်းသားလူမင်းကို ပြောတာမဟုတ်ဘူး နတ်သမီး၊ ဒါနဲ့ နတ်သမီးက လူမင်းကိုလည်း သိတာပဲလား"

"လမသဆတ မသလမက ပတမဟဘ နသမ ဒန နသမထ လမကလ သတပလ"

"အရကတ မသပဘရ တရစခဝနတ ယဂအဖက နယထ လမရပသမတ ဘလစတအက အသယစရကတအက ပနတ နတရနနကလလ စစပသခရတပ ဘရ"

"အရင်ကတော့ မသိပါဘုရား . . . တရားစခန်းဝင်နေတဲ့ ယော


www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးနှစ်ယောက်က လူမင်းရဲ့ ပါးသိုင်းမွှေးတွေ ဘယ်လောက် စိမ်းတဲ့အကြောင်း၊ အသည်းယားစရာကောင်းတဲ့အကြောင်း ပြောနေကြတာ နတ်တို့ရဲ့နားနဲ့ ကြားလိုက်လို့ စုံစမ်းပြီး သိခဲ့ရတာပါဘုရား”

“ဪ. . . . ဒါဆိုရင် အသင်နတ်သမီးကရော လူမင်းရဲ့ ပါးသိုင်းမွှေးနဲ့ ပတ်သက်လို့ ထင်မြင်ချက် တစ်စုံတစ်ရာ ရှိပါသလား”

“ဒဆရ အသနသမကရ လမရပသမန ပသလ ထမခ တစတရ ရပသလ”

“မဆပဘ ခပတတ ဒပမ တဝတသကန လပက ဘကတကလရတ လမပသမအက ဆနဖ မပာတအတ တခ မခတမပ အရဘရ”

“မဆိုးပါဘူး . . . ခန့်ပါတယ်တဲ့၊ ဒါပေမယ့် တာဝတိံသာ ကနေ လူ့ပြည်ကို တကူးတကလာရတာ လူမင်းပါးသိုင်းမွှေးအကြောင်း ဆွေးနွေးဖို့ မဟုတ်တဲ့အတွက် တခြားမေးခွန်းတွေ မေးပါ အရှင်ဘုရားတဲ့”

“ကောင်းပြီ နတ်သမီး. . . . ဒါဆို ကျွန်ုပ်မေးမယ်၊ သင်တို့ နတ်ပြည်ကို ကျွန်ုပ်တို့လူ့ပြည်ကလူတွေ လေယာဉ်ပျံနဲ့ ရှာဖွေပါသော်လည်း မတွေ့ပါ၊ ဒုံးပျံ၊ ဂြိုလ်တု၊ ဆက်တလိုက်နဲ့ ရှာဖွေပါသော်လည်း စကြာဝဠာ အနှံ့ ရှာဖွေ မတွေ့ပါ၊ ဘယ်အရပ်မှာ နတ်ပြည်တည်ရှိပါသလဲ”

“ကပနသမ ဒဆ ကနမမ သတနပက ကနတလပကလေတ လယ အန ရဖပသလ မတပ ဒပ ဂတ ဆတလန ရဖပသလ စကဝဠအန ရဖ [illegible]ပ ဘအရမ နပတရပသလ”

“နပတရရက အရယမလနမသ မနပလမဘရ လဘသမတ ဘတလတ မလနကတ ဘလနနမမနပါ ထအတက နပမသမအတ



www.burmeseclassic.com

www.burmeseclassic.com



အကဆနလမ သတကအကကခသ ဖပတ"

"နတ်ပြည်တည်ရှိရာကို အရိယာမျက်လုံးနဲ့မှသာ မြင်နိုင်ပါလိမ့် မယ်ဘုရား၊ လောဘ၊ ဒေါသ၊ မောဟမကင်းတဲ့လူတွေ မျက်လုံးနဲ့ကတော့ ဘယ်လောက်နီးနီး မမြင်နိုင်ပါ။ ထို့အတွက်ကြောင့် နတ်ပြည်မြင်ချင်သူ များအတွက် အကောင်းဆုံးနည်းလမ်းမှာ သူတော်ကောင်းအကျင့်ကျင့် ခြင်းသာ ဖြစ်ပါတယ် တဲ့"

"သဘောပေါက်ပါပြီ နတ်သမီး၊ ဒါဆိုရင် တလောက နော်ဝေ နိုင်ငံမှာ မြေကျင်းတူးရင်း အောက်ထဲက ငရဲအော်သံတွေ ကြားရတယ် ဆိုတာ ဘယ်လိုအကြောင်းကြောင့်ပါလဲ၊ သင်တို့နတ်တွေ တန်ခိုးဖြင့် လုပ်ထားခြင်းလော"

"သဘပပပ နသမ ဒဆရ တလက နဝနငမ မကတရ အထက ငရအသတ ကရတဆတ ဘလအကကပလ သတနတ တခဖလထခလ"

"အဒလမဟပဘ အရဘရ လတရအကသကမမက သဘဝတရကက အခပခလခလခသ ဖပတ အခဆရကမဆတအနန ရဘ မဘ လဘ မဘ အစရတ သဘဝဘအနရတ သခပပ လတ အသဆန သကကပပ"

"အဲဒီလိုမဟုတ်ပါဘူး အရှင်ဘုရား. . . လူတွေရဲ့ အကုသိုလ် ကြီးမားမှုကြောင့် သဘာဝတရားကြီးက အချက်ပေးခေါင်းလောင်းခေါက် လိုက်ခြင်းသာ ဖြစ်ပါတယ်၊ အခုဆိုရင် ကမ္ဘာဆေးတဲ့အနေနဲ့ ရေဘေး မီးဘေး၊ လေဘေး၊ မြေဘေး အစရှိတဲ့ သဘာဝဘေးအန္တရာယ်တွေ သင့်ခဲ့ပါပြီ၊ လူတွေ အသေဆိုးနဲ့ သေကုန်ကြပါပြီ တဲ့"

လူတွေအားလုံး နတ်သမီးရဲ့စကားကြောင့် လန့်သွားကုန်သည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အသေကောင်းနဲ့ သေအောင် အခုကစပြီး လူတွေ တရားရစေဖို့ နတ်သမီးက လူ့ပြည်ရောက်ခိုက် ဆုံးမပေးသွားပါဦး. . . လို့"

"ဒဆရ အသကနသအ အခကစပ လတတရရစဖ နသမက လပရခ ဆမပသပဥ"

"ဘကတ လတကဆမလမရတ တပတမတလ အရငပက မကနတ နမမတ မတနပ"

"ဘုန်းကြီးတောင် လူတွေကို ဆုံးမလို့ မရတာ၊ တပည့်တော်မတို့လို အာရုံငါးပါးက မကင်းနိုင်တဲ့ နတ်မိမယ်တွေ မတတ်နိုင်ပါ တဲ့"

"ဒါဆိုရင်လည်း ကောင်းပြီ အသင်နတ်သမီး၊ အခုနေ သင် ဝင်ဖူးသားတဲ့ သီလရှင်မလေးကိုယ်ကနေ ခွာပြီး မူလနတ်သမီးရုပ်သွင် ကိုယ်ထင်ပြစေခြင်းငှာ စွမ်းနိုင်ပါသလား"

"ဒဆရလ ကပ အသနသမ အခန သဝပထတ သလရမလကကန ခပ မလနသမရသ ကထပစခင စနပသလ"

"စနပတ သသလ သရသက မသရ ယကသတ ရသကမမလ အကမရပတ"

"စွမ်းနိုင်ပါတယ်တဲ့၊ သို့သော်လည်း သူ့ရုပ်သွင်ကို မြင်သွားရင် ယောက်ျားသားတွေ ရူးသွပ်ကုန်မှာမို့လို့ အကျိုးမရှိပါ တဲ့"

"အားပါးပါး အဲဒီလောက်တောင်ပဲလား၊ သင့်ရဲ့အလှဟာ ဘယ်ရွေ့ ဘယ်မျှရှိပါသလဲ နတ်သမီး၊ တစ်ခုခုနှင့် နှိုင်းယှဉ်ပြပါ"

"အပပ အဒလတပလ သရအလဟ ဘရဘမရပသလ နသမ တခခန နယပပ"

"တပတမရအလက နယပမဆရဖ လပ အခအထ



www.burmeseclassic.com

www.burmeseclassic.com



လမမတယ၏ ဝလစလကကမသ ယကသ ရအစနမ တအခဘသကသ တပတမ၏ မနကမသ မရမဖ ထဝလစလလမမက မပနပတ”

“တပည့်တော်မ၏အလှကို နှိုင်းယှဉ်ပြမယ်ဆိုရင်ဖြင့် လူပြည်က အချောအလှ လူမိန်းမတစ်ယောက်၏ ဝတ်လစ်စလစ်ကိုယ်ကိုမြင်သော ယောက်ျားသည် ရင်အစုံနှစ်ခွာ တုန်အောင်ခုန်ဘိသကဲ့သို့ တပည့်တော်မ၏ မျက်နှာကိုမျှသာ မြင်ရုံဖြင့် ထိုဝတ်လစ်စလစ် မိန်းမကို မေ့ပစ်နိုင်ပါတယ်တဲ့”

“အိုး. . . မျက်နှာတစ်ခုတည်းမြင်တာတောင် အဲဒီလောက်ဆို လူပြည်က မိန်းမတွေလိုသာ ဝတ်စားဆင်ယင်လိုက်ရင်. . . ဂလု”

အုန်းအုန်းကျွက်ကျွက် ကြည့်နေသော လူပရိသတ်များထဲမှ တဏှာရာဂ ပြင်းထန်သော အမျိုးသားများ၏ ကြိတ်မနိုင်ခဲမရ တံတွေးမျိုချသံဖြစ်သည်။

“လှပမှုအပေါင်း သရဖူဆောင်းနိုင်သော ခေမာသီနတ်သမီး မိန်းမတစ်ယောက်ရဲ့အလှဆုံးအချိန်ဟာ ရေချိုးနေတဲ့အချိန်လို့ လူ့ပြည်မှာ ဆိုကြပါတယ်၊ သင်တို့နတ်ပြည်မှာကော နတ်သမီးတစ်ယောက်ရဲ့ အလှဆုံး အချိန်ဟာ ဘယ်အချိန်ဖြစ်ပါသလဲ”

ပရိသတ်ထဲက အသံထွက်လာသည်။

“ဘုန်းကြီးကလည်း ဘာတွေ မေးနေမှန်းမသိဘူး၊ Lotion လိမ်း နေတဲ့အချိန် ဖြစ်မှာပေါ့”

“အို. . . နတ်ပြည်မှာ Lotion ရှိပါသလား”

“မပြောနိုင်ဘူးလေ၊ ခုခေတ်က အင်တာနက်ခေတ်ကြီးပဲဟာ”

ဉူးလာဘ၏အမေးကို ကပ္ပိယကျော်ဦးက ဘာသာပြန်ပေး လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လပမအပ သရဖဆနသ ခမသနသမ မမတယရအလဆအခဟ ရခနတအခလ လပမဆကပတ သတနပမက နသမတယရအလဆ အခဟ ဘအခဖပသလ"

"အဒအဖကသခရ ကတနပရအ ကစပ ဘရ ပလရ လတပသမ စလ ကငနပ ဆဆထပရစ"

"အဲဒီအဖြေကို သိချင်ရင် ကိုယ်တိုင် နတ်ပြည်ရောက်အောင် ကြိုးစားပါ ဘုရားတဲ့၊ ပြောလိုက်ရင် လူတွေပေါ့သွားမှာစိုးလို့ ကြော်ငြာနဲ့ပဲ ဆွဲဆောင်ထားပါရစေ တဲ့"

"ကောင်းပြီ နတ်သမီး သင့်မှာ မေးစရာ ရှိပါသလား"

"ကပ နသမ သမ မစရ ရပသလ"

"မစရမရပ အရဘရ ဒပမ မစရတရပတ တပတ တဝတသဏ မပခ လသတက နဆမခခပတ"

"မေးစရာတော့ မရှိပါအရှင်ဘုရား၊ ဒါပေမယ့် မှာစရာတော့ ရှိပါတယ်၊ တပည့်တော် တာဝတိံသာကို မပြန်ခင် လူသားတွေကို နောက်ဆုံးမှာခဲ့ချင်ပါတယ် တဲ့"

"မှာနိုင်ပါတယ် နတ်သမီး၊ ကျွန်ုပ် လူသားတွေကို တစ်ဆင့် ပြန်ပြောပေးပါ့မယ်"

"မနပတ နသမ ကန လသတက တဆပပပမ"

"တခတ မဟပဘ လပလရမ ဘရပတ နကရဆတ ကထတ သတ နပက သကမ ကဖတရပတ ဘဖလလဆတ မဏမဖတသခတတ ဘရရသသနတက ဂပထတတသတ မဟဘ ခခ Hip Hop အခဘတ ပလဆ လဆထတ မကဝမနသ သခတဖနလပ အဒက သတမ ကဖတ

www.burmeseclassic.com



ပပ ဖကနလ သမတ မခနတပဘ”

“တခြားတော့ မဟုတ်ပါဘူး၊ လှူပြည်လှူရွာမှာ ဘုရားပွဲတွေ နှစ်ကျိပ် ရှစ်ဆူတွေ ကထိန်တွေ လုပ်တိုင်း နတ်ပြည်က သိကြားမင်း ကျောက်ဖျာ တင်းရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မဏ္ဍပ်မှာဖွင့်တဲ့ သီချင်းတွေဟာ ဘုရားရဲ့ သာသနာတော်ကို ဂုဏ်ပြုထားတဲ့ တေးသားတွေ မဟုတ်ဘဲ ခုခေတ် Hip Hop အဆိုတော်တွေ ပေါက်ပန်းလေးဆယ် လျှောက်ဆို ထားတဲ့ မကြားဝံ့မနာသာ သီချင်းတွေ ဖြစ်နေလို့ပါ တဲ့၊ အဲဒါကြောင့် သိကြားမင်း ကျောက်ဖျာတွေပူပြီး ဖင်ကျိန်းနေလို့ သာဓုတောင် မခေါ်နိုင် တော့ပါဘူးတဲ့”

“ကောင်းပြီ နတ်သမီး၊ ကျွန်ုပ် ဒီအချက်ကို အင်တာနက်ကနေ တစ်ဆင့် တစ်ကမ္ဘာလုံးသိအောင် သတိပေးလိုက်ပါ့မယ်၊ စိတ်ချနေပါ နောက်တစ်ကြိမ် ဘုရားပွဲမှာ သရုပ်ပျက်သီချင်းတွေ ဖွင့်သံကြားရင် အဲ နေရာကို ဝရဇိန်လက်နက်နဲ့သာ ပစ်ခွင်းလိုက်ပါတော့”

“ကပ နသမ ကနဒအခက အတနကနတဆ တကမလသ သတပလပမ စခနမ နတက ဘရပမ သရပသခတ ဖသကရ အဒန ဝရဇလနနသာ ပခလပတ”

“ဒဆရ သစခရပပတ တဝတသက ပတမမလ ဘဘက မ ဥသက ခခပပ”

“ဒါဆိုရင် သူစိတ်ချရပါပြီတဲ့၊ တာဝတိံသာကို ပြန်တော့မှာမို့ ဘုန်းဘုန်းကို မပြန်ခင် ဦးသုံးကြိမ် ချခွင့်ပြုပါတဲ့”

“ချစေ ချစေ”

“ခစ ခစ”

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com


ဦးလာဘထံမှ ခွင့်ပြုချက်ရသောအခါ သီလရှင်မလေးက တစ်ကိုယ်လုံး နတ်ပူးသလို (အခုလည်း ပူးနေတာပဲ) တုန်ရင်း ကုန်း တန်တော့သည်။

ပါးစပ်မှလည်း

"ဦးတော်. . . . ဦးတော်. . . . ဦးတော်"

"နတ်သမီးလေးကလည်း ဦးတော်ကျတော့လည်း ပီသားဟ"

သုံးကြိမ်ပြည့်သောအခါ သီလရှင်မလေးမှာ ကြမ်းပြင်ပေါ်မှ ပြန် မထနိုင်တော့ဘဲ တဆတ်ဆတ် တုန်ခါနေသော ခန္ဓာကိုယ်လည်း ရပ်တန့် သွားသည်။

"ဟာ. . ထွက်သွားပြီ ထင်တယ်"

မှန်ပါသည်။ ထွက်သွားပါသည်။ မာဂဓဘာသာစကားကို တဆင့် ပြန်ပေးနေသော ကပ္ပိယကျော်ဦး မအောင့်နိုင်ဘဲ လူထုပရိသတ်အလယ်မှာ အီးထွက်သွားခြင်းဖြစ်သည်။

"ဘူ"

အားလုံး နှာခေါင်းပိတ်လိုက်ကြသည်။ ကပ္ပိယကျော်ဦး ရှက်ရှက်နှင့် ပြေးသွားရာ ကိုရင်လေးတွေ ဝိုင်းရယ်ကြသည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

ဦးလာဘ သီလရှင်မလေးခေါင်းကို လက်နှင့်ပွတ်ပေးလိုက်ရာ ပြန်ထလာသည်။

"အရှင်ဘုရား. . . တပည့်တော်မ ဘာဖြစ်သွားတာလဲဟင်"

"နင် ငါ့ဆီမှာ တရားခွေလာငှားရင်းနဲ့ သတိလွတ်သွားတာပါ ဘာမှ မဖြစ်ဘူး"

www.burmeseclassic.com



"ဒါ. . . ဒါဆို ဒီလူတွေကရော ဘာလို့ ဝိုင်းကြည့်နေတာလဲ"

သီလရှင်မလေး လူအုပ်ကြီးကို ကြည့်၍ မေးလိုက်ခြင်း ဖြစ်သည်။

"နောက်မှ ရှင်းပြမယ်၊ အခု အားလုံး ပြန်နိုင်ကြပါပြီ၊ ဆရာလေး အနှောက်အယှက်ဖြစ်နေမှာ စိုးလို့"

ဉူးလာဘ ထိုသို့ပြောလိုက်သောအခါ အားလုံး အလျှိုလျှို ထ ပြန်ကုန်သည်။ လမ်းမှာလည်း လူတွေက ထိုအဖြစ်အပျက်ကို ပြောမဆုံးတော့။

နောက်နေ့ကစပြီး ဉူးလာဘ၏ကျောင်းသခ်မ်းလေးမှာ ဒကာ ဒကာမတွေနဲ့ ပြည့်လျှံနေပြီး လာဘ်လာဘရွှင်နေတော့၏။

⚓⚓⚓



www.burmeseclassic.com

www.burmeseclassic.com



## (၄)

သော်ကမြောင်ကျောင်းရဲ့ အနောက်ဘက်အုတ်ဂူလေး နှစ်လုံးပေါ်တွင် ဖြစ်သည်။

ညကြီးသန်းခေါင်ယံ လရောင်အောက်မှာ မိန်းမနှစ်ယောက်ငုတ်တုတ်ထိုင်ပြီး စကားပြောနေကြ၏။

တစ်ယောက်က ဆံပင်ရှည်ကို အဖြောင့်ဆွဲထားပြီး တစ်ယောက်က ခေါင်းတုံးဖားလျား ချထားသည်။

သူတို့နှစ်ယောက်ကတော့ အခြားသူများမဟုတ်။ သေဆုံးသွားပြီးဖြစ်သော ရှယ်လီနှင့်ကေသာပင်ဖြစ်သည်။

ကေသာကစတင်၍

"မမရယ်. . . မမက သရဲဘဝရောက်နေတာတောင် လှနေတုန်းပဲနော်၊ ညီမလေးက သရဲဘဝရောက်တာတောင် လူရှိန်အောင်ဆံပင်ဖားလျားချပြီး မခြောက်နိုင်ဘူး၊ ခေါင်းတုံးပြောင်ပြောင်ကြီးနဲ့ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ လူတွေအတွက် ကြောက်စရာမဖြစ်ဘဲ ရယ်စရာဖြစ်နေပြီလား မသိဘူး မမရယ်”

ရှယ်လီက ညီမဖြစ်သူကို နှစ်သိမ့်သည်။

“မဟုတ်တာ ညီမလေးရယ်၊ သရဲမတော်တော်များများက ဆံပင်ဖားလျားချပြီးပဲ ခြောက်ကြတာ၊ အခု ညီမလေးက ခေါင်းတုံးနဲ့ ခြောက်တာဆိုတော့ ဆန်းတာပေါ့၊ ဒီခေတ်ကြီးမှာ သူများနဲ့မတူဘဲ တမူထူးခြားမှ နာမည်ကြီးတာလေ၊ အခုဆိုရင် နာနာဘာဝလောကမှာ ညီမလေးက ခေါင်းတုံးပြိတ္တာဆိုပြီး ပေါ်ပြူလာဖြစ်နေပြီ၊ ဒါနည်းနည်းနောနော စန်းမှ မဟုတ်ဘဲ၊ ခေါင်းတုံးနဲ့ နာမည်ကြီးတာ ရုပ်ရှင်လောကက ချီးဗူးနဲ့ သရဲလောကက ကေသာနှစ်ယောက်ပဲ ရှိသေးတယ်၊ ဂုဏ်ယူလိုက်ပါ ညီမလေးရယ်”

ထိုအခါမှ ကေသာ ကျေနပ်သွား၏။

အစ်မဖြစ်သူ၏ဆံပင်လေးတွေကို ကိုင်ကြည့်လိုက်ပြီး

“လူ့ဘဝတုန်းက မမဆံပင်လေးတွေက အဖျားလေးတွေကော့ပြီး လှိုင်းထနေပါသေးတယ်၊ အခုဖြောင့်ပြီး စင်းနေပါလား၊ ဘယ်ဆိုင်မှာ လုပ်လိုက်တာလဲ”

“ပြိတ္တာမင်းကြီးက မမတို့လို ပရလောကသားတွေအတွက် အန်တီဖုတ်ပြူတီဆလွန်းဆိုပြီး ရန်ကုန်မြို့က လမ်း ( ) မှာ ဖွင့်ပေးထားတယ်လေ အဲဒီက ဖုတ်အခြောက်မတွေဆီမှာ ဝင်ဖြောင့်လာတာ၊ တစ်နှစ်အာမခံတယ် ညီမလေးရဲ့၊ အခုဆိုရင် ရွာထဲက ကျတ်မတွေ၊ တစ္ဆေမတွေ၊ ဥစ္စာစောင့်မတွေတောင် အဲဒီဆိုင် ရောက်ကုန်ကြပြီ”

“အားကျလိုက်တာ မမရယ်. . . မမတို့ကတော့ ဖြောင့်နိုင်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com


ညီမလေးမှာတော့ ဖြောင့်စရာ ဟိုအမွေးပဲ ကျန်တော့တယ်၊ ဟင့်. . . ဟင့်. . . ဟင့်. . . ချိုင်းမွေး”

ကေသာလေးက ပြောရင်း သူမမျက်နှာကို လက်ဝါးနှင့် အုပ်၍ ချုံးပွဲချ ငိုတော့သည်။

ညီမဖြစ်သူ ငိုသည်ဆိုတော့လည်း ရှယ်လီက မကြည့်ရက်။ ကေသာရဲ့ ပါးပေါ်က မျက်ရည်တွေကို လက်နှင့် သုတ်ပေးလိုက်ပြီး

“ညီမလေး ဘာမှ အားမငယ်နဲ့တော့ အခု ညီမလေးတို့လို ဆံပင်မရှိတဲ့သူတွေအတွက် ဆံပင်စိုက်လို့ရတဲ့ နည်းစနစ်တွေ ပေါ်နေပြီ၊ အင်္ဂလန်က ဘောလုံးသမားရွှန်းနီတောင် အရင်ထိပ်ပြောင်ဘဝကနေ အခု ဆံပင်ပြန်ပေါက်ပြီး ကြည့်ကောင်းနေပြီ၊ ဟိုတစ်နေ့က ဘောလုံးပွဲမှာဆို ဘေးခွဲလေးခွဲပြီး ချထားတာများ ချစ်စရာလေး”

“ညီမလေး ကြားဖူးတာကတော့ ဆံပင်စိုက်တယ်ဆိုတာ ကိုယ့်အနောက်က ဆံပင်ကိုယူပြီး အရှေ့မှာ ပြန်စိုက်တာလို့ ကြားဖူးတယ်၊ ခု ညီမလေးက တစ်ခေါင်းလုံး ပြောင်နေတာဆိုတော့ ဘယ်အမွေးကို သွားယူရမှာလဲ မမရယ်”

“ရှိတဲ့အမွေးကို ယူပေါ့ ညီမလေးရဲ့ ချိုင်းမွေးတို့ ဘာတို့ ပြောပါတယ်”

“မမရယ်. . . ချိုင်းမွေးလေးနှစ်ပင်သုံးပင်နဲ့ သွားစိုက်တော့ မုဆိုးမ အိမ်နောက်ဖေးက မြက်တွေလို တစ်နေရာတည်းမှာပဲ စုပြီး ကွက်ကွက်လေး ဖြစ်နေမှာပေါ့ ကြည့်မကောင်းပါဘူး”

ကေသာရဲ့စကားကြောင့် ရှယ်လီ အကြံအိုက်ရပြီ။

ညီမဖြစ်သူအတွက် ဘယ်လို အကောင်းဆုံးနည်းလမ်း ရှာရမလဲ


www.burmeseclassic.com

www.burmeseclassic.com



ဟု စဉ်းစားကြည့်တော့

"ဟာ. . . ဟုတ်ပြီ ဒီလိုလုပ်"

"ဘယ်လို လုပ်ရမှာလဲ"

ကေသာရဲ့ မျက်နှာလေး မျှော်လင့်ချက်ရောင်ခြည် သန်းသွား၏။

"ဒီကျောင်းကို လာလည်တဲ့ ဧည့်သည် နွေဦးနှောင်းကို သိတယ် မဟုတ်လား"

နွေဦးနှောင်းဆိုသော အသံကြောင့် နွေဦးနှောင်း မျက်လုံးတွေ ပြူးကျယ်လာသည်။

တကယ်တော့ သူက အစောကြီးကတည်းက သစ်ပင်အကွယ်မှ နေ၍ အုတ်ဂူပေါ်က သရဲမနှစ်ယောက်ရဲ့ စကားသံတွေကို ခိုးနားထောင် နေခြင်း ဖြစ်သည်။

ကေသာက ခေါင်းညိတ်လိုက်ပြီး

"သိတယ်လေ. . . . မေဦးမောင်ရဲ့ ယောက်ျား မဟုတ်လား ဒီကိစ္စက သူနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ပတ်သက်တာပေါ့ ညီမလေးရဲ့ မမပြောပြမယ်၊ဟိုးတစ်နေ့က သူ့ကို ခြောက်ဖို့ဆိုပြီး အဆောင်ပေါ်အတက် ကိုယ်တော်ချောက ဖင်ပေါ် ခေါင်းပေါ်နဲ့ အိပ်နေတာများလေ မမဖြင့် မျက်စိတောင် ရှက်တယ်"

ကေသာက ပြုံးစိစိဖြင့်

"အဲဒါနဲ့ တစိမ့်စိမ့် ထိုင်ကြည့်နေတယ်ဆိုပါတော့"

"တယ်. . . ဒီကောင်မလေး ကိုယ့်အစ်မကို အဲဒီလို ပြောစရာလား"

ရှယ်လီက ညီမဖြစ်သူ၏ ခေါင်းတုံးပြောင်ပြောင်ကို လက်သီးဆုပ် လေးနှင့် ခပ်ဖွဖွလေး ထုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အား. . . . နောက်တာပါ မမရဲ့၊ မမက သူ့ကိုခြောက်ဖို့ သွားတာ ခု သူခြောက်တာ ပြန်ခံရပြီး ပြေးလာတာကိုး၊ ကေန္တ လက်နက်ကြီး တွေ့လာလို့ထင်တယ်"

"မဟုတ်ဘူး ညီမလေးရဲ့၊ မမ သူ့ကို သေချာမြင်လိုက်တာ အမွေးတွေမှ အားကြီးပဲ"

"ရှင်!"

သရဲမကေသာရော ခိုးနားထောင်နေသော နွေဦးနောင်ပါ မျက်လုံးပြူးသွားသည်။

"မဟုတ်ဘူးလေ ညီမလေးရဲ့ တလွဲမတွေးနဲ့ သူ့ရဲ့ခြေသလုံးမွှေးတွေပြောတာ"

ကေသာလေး ခုမှ သက်ပြင်းချနိုင်တော့၏။

"နေပါဦး မမရဲ့ နွေဦးနောင် ခြေသလုံးမွှေးနဲ့ ညီမလေး ခေါင်းတုံးတိစ္စ ဘာဆိုင်လို့လဲ"

"ဆိုင်ပါပြီလား ညီမလေးရယ်၊ အဲဒီ နွေဦးနောင်ရဲ့ ခြေသလုံးမွှေးတွေကိုသာနုတ်ပြီး ညီမလေးခေါင်းမှာ စိုက်ပေးလိုက်ရင်"

ကေသာလေးမျက်နှာ အရောင်တွေ တက်လာပြီး

"ရက်စ်. . . . ကောင်းလိုက်တဲ့ အိုင်ဒီယာ"

"ဒါဆို. . . . ရိုက်လိုက်ပါဦး"

• ရှယ်လီနှင့် ကေသာ လက်ဝါးချင်းရိုက်ပြီး အောင်ပွဲခံနေစဉ်တွင် နွေဦးနောင် တိတ်တိတ်လေး ထပြေးရန်ကြံသည်။

သို့သော် အထမတော်သဖြင့်

"ဂွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒုံအာကာက သစ်ကိုင်းခြောက်ကို နင်းမိပြီး ဖအသံထွက်သွားရာ ရှယ်လီနှင့် ကေသာ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ သွားပြီ။

ကျားရှေ့မှောက်ရက်လဲတာမှ တော်ဦးမည်။ ခုတော့ သရဲရှေ့မှာမှ သစ်ကိုင်းခြောက်နင်းမိပြီ။

"မမ. . . . မမ၊ ဟိုမှာ ငွေဦးနောင် ညီမလေးတို့ တော်ကီပွား နေတာကို စပိုင်လာလုပ်နေတယ်"

"ဒါဆို အတော်ပဲပေါ့၊ မလွတ်စေနဲ့၊ ဖမ်းပြီး ခြေသလုံးမွှေးကို နုတ်"

"အမေရေ. . . . ကြောက်ပါပြီဗျ"

ငွေဦးနောင် သွေးရူးသွေးတန်း ထွက်ပြေးရာ သရဲမနှစ်ကောင်က တဟုန်ထိုး ပြေးလိုက်သည်။ သမင် ဆယ်လှမ်း ကျားတစ်လှမ်း၊ လူဆယ်လှမ်း တစ္ဆေတစ်လှမ်း ဆိုတော့ ဘယ်လွတ်လိမ့်မလဲ။

ရှယ်လီက ငွေဦးနောင်ရဲ့ ပုဆိုးစကို လှမ်းဆွဲ၊ ငွေဦးနောင်က မှောက်ရက်အလဲ ကေသာက ပါးစပ်ကြီးဖြဲ၍ ခြောက်တော့သည်။

"ဖြဲ. . . . ဟဲ. . . ဟဲ"

ငွေဦးနောင် လိပ်ပြာလွင့်သွားသောအခါမှ ညီအစ်မနှစ်ယောက် တစ်ယောက်တစ်ဖက်ဆီ ဘယ်ညာခြေသလုံးမွှေးတွေကို အမုန်းနုတ်ကြ တော့၏။

"ဖြုတ်. . . ဖြုတ်. . . ဖြုတ်. . . ဖြုတ်"

ခြေထောက်ဆီက နာကျင်သော ဝေဒနာကြောင့် ငုတ်တုတ်ထ ထိုင်မိမှ အိပ်မက်ဖြစ်နေမှန်း ငွေဦးနောင် သိလိုက်ရသည်။

"ဘုရား. . . ဘုရား တော်ပါသေးရဲ့. . . လောကမှာ လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာနုတ်တဲ့ သရဲတစ္ဆေပဲ ကြားဖူးတယ်၊ ငါ့ကျမှ ခြေသလုံးမွှေး နုတ်ခံရတယ်လို့ ကြုံကြုံဖန်ဖန်”

နွေဦးနောင် ရယ်ချင်စိတ်ပေါက်သွားပြီး ပြန်အိပ်မည်ပြုစဉ် သူရောက်နေသောနေရာမှာ နဂိုအိပ်နေကျအိပ်ယာမှာ မဟုတ်ဘဲ ဖိနပ်ချွတ်လှေကားထစ်နား ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရလေသည်။

“ဟင်. . . ဒါ ဘယ်လို ဖြစ်တာလဲ၊ ငါ ဘယ်လောက် အအိပ်ကြမ်းကြမ်း၊ ဒီအထိတော့ မရောက်နိုင်ပါဘူး”

သေချာစဉ်းစားကြည့်တော့မှ ဒါ သွေးရိုးသားရိုး မဖြစ်နိုင်ဘဲ တစ်ယောက်ယောက် ဆွဲချထားသည့်ပုံ။ နွေဦးနောင် တစ်ခါက ကပ္ပိယကျော်ဦး ပြောဖူးသော စကားကို ပြန်သတိရသွားသည်။ တစ်ခါတလေကျောင်းပေါ်မှာ အိပ်နေတဲ့လူတွေကို ကျောင်းအောက်က သဘက်ကြီးတွေက ဆွဲဆွဲချတတ်သည်တဲ့။

စိတ်ထဲမှာ ချောက်ချားသွားပြီး ကမန်းကတန်း အပေါ်ပြန်တက်ကာ စောင်ခြုံကွေးနေလိုက်သည်။ အချိန်ကလည်း ညကြီးသန်းခေါင်ယံမှောင်မှောင်မည်းမည်းထဲမှာ ကျောချမ်းစရာ။ တော်ရုံတန်ရုံ အသည်းငယ်တဲ့လူဆို နွေဦးနောင်နေရာမှာ လန့်ဖျား တောင် ဖျားလောက်သည်။

ဘာဖြစ်လို့လဲဆိုတော့ သူအိပ်ယာထဲ ပြန်မဝင်ခင်မှာ ကျောင်းသံဇကာပေါက်မှတစ်ဆင့် မြင်လိုက်ရသည်က အဖြူရောင်ဝမ်းဆက်နှင့် မိန်းမတစ်ယောက်။ အရပ်ကလည်း အမြင့်ကြီး ဆံပင်ဖားလျားချ၍ အိမ်သာနောက်ထဲ ဝင်သွားသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်။

နောက်တစ်နေ့ မနက်လင်းတော့ ကြားလိုက်ရသည့်သတင်းက ကပ္ပိယကျော်ဦး အိမ်သာထဲမှာ သဘက်တွေ့လို့တဲ့။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

(၃) 

"ဒါ လုံးဝ မဖြစ်နိုင်ဘူး. . . သက်သက်မဲ့ နာမည်ကြီးအောင် စတန့်ထွင်တာ"

တရားပွဲမှ ပြန်လာသော ဆရာတော် ဦးကောဝိဒ၊ ဦးလာဘ သတင်းကြောင့် အကြီးအကျယ် ဒေါသထွက်နေသည်။

"မေဦး. . . အဲဒီအချိန်မှာ နင်လည်း ရှိတယ်မဟုတ်လား"

မေဦးက ခေါင်းညိတ်လိုက်ပြီး

"ရှိတယ် ဘုန်းဘုန်း၊ ပူးနေတာတော့ ရုပ်တည်ကြီးနော်၊ မာဂ ဘာသာစကားကို ကပ္ပိယကျော်ဦးက ဘာသာပြန်ပေးနေတာ"

"ပိုဆိုးသွားပြီ. . . အဲဒီကပ္ပိယကျော်ဦးဆိုတဲ့ ကောင်က ABC တောင် ငါသင်ပေးလို့ တတ်တာ၊ မာဂဓဘာသာတတ်ဖို့ဆိုတာ ဝေးရော"

ဦးဇင်းစကားကြောင့် မေဦးတို့ဇနီးမောင်နှံ ခေါင်းထဲ တွေးတွေး ဝင်ကုန်သည်။ ဒီကိစ္စက လိမ်ညာမှုဆိုရင် ဘာသဘောနဲ့ ဒီလိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



သနည်း။

"ဒါဆို ဘုန်းဘုန်းက ဒီကိစ္စကို မယုံဘူးပေါ့"

"မယုံတာ မဟုတ်ဘူး၊ လုံးဝကို မဖြစ်နိုင်တာ"

ရွှေဦးနောင်က ဝင်၍

"ဘာကြောင့် အဲဒီလို အတပ်ပြောနိုင်ရတာလဲ ဘုန်းဘုန်း"

"ဘာကြောင့်လဲဆိုတော့ ဥူးလာဘဟာ ခေါင်းတုံး တုံးပြီး သက်နှ်း ပတ်ထားတဲ့ လူသာသာ ဘုန်းကြီးမို့လို့ပဲ၊ ကိလေသာကင်းစင်နေတဲ့ အရိယာ သူတော်စင် ရဟန္တာကြီးမို့လို့ နတ်သမီးက သူသိချင်တာတွေ လာမေးတာ ဆိုရင် လူကြားလို့ ကောင်းသေးတယ်၊ ဒီလို လောဘကြီး၊ ဒေါသတ မသေး၊ မောဟက ဖုံးနေတဲ့ ဘုန်းကြီးကို နတ်သမီး မပြောနဲ့ လက်ချမ်း တောင် အဖက်မလုပ်ဘူး"

ဆရာတော်၏ စကားကြောင့် ရွှေဦးနောင်နှင့်မေဦးမောင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ငါ ဘုန်းကြီးအချင်းချင်း ပုတ်ခတ်တာ မဟုတ်ဘူး၊ ကိုယ့်တူတွေ တူမတွေမို့လို့ ဥူးလာဘအကြောင်း သိအောင်ပြောထားရမယ်၊ ဥူးလာဘက ဝိနည်းနဲ့ မညီတဲ့ရဟန်း၊ ဗေဒင်တွက်တယ်၊ ယတြာချေပေးတယ်၊ အင်းအိုင်လက်ဖွဲ့လုပ်ပေးတယ်၊ ဒါ သာသနာဖျက် အလုပ်တွေ၊ ဘုရားက ဝိနည်းသိက္ခာပုဒ်မှာ တားမြစ်ထားပြီးသား၊ ဒါကို သူက လာဘ်လာဘ ပေါများအောင် လူ့အကြိုက်လိုက်လုပ်တယ်၊ အခုလဲ နာမည်ကြီးအောင် သက်သက် ဇာတ်လမ်းဆင်တာလို့ပဲ ငါထင်တယ်"

"ဒါဆိုရင်တော့ ဥူးလာဘရဲ့ ကပ္ပိယကျော်ဦးမှာ ပူးသားတဲ့ အကြံအစည် တစ်ခုခုရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဦးနောင်ရဲ့စကားကြောင့် ဆရာတော်လည်း စဉ်းစားစရာတွေ ဖြစ်သွားလေသည်။

ထို့နောက် ဆရာတော် ဉူးကောဝိဒရယ် ရွှေဦးနောင်ရယ် ထိပ်တန်း လျှို့ဝှက်ဆွေးနွေးရန် မေဦးကို ခဏရှောင်ခိုင်းလိုက်ကြသည်။

"ဒီရက်ပိုင်းအတွင်းမှာ ခြောက်နေတဲ့ သရဲကတော့ တော်တော်ကို ဆိုးတယ် ဘုရား၊ မနေ့ကလည်း ကပ္ပိယကျော်ဦး အိမ်သာထဲမှာ သဘက် တွေ့လို့တဲ့"

"အဲဒါက အိမ်သာထဲမှာ လက်ဆေးပြီးရင် သုတ်ဖို့ ဉူးဇင်းကိုယ်တိုင် ထားထားခိုင်းတာလေ"

"အဲဒီသဘက်ကို ပြောတာမဟုတ်ဘူး ဘုရား၊ မနေ့က ကပ္ပိယ ကျော်ဦး အိမ်သာတက်မယ်ဆိုပြီး တံခါးဖွင့်လိုက်တာ အိမ်သာထဲမှာ ငုတ်တုတ်ထိုင်နေတဲ့ သဘက်ကြီးကို တွေ့လို့တဲ့၊ မျက်လုံးက လင်းကွင်း လောက်ရှိပြီး အရည်လဲ့နေတာပဲတဲ့၊ လျှာကလည်း တစ်တောင်လောက်ရှိ တယ်တဲ့၊ နားရွက်ကြီးက ဆင်နားရွက်လောက်ရှိပြီး တစ်ကိုယ်လုံး အမွေး တွေနဲ့တဲ့၊ ပြောတာပဲ"

"ဒါဖြင့်ရင် အဲဒီသဘက်ကို တွေ့တဲ့ကောင် အခု ကြောက်ဖျား ဖျားပြီး ဆေးကုနေရပြီလား"

"မနက်ကတော့ ဉူးလာဘနဲ့ နှစ်ယောက် ကျားကွက်ထိုးနေတာ တွေ့တာပဲ"

"ဟော. . . မနေ့က သဘက်တွေ့ခဲ့တဲ့ကောင်က ဒီနေ့ အပြုံး မပျက်ဘဲ ကျားထိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် နည်းနည်း စိတ်ထဲ ဘဝင်မကျ ဖြစ်သွားသည်။

"စတွေ့တုန်းကတော့ ကြောက်ပြီး ဒူးတွေ တုန်နေတယ် ပြောတာပဲ၊ ဒီနေ့ မနက်ကျတော့ ဘာမှ မဖြစ်သလိုပဲ၊ တပည့်တော်ထင်တာ ကပ္ပိယကျော်ဦး ကျားသွေးများ ဖောက်သောက်ထားသလားပဲ"

"ဟင်း. . . . ဟင်း၊ ရန်ကုန်ရောက်တုန်းက ဟက်ပီးဝေါက သရဲအိမ်သွားတာတောင် ရှေ့ဆုံးက မသွားရဲတဲ့ကောင်က သဘက် တစ်ကောင်လုံးတွေ့တာတောင် ဘာမှမဖြစ်ဘူးဆိုတာ စဉ်းစားစရာပဲ"

ဆရာတော်က သွားအတွေးနဲ့သူ ပြုံးလိုက်မိသည်။

"ကပ္ပိယကျော်ဦး သဘက်တွေ့တယ်လို့ပြောတဲ့ ညက တပည့်တော် လည်း အိမ်သာနောက်ထဲကို မိန်းမတစ်ယောက် ဝင်သွားတာ တွေ့လိုက် တယ် ဘုရား၊ အဖြူဝမ်းဆက်နဲ့ မျက်နှာတော့ မမြင်ရဘူး၊ ဆံပင်ဖားလျား ကြီးနဲ့ အရပ်ကလည်း အရှည်ကြီးပဲ၊ တပည့်တော်တောင် ကြက်သီးထပြီး စောင်ခေါင်းမြီးခြုံကွေးနေလိုက်တယ်"

ဆရာတော်က သက်ပြင်းချလိုက်ပြီး

"အင်း. . . ငါ့တူကြီးတို့ လင်မယားလာမှပဲ ခြောက်တဲ့သရဲက ပိုဆိုးလာတယ်၊ စိတ်ထဲမှာ သိပ်တော့ သဘောမကျဘူး၊ တော်ကြာ ငါ့ တူမလေး မေဦး ကြောက်ပြီး တစ်ခုခုဖြစ်သွားမှာ စိုးရတယ်"

"တပည့်တော်လည်း အဲဒီကိစ္စကို ရှင်းရှင်းလင်းလင်း သိချင်တယ်၊ အဲဒါကြောင့် ဘုန်းဘုန်းနဲ့ တပည့်တော် ဘာကိုမှ ချွင်းချက်မထားဘဲ ကိုယ် သိထားတဲ့ အကြောင်းအရာတွေကို အမှန်အတိုင်း ဆွေးနွေးကြရအောင် ဒီကျောင်းမှာ တကယ်သာ သရဲခြောက်ရှိးမှန်ရင် တပည့်တော် မေဦးတို့ ခေါ်ပြီး ရန်ကုန်ပြန်တော့မယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေးနဲ့ ဥူးဇင်းဆိုတာ မေဦးနဲ့ ပတ်သက်ပြီး အမျိုးတော်နေပြီပဲ၊ အဲဒီတော့ သိချင်တာကို အမှန်အတိုင်းသာ မေးပါ ဒကာ၊ ဥူးဇင်းလည်း ဘာကိုမှ ထိန်ချန်မထားဘဲ အမှန်အတိုင်း ပြောပါ့မယ်"

နွေဦးနောင် စိတ်ကျေနပ်သွားပြီး သူသိချင်နေသော ရှယ်လီနှင့်ကေသာအကြောင်းကို ကပ္ပိယကျော်ဦး ပြောသမျှ ပြန်ဖောက်သည်ချလိုက်သည်။

ဆရာတော်ကတော့ ခေါင်း တညိတ်ညိတ်နှင့် နားထောင်ရင်းပြုံးနေ၏။

ဇာတ်လမ်းဆုံးသွားသောအခါ ဟက်ဟက်ပက်ပက် ထရယ်သည်။

နွေဦးနောင် ကြောင်သွား၏။

"တပည့်တော်ပြောတဲ့အထဲမှာ ဘာများ ရယ်စရာပါလို့လဲ အရှင်ဘုရား"

"ဟား. . . ဟား. . ဟား ဒကာလေးပြောတာ ရယ်စရာ မဟုတ်ပါဘူး၊ ကပ္ပိယကျော်ဦး ပြောသွားတာကို သဘောကျတာ့၊ ကျော်ဦး. . . ကျော်ဦး တယ်လဲ ပုံပြောကောင်းတဲ့ ကောင်ပဲ၊ ခုမှပဲ ဒင်းရဲ့မရိုးသားမှုတို့သိတော့တယ်"

"ဒါဆို. . . ကပ္ပိယကျော်ဦး ပြောတဲ့အကြောင်းအရာတွေက"

"လံကြုတ်တွေ အများကြီးပေါ့ ဒကာ၊ ကေသာက တကယ် ဘာရောဂါမှ မဖြစ်ဘူး၊ သူ့ဖာသာသူ ဆေးစားမှားလို့ ဆံပင်တွေကျွတ်ပြီး ခေါင်းတုံးဖြစ်သွားတာ၊ အဲဒါကို သူက နိုင်ငံခြားမှာ ဆံပင်သွားစိုက်ချင်တယ်လေ၊ ငယ်ငယ်လေးတည်းက ဥူးဇင်းမွေးစားထားလို့ လူဖြစ်လာတဲ့ နှစ်ယောက်မှာ ဘယ်က ပိုက်ဆံရှိရမှာလဲ၊ ဥူးဇင်းလည်း ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ထိတော့ မတတ်နိုင်ဘူး၊ တတ်နိုင်သလောက်တော့ လုပ်ပေးပါတယ်၊ သူ့အတွက် ဆံပင်ပေါက်ဆေး ဝယ်ပေးတယ်၊ ခမျာ မိန်းကလေးဆိုတော့ လှချင်မှာပဲဆိုပြီး၊ ဒါပေမယ့် မူလဆံပင်လို အထူကြီး ပြန်ဖြစ်ဖို့ရာတော့ အာမခံလို့မရဘူး၊ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် မြို့က ဧည့်သည်တွေ ရောက်လာပြီး ဉူးဇင်းကျောင်းက တောက်တဲ့တွေကို သိန်းနဲ့ချီပြီး ဝယ်ကြတယ်လေ၊ တောက်တဲ့ဟာ နိုင်ငံခြားမှာ AIDS ရောဂါကိုကုတဲ့ ဆေးထုတ်ဖို့ အစမ်းသပ်ခံ ပစ္စည်းဖြစ်နေတော့ အရွယ်အတော်အသင့်ရှိတဲ့ တောက်တဲ့ဆို အနည်းဆုံး သိန်းတစ်ထောင်လောက် ပေးတယ်"

"သိန်းတစ်ထောင်"

နွေဦးနောင်ပင် မျက်လုံးပြူးသွားသည်။ တောက်တဲ့တစ်ကောင်၏ တန်ဖိုးဟာ လူတစ်ယောက်ရဲ့ဘဝကို သူဌေးဖြစ်အောင် လုပ်ပေးနိုင်သည်ပဲ။

"အဲဒီမှာ ဘာဖြစ်လာလဲဆိုတော့ ဉူးလာဘအပါအဝင် လူတော်တော်များများ လောဘတက်လာကြတယ်လေ၊ ဉူးလာဘက တောက်တဲ့တွေအားလုံးကို ရောင်းပြီး ကျောင်းကြီးတစ်ခုလုံးကို နတ်ဗိမာန်လို ခမ်းနားအောင် ဆောက်မယ်၊ ကားအကောင်းစားတွေ ဝယ်စီးမယ်၊ တောင်းကောင်းနေ ကောင်းကောင်းစားပြီး ဇိမ်ခံမယ်ပေါ့၊ ရှယ်လီနဲ့ ကေသာကလည်း နိုင်ငံခြားမှာ ဆံပင်စိုက်မယ်၊ ပြီးရင် သူတို့ ရုပ်ရည်လေးတွေနဲ့ မော်ဒယ်သင်တန်းတက်ပြီး မင်းသမီးလုပ်မယ်၊ ကပ္ပိယကျော်ဦးကလည်း ကရင်စုရွာထဲမှာ သူ အသေရရ အရှင်ရရ လိုချင်နေတဲ့ နော်အဲမူဆိုတဲ့ ကောင်မလေးကို တင်တောင်းမယ်၊ အဲဒီလို ကိုယ်စီယဉ်ထားတဲ့ စိတ်ကူးတွေဟာ ဉူးဇင်းလည်း တောက်တဲ့တွေကို မရောင်းရေး အတွန့်တန်းစီ ပျက်ကုန်ရောပေါ့၊ ဘုန်းကြီးတို့လို သာသနာပြုလုပ်ငန်း လုပ်နေတဲ့

www.burmeseclassic.com



ဘုရားသားတော်တွေဟာ သင်္ကာဝါတစ်ကောင်ရဲ့ အသက်ကို လောဘအတွက် ခုတုံးလုပ်ရမတဲ့လား၊ အသက်သာအသေခံမယ် သီလတော့ အပျက်မခံဘူး”

နွေဦးနောင် ဥူးကောဝိဒရဲ့စိတ်ဓာတ်ကို လေးစားကြည်ညိုသွားမိသည်။ ဒါမှ ဘုရားအဆုံးအမကို လိုက်နာသော သံဃာအစစ်။ ရတနာသုံးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်သော ကိုးကွယ်ထိုက်တဲ့ သံဃာအစစ်။

ဥူးလာဘကတော့. . . .။

“ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့တွေက ဥူးဇင်းကို အမြင်ကြည်လင်မှာတော့ မဟုတ်ဘူး၊ ဥူးဇင်းကလည်း ကျောင်းက တောက်တဲ့တွေကို နှိုးဖမ်းတဲ့လူရှိရင် သတင်းကြားတာနဲ့ ကျောင်းက အပြီးအပိုင် ထုတ်ပစ်မယ်လို့ ပြင်းပြင်းထန်ထန် အမိန့်ထုတ်ထားလိုက်တယ်၊ အဲဒီတော့ ဘယ်သူမှ မဖမ်းရဲကြတော့ဘူး”

“ဒါနဲ့ ရှယ်လီနဲ့ ကေသာ သေသွားတဲ့ကိစ္စကျတော့ရော”

“သူတို့နှစ်ယောက် ကံဆိုးရှာပါတယ်၊ ကျောင်းဘေးက ကျောက်တုံးအကြီးကြီးတွေကို မိုင်းခွဲဖို့ ကျောက်မိုင်းခွဲတဲ့နေရာနဲ့ ပေငါးဆယ်ပတ်လည်အတွင်း အနားမကပ်ရလို့ အတန်တန် အမိန့်ထုတ် သတိပေးစာတွေ ရေးထားတဲ့ကြားက တိုက်တိုက်ဆိုင်ဆိုင် မိုင်းခွဲမယ့် ကျောက်တုံးပေါ် တက်ထိုင်ပြီး စကားပြောနေကြတယ်လေ၊ ဘယ်လိုမှ အချိန်မမှီတော့ဘူး၊ မိုင်းပေါက်ပြီးမှ အလောင်းကို တစ်စစီ လိုက်ကောက်ရတယ်”

“ဖြစ်မှ ဖြစ်ရလေဗျာ”

နွေဦးနောင် ရှယ်လီနှင့်ကေသာအတွက် စိတ်မကောင်း ဖြစ်သွားသည်။

“ဥူးဇင်းလည်း တစ်ပတ်တိတိ စားလို့မဝင် အိပ်လို့မပျော်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တိုယ်တစ်သက်လုံး ကျွေးမွေးစောက်ရှောက်ထားတဲ့ ကလေးမလေးနှစ်ယောက် ဒီလိုအဖြစ်မျိုးကြုံရတော့ ရှိခဲ့ဖူးတဲ့ သံယောဇဉ်နဲ့ ကြေကွဲမိတာ အမှန်ပဲ"

ဉူးကောဝိဒ ပြောနေရင်း မျက်ရည်များပင် ဝဲလာသဖြင့် နွေဦးနောင် စကားလမ်းကြောင်းလွှဲလိုက်သည်။

"ဒါဆို ကပ္ပိယကျော်ဦး ပြောတာ လိမ်ဆင်ကြီးပေါ့"

"အမှန်ပဲ ဒကာ၊ ဘာအကြံအစည်နဲ့ ဒီလိုပြောတာလဲတော့ ဉူးဇင်း မသိဘူး"

နွေဦးနောင်ရဲ့ ခေါင်းထဲ အတွေးတစ်ချက် ဝင်သွားသည်။

"ဒါနဲ့ အရှင်ဘုရားမှာ ရှယ်လီနဲ့ကေသာရဲ့ ဓာတ်ပုံရှိလား မသိဘူး"

"ရှိတယ် ဒကာ၊ သော်ကပင်တွေနားမှာ ညီအစ်မနှစ်ယောက် တွဲရိုက်ထားတဲ့ ဓာတ်ပုံ ဉူးဇင်းမှာ ရှိပါတယ်၊ ဒကာ ဘာလုပ်ဖို့လဲ"

"မြင်ဖူးတယ်ရှိအောင်လို့ပါ ဘုရား၊ တပည့်တော် ကြည့်လို့ရမလား မသိဘူး"

"ရပါတယ် ဒကာ၊ ဉူးဇင်း ပြပါ့မယ်"

ဉူးကောဝိဒက သူရဲ့စာအုပ်ကြားထဲမှာ ညှပ်ထားသော ရှယ်လီနှင့် ကေသာရဲ့ဓာတ်ပုံကို ထုတ်ပြလိုက်သောအခါ နွေဦးနောင် မျက်လုံးပြူး သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူနှင့်မေဦး နံနက်ဝေလီဝေလင်း အချိန် ဘုန်းကြီးကျောင်းအဝင်ဝကို စရောက်ဘုန်းက အထဲမှာ ဆရာတော် ရှိပါတယ်၊ ဒီလမ်းအတိုင်း တည့်တည့်သွားပါဟု လမ်းညွှန်ခဲ့သော ညီအစ်မ နှစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁)

နွေဦးနှောင်းနှင့် ကပ်ပွယ်ကျော်ဦး ထမင်းစားဆောင်ရှေ့က ကွပ်ပျ
လေးမှာ ညနေစာစားပြီး ရေနွေးကြမ်းတစ်အိုးနှင့် စကားလက်ဆုံ ကျနေသည်

"ကိုကျော်ဦး. . . ကျွန်တော် တစ်ခုလောက်မေးပါရစေ၊ ခင်ဗျား
ဘယ်တုန်းက မာဂဓဘာသာစကားကို တတ်သွားတာလဲ"

"ဘိုးတော်တစ်ပါး သင်ပေးထားတာလေဗျာ၊ သူက ကျွန်တော့်
ရိုးသားပြီး စိတ်ကောင်းရှိလို့ဆိုပြီး ခတ်ကျတာနဲ့ သင်ပေးထားခဲ့တာ"

"အဲဒီဘိုးတော်ကရော အခု ဘယ်ရောက်နေလဲ"

"သူက နေရာအတည်တကျ မရှိဘူးဗျ၊ ဒီလိုပဲ ဂန္ဓာရီ လှည့်နေတာ"

"ဩော်. . . ဩော်၊ ဒါဆို အဲဒီပညာ ကျွန်တော်လည်း တတ်ချင်
တယ်ဗျာ၊ သင်ပေးလို့ ရမလား"

"မလွယ်ဘူးဗျ"

"ဘာလို့ မလွယ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ထဲရှိရာတွေ လျှောက်ပြောနေတာမို့လို့"

"ဟမ်"

ကပ္ပိယကျော်ဦး သူ့ပါးစပ်သူ ပြန်ရိုက်လိုက်ပြီး

"မှားသွားလို့ပါဗျာ၊ မလွယ်ဘူးဆိုတာ ဒီစကားက အရမ်းခက်လို့ပါ၊ ကျုပ်တောင် ဆယ်နှစ်လောက် လေ့လာခဲ့ရတာ"

"ထားပါတော့၊ ဒါနဲ့ ရှယ်လီနဲ့ကေသာကိုရော ထပ်တွေ့သေးလား"

"ကျွန်တော်ကတော့ ရိုးနေပါပြီဗျာ၊ ကိုနွေဦးနောင်တို့လို ဧည့်သည်တွေအတွက်ပဲ စိုးရိမ်တာ၊ ညဘက်ကျရင် အိပ်ပျော်အောင် အိပ်နေ၊ နေ့ညကလည်း သီချင်းသံတွေ ကြားရတယ်၊ မိုးလင်းတော့ ရှယ်လီနဲ့ကေသာရဲ့ အုတ်ဂူဘေးမှာ ခြေရာတွေ တွေ့ရတယ်ဗျ၊ ခြေရာက မိန်းမနှစ်ယောက်ရဲ့ ခြေရာပဲ"

အဲဒီအချိန်

"ကိုနောင်. . . ကိုနောင် မေဦးကို ကယ်ပါဦး"

ရုတ်တရက် ထဘီမနိုင် ပဝါမနိုင်ဖြင့် အော်ပြီး ပြေးလာသော မိန်းကြောင့် နွေဦးနောင် လန့်သွားသည်။

"မေဦး. . . ဘာဖြစ်လာတာလဲ"

မေဦးက သူ့ယောကျ်ားရှိရာနေရာသို့ ပြေးထိုင်ပြီး လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ထားသည်။

နောက် အသံတုန်တုန်ဖြင့်

"မေဦး အဆောင်မှာ ဝတ္ထုဖတ်နေတုန်း နှုတ်ခမ်းနီဆိုးနေတဲ့ မိန်း သရဲထဘူးတယ်၊ ပြီးတော့. . . ပြီးတော့ မေဦးကို လည်ပင်း ညှစ်လို့ ကြောက်ပြီး ပြေးလာတာ၊ ဟာ. . . ဟိုမှာ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com


မဥ္ဇူး ကြောက်အားလန့်အားနှင့် လက်ညှိုးထိုးပြရာ ထိုနေရာသို့ ကြည့်လိုက်တော့ အားပါးပါး၊ မပိုင်း ဆံပင်စုတ်ဖွားနှင့် မျက်လုံးကြီး ပြူးပြီး သူတို့ရှိရာ လျှောက်လာသည်။

မျက်ကွင်းတွေကလည်း (ချန်ပီယံလိဂ် စောင့်ကြည့်ရလို့ အိပ်ရေး ပျက်ထားသလို) ညိုပြီး ချိုင့်နေသည်မှာ ကြောက်စရာ။

နှုတ်ခမ်းနီဆိုးနေတုန်း သရဲဝင်ပူးခံရသည်မို့ ထင်သည်၊ နှုတ်ခမ်း ပေါ်မှာ နှုတ်ခမ်းနီတွေက မညီမညာ ပြန့်ကျဲနေပုံက ရယ်စရာ။

ကြောက်စရာနှင့် ရယ်စရာ နှစ်မျိုးပေါင်းစပ်ထားသော မပိုင်းရဲ့ ပုံစံကတော့ တစ်စုံတစ်ယောက် ဝင်ပူးခံထားရသည့် အတိုင်းပင်။ မျက်နှာ အိုကြီးနှင့်။

နွေဦးနောင် ထိုမိန်းမကို မြင်သောအခါ ကပွိယကျော်ဦးဘက် လှည့်လိုက်ပြီး

"ဒီကိစ္စ ဘယ်လိုလုပ်မလဲ"

ကပွိယကျော်ဦးက ခပ်တည်တည်ပင်။

"ကျုပ် ခင်ဗျားတို့ရှေ့ကနေ ပြေးပြီ"

ပြောပြီးသည်နှင့် ကပွိယကျော်ဦး ဖိနပ်ကို လက်ကကိုင်ပြီး ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးတော့သည်။

"ဟိ. . . ဟိ. . . ဟိ. . . ခစ်. . . ခစ်"

မပိုင်းက ကြက်သီးထစရာကောင်းအောင် ရယ်ရင်း နွေဦးနောင်ဖ ဇနီးမောင်နှံရှိရာ လျှောက်လာသည်။

မဥ္ဇူးခမျာ ကြောက်လွန်းသဖြင့် နွေဦးနောင်ရဲ့ နောက်မှာ ကွယ် ရပ်ရင်း ဒူးတုန်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



နွေဦးနောင်ကတော့ ယောက်ျားကောင်းပီသစေရန် ချစ်ဇနီးရှေ့မှာ မားမားမတ်မတ်ရပ်၍ သရဲ အပူးခံရသည့် မဝိုင်းကို အသံပြာကြီးနဲ့ အမိန့်ပေးသည်။

"ဟဲ့. . . စောက်သရဲမ၊ ထွက်သွားစမ်း၊ နင့်အမေလင်မို့လို့ လိုက်ခြောက်နေတာလား"

သရဲမက ဂရုမစိုက်သည့်အလား မျက်နှာရှေ့မှာ ဝဲကျနေသော ဆံပင်ကို လက်နှင့်သပ်တင်ရင်း ဖားပြုံးပြုံးကာ တစ်လှမ်းချင်း ဆက်လျှောက်လာသည်။

"ဟင်း. . ဟင်. . . ဟင်း"

တဖြည်းဖြည်း အနားကပ်လာသောအခါ နွေဦးနောင် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချလိုက်တော့သည်။

"မေဦး. . . မထူးတော့ဘူး၊ ဖြစ်ချင်ရာဖြစ် ကိုယ် ကျွေးလိုက်တော့မယ်"

"ဘာ. . . ဘာကျွေးမှာလဲဟင်"

နွေဦးနောင်က မေဦး၏အမေးကို မဝိုင်းမျက်နှာတည့်တည့် လက်သီးနှင့် ပစ်ကျွေးခြင်းဖြင့် အဖြေပေးလိုက်သည်။

"ခွပ်"

"အမယ်လေး"

ရုတ်တရက် ထင်မှတ်မထားသော နွေဦးနောင်၏ ညာဝိုက်လက်သီးကြောင့် သရဲအပူးခံရသည့် မဝိုင်း မှန်ထူသွားပြီး သူ့မျက်နှာသူ လက်နှင့်အုပ်ကာ ငိုယိုပြေးတော့သည်။

"အီး. . . ဟီး. . . ဟီး၊ အမေရေ ဘာကယ်လှပ်ကယ်တော့"



www.burmeseclassic.com

www.burmeseclassic.com



မေဦး အကြောက်ပြေသွားပြီး သူ့ယောကျ်ားမျက်နှာကို စိုက်ကြည့်လိုက်ကာ

"ကိုနောင်. . . လက်သီးကြောက်တဲ့သရဲ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ဒီသရဲမ. . နောက်တစ်ခါ ထပ်ခြောက်လို့ကတော့ လက်သီးထက်ဆိုးတာနဲ့ တွေ့မယ်"

"ဘာလဲဟင်"

"လက်ဝါး"



www.burmeseclassic.com

www.burmeseclassic.com

## (၈)



အထုပ်အပိုးတွေဆွဲ၍ ရန်ကုန်ပြန်ရန် ပြင်နေသော မေဦးတို့ကို ဦးကောဝိဒ အပါအဝင် ကျောင်းမှ အမျိုးသမီးတွေ ဝိုင်းနှုတ်ဆက်နေကြသည်။ ဦးကောဝိဒက တူမဖြစ်သူကို စိတ်မကောင်းစွာ ကြည့်လိုက်ပြီး

"တူမကြီးရယ်၊ ဘုန်းဘုန်း စိတ်မကောင်းပါဘူး၊ ကျောင်းမှာ သရဲခြောက်လို့ မနေရဲတော့ဘူးဆိုလို့ ပြန်ခွင့်ပြုလိုက်တာ၊ အခြေအနေတွေ ငြိမ်သက်သွားရင်တော့ ထပ်လာခဲ့ပါဦး"

နွေဦးနောင်က မေဦးဘေးနားမှာ ရပ်ရင်း ဦးကောဝိဒကို နှုတ်ဆက်သည်။

"သူ့ကို ရန်ကုန်ပို့ပေးပြီးတာနဲ့ တပည့်တော် တစ်ယောက်တည်း ပြန်လာခဲ့ပါ့မယ် ဘုန်းဘုန်း၊ ဘုန်းဘုန်းနဲ့ ဆွေးနွေးတိုင်ပင်စရာကိစ္စလေးတွေ ရှိပါသေးတယ်"

"လာခဲ့ပါ ဒကာ၊ ဘုန်းဘုန်းဘက်က အဆင်သင့်ပါပဲ၊ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com


စရာရှိတာတွေကိုသာ စနစ်တကျ ပြင်ဆင်လာခဲ့ပါ”

“စိတ်ချပါ ဘုန်းဘုန်း”

ဉူးကောဝိဒပြောတဲ့ ပြင်ဆင်စရာရှိတာ စနစ်တကျပြင်ဆင်လာခဲ့ ဆိုသောစကားနဲ့ အဓိပ္ပာယ်ကိုတော့ ဘယ်သူမှ သိနိုင်မှာ မဟုတ်။

နွေဦးနောင်နှင့်မေဦးမောင် ကျောင်းမှာရှိတဲ့သူတွေအားလုံးကို နှုတ်ဆက်ပြီး ပြန်သွားခဲ့ကြလေပြီ။

တစ်ချို့တွေကတော့ မေဦးတို့လင်မယား ပြန်သွားသည်ကို စိတ်မကောင်းကြ။

တစ်ချို့တွေကတော့ ပျော်ပြီး ကျန်နေခဲ့သည်။

ပျော်ပြီး ကျန်နေခဲ့သူတွေကတော့. .,. .

* * * * *


www.burmeseclassic.com

www.burmeseclassic.com

နွေဦးနောင် နှစ်ပတ်ခန့်အကြာမှာ သော်ကမြောင်ကျောင်းသို့ ပြန်ရောက်လာခဲ့သည်။

ပြန်လာတော့ ဥူကောဝိဒ တည်ထောင်ထားသော ပရဟိတ ဂေဟာမှ ကလေးငယ်များအတွက် အဝတ်အစားနှင့် ကျောင်းသုံး ဗလာစာအုပ်များကို လှူဒါန်းသည်။

အစစအရာရာ ဘက်စုံထောင့်စုံ ဖြည့်ဆည်းနိုင်သော ကျောင်းထိုင် ဆရာတော်ကို နွေဦးနောင် တကယ်ပင် လေးစားမိ၏။ ရှာစဉ်လှည့်ပြီး တရားဟောသည့်အလုပ်အပြင် ကလေးတွေ ပညာရေးအတွက် တတ်နိုင်သလောက် ဖြည့်ဆည်းပေးဖို့ဆိုတာ မလွယ်လှ၊ လူအယောက် ၃၀၀ ကျော်၏ စားဝတ်နေရေး ဘဝအသက်ရှင်ရပ်တည်နေထိုင်မှုမှာ ဆရာတော်၏ အရိပ်အောက်တွင် တည်မှီနေသောကြောင့် အင်မတန် ကျေးဇူးကြီးမားလှသည်။

*ဆောင်း ညပြာ သို့ စာပေ*

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နောင်အခါအခွင့်သင့်လျှင် ထိုကျောင်းအတွက် ငွေ သိန်းနှင့်ချီ လှူဒါန်းပြီး ဒါနကုသိုလ်ဖြည့်ဆည်းသွားရန် နွေဦးနောင် ရည်ရွယ်ထားလေသည်။

ဒီလိုနှင့် နွေဦးနောင် ကျောင်းသို့ပြန်ရောက်ပြီး နှစ်ရက်မြောက်ည ၁၂:၀၀ အချိန်သို့ ရောက်ခဲ့လေပြီ။

"တောက်တဲ့. . . . တောက်တဲ့. . . တောက်တဲ့"

တောက်တဲ့အော်သံနှင့်အတူ နားထဲမှာ ခြေသံတရှပ်ရှပ်နှင့် ကြားနေရသောကြောင့် ကပ္ပိယကျော်ဦး အိပ်ချင်မူးတူးနှင့် လှမ်းအော်သည်။

"ဟေ့ လမ်းလျှောက်တာ ကြမ်းလှချည်လား၊ ဘယ်သူလဲ ဖြည်းဖြည်းလျှောက်၊ ငါ အိပ်နေတယ်"

ကပ္ပိယကျော်ဦး အော်လိုက်သံကြောင့် ထင်သည်။ ခြေသံတွေ ပျောက်သွားပြီး ဘာသံမှ မကြားရတော့။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

နားနားကပ်ပြီး ကြမ်းပြင်ကို တစ်စုံတစ်ယောက် လက်နှင့် ခေါက် နေသည့်အသံ။

"ဟိတ်. . . ဘယ်သူ လက်ကမြင်းနေတာလဲ၊ ဒီမှာ ငါအိပ်နေတယ်"

ဒီတစ်ခါ အော်လိုက်သည့်အသံ ပိုကျယ်သွားမည်ထင်သည်။

ခဏတော့ အသံပျောက်သွားသော်လည်း၊ ပြန်ထွက်လာပြန်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ကပ္ပိယကျော်ဦး ဒေါသထွက်ပြီး အိပ်မှုန်စုံမွှားဖြင့် မျက်စိကို ပွတ်ကာ ခြင်ထောင်ကို လှန်ကြည့်လိုက်တော့။

"ဟာ!"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြင်ထောင်ဘေးမှာ မိန်းမတစ်ယောက် ဆံပင်ဖားလျားချပြီး ခေါင်းငုံ့၍ ထိုင်နေသည်။

ထိုအခါ ကပ္ပိယကျော်ဦးက ခြင်ထောင်ကို ပြန်ချပြီး လေသံတိုးတိုးလေးဖြင့်

"ဟဲ့. . . နေရာမှားနေပြီ၊ ဟိုဘဲကြီးခြင်ထောင်က ဘေးမှာ ဒါ ငါ့ခြင်ထောင်"

ထိုအခါ ဆံပင်ဖားလျားချထားသော မိန်းမက ကပ္ပိယကျော်ဦး၏ ခြင်ထောင် ဟိုဘက်သို့ လက်ညှိုးထိုးပြသည်။

"ဘာလဲ"

ထိုမိန်းကလေး လက်ညှိုးညွှန်ပြရာနေရာသို့ ကပ္ပိယကျော်ဦး ကြည့်လိုက်ရာ သူ့ခြင်ထောင်ရဲ့ ညာဘက်အခြမ်းမှာလည်း နောက်ထပ် မိန်းမတစ်ယောက်ကို ထပ်တွေ့ရပြန်သည်။ မှောင်နေ၍ မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရ။

ကပ္ပိယကျော်ဦး စိတ်ထဲ မသက်သာ ဖြစ်သွားသည်။

"ဟင်. . . နင်တို့နှစ်ယောက် ငါ့ခြင်ထောင်ဘေးမှာ ဘယ်ဘက်တစ်ယောက်၊ ညာတစ်ယောက် ဘာထိုင်လုပ်နေတာလဲ၊ ဘယ်သူက မြလေးလဲ၊ ဘယ်သူက မဝိုင်းလဲ"

ကပ္ပိယကျော်ဦး ခေါင်းအုံးဘေးမှာ ချထားသော လက်နှိပ်ဓာတ်မီးကို အလျင်အမြန်စမ်းပြီး ခြင်ထောင် ညာဘက်မှ မိန်းမမျက်နှာကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"အို"

ရုတ်တရက် အသံပင် လည်ချောင်းဝ ဆို့သွားရသည်။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်းဆိုတော့ အဲဒီမိန်းကလေးမှာ လွှန်ခဲ့သောခြောက်လခန့်က ဆုံးသွားသော ခေါင်းတုံးမလေးကသော ဖြစ်နေသောကြောင့် ဖြစ်သည်။

ကြောက်ကြောက်လန့်လန့်နှင့် ခြင်ထောင် ဘယ်ဘက်ဘေးမှ မိန်းမကိုပါ ဆက်ပြီး ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရာ လိပ်ပြာလွင့်မတတ် ကြောက်စိတ်တွေ ငယ်ထိပ်ရောက်သွားသည်။

သူမကတော့ အခြားသူမဟုတ်။ အသက်ရှင်စဉ်က ပုရိသတိုင်း၏ ပါးစပ်ဖျား ရေပန်းစားခဲ့သော အလှထိပ်ခေါင်မလေး ရှယ်လီဖြစ်နေသောကြောင့်ပင်။

ကပ္ပိယကျော်ဦး အော်တောင် မအော်နိုင်တော့ဘဲ ရင်ဘတ်ကြီးအား ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် ခြေရင်းဘက်က ခြင်ထောင်စကို လှန်ကာ တန်းပြေးတော့၏။

အသံတွေကတော့ ခြင်ထောင်ထဲမှာ ညှောင်နာနာ ကျန်နေရစ်ခဲ့သည်။ (ကြောက်တဲ့အသံ)

"ရှယ်လီနဲ့ကေသာ ကျွန်တော့်ခြင်ထောင်ဘေးမှာ ရောက်နေပါတယ် အရပ်ကတို့ရေ"



www.burmeseclassic.com

www.burmeseclassic.com

## (ဏ)



“ငရဲပြည်က ယမမင်းဆိုတာ ဝေမာနိက ပြိတ္တာမျိုးပါပဲ ဒကာ၊ လူတွေထင်သလို ရုပ်ဆိုးဆိုး ဦးချိုကားကားနဲ့ သတ္တဝါကြီး မဟုတ်ပါဘူး အဆင်းလှပါတယ်၊ နောက်လူတွေ သံဝေဂယူသင့်တဲ့ ပြိတ္တာတွေအကြောင်း ပြောပြဦးမယ်၊ ဝိနည်းပါဠိတော်နဲ့လက္ခဏသံယုတ်တွေမှာ ဖော်ပြထား ပါတယ်၊ အဲဒီပြိတ္တာတွေဟာ ရှင်မဟာမောဂ္ဂလန်မထေရ်မြတ်ကြီး ကိုယ်တိုင် မြင်ခဲ့ရတဲ့ ပြိတ္တာပါပဲ”

“စိတ်ဝင်စားလှပါတယ် ဘုရား”

“ရှင်မဟာမောဂ္ဂလန်နဲ့ ရှင်လက္ခဏမထေရ်မြတ်နှစ်ပါးဟာ တောင်းကင်မှာ အရိုးစုပြိတ္တာကြီးကို လင်းတ၊ ကျီး၊ စွန်ရဲတွေက နောက်က လိုက်' နံရိုးကြားကို,ထိုးဆိတ်လို့ အဲဒီပြိတ္တာကြီး နာကျင်စွာ အော်ဟစ်နေတဲ့ အသံကို ကြားရ မြင်ရတယ်၊ ပါဠိလိုဆိုရင် အရိုးစုပြိတ္တာကြီးကို အဋ္ဌိသင် ခလိကလို ခေါ်တယ်၊ အဲဒါနဲ့ ဘုရားရှင်ရှေ့တော်မှောက် ရောက်လို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com


ထားကြတဲ့အခါမှာ ချစ်သားတို့ ဤပြိတ္တာကား ရာဇဂြိုဟ်ပြည်တွင် နွားသတ်၍ အသက်မွေးခဲ့သူဖြစ်သည်။ သေပြီးနောက် ငရဲမှာ ခံရပြီးမှ မကောင်းမှုကံ ကျန်နေသေးသည့်အတွက် ဤကဲ့သို့ ပြိတ္တာဘဝနှင့် ဆင်းရဲခံနေရခြင်းဖြစ်သည်လို့ မိန့်ကြားတော်မူခဲ့တယ် ဒကာ"

"သံဝေဂရစရာပါပဲ ဘုန်းဘုန်း၊ သူ့အသက်ကို သတ်တဲ့ကံဟာ ကြောက်ဖို့ကောင်းလှပါတယ်"

"နောက်ထပ် သံဝေဂရစရာတွေ ရှိသေးတယ် ဒကာ၊ ဥသုလောမ မြားအမွေးရောက်သော ပြိတ္တာတဲ့၊ အဲဒီပြိတ္တာဟာ လူ့ဘဝတုန်းက မင်းပြစ်မင်းဒဏ်သင့်တဲ့သူတွေကို မတရားညှဉ်းဆဲ၊ မြားနဲ့ ပစ်သတ်ခဲ့တယ်၊ အဲဒီ မကောင်းမှုကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး မကောင်းမှု ကံကြွင်းနဲ့ မြားတွေ ကိုယ်ပေါ်ကျရောက် စူးဝင်တဲ့ဒဏ်ကို အမြဲခံနေရတယ်၊ နောက်တစ်ခု ဒုတိယသုဝိလောမပြိတ္တာတဲ့၊ လူ့ဘဝတုန်းက ကုန်းတိုက်တဲ့သူဖြစ်တယ်၊ ငရဲကလွတ်တဲ့အခါ ပြိတ္တာဖြစ်ရတယ်: ပြိတ္တာဘဝမှာ အပ်တွေက ဦးခေါင်းကဖောက်ပြီး ခံတွင်းက ထွက်သွားကြတယ်၊ ခံတွင်းက ဝင်တယ်၊ ရင်ကထွက်တယ်၊ ရင်ကဝင်ပြီး ဒူးကထွက်တယ်၊ ဒူးကဝင်ပြီး ခြေဖဝါးက ထွက်တယ်၊ နာကျင်လွန်းလို့ ပြင်းပြင်းထန်ထန် အော်ဟစ်ပြီး ဆင်းရဲဒုက္ခကို ခံစားနေရတာပေါ့"

"ကြောက်စရာကောင်းသလို သနားစရာလည်း ကောင်းပါတယ် ဘုရား"

"နောက်ထပ် သနားစရာနဲ့ ရယ်စရာ ပြိတ္တာအကြောင်း ပြောပြမယ် ကုမ္ဘဏ္ဍပြိတ္တာတဲ့၊ အိုးစရည်းပမာဏ ဝှေးစေ့ရှိတယ်၊ သွားတဲ့အခါ ဝှေးစေ့တို့ ထမ်းပြီး သွားရတယ်၊ ထိုင်ရင် ဝှေးစေ့ပေါ် ထိုင်ရတယ်၊ အင်္ဂါဇာတ်နဲ့


www.burmeseclassic.com

www.burmeseclassic.com



မညီမျှတဲ့ဝန်ကို ထမ်းဆောင်နေရတဲ့အတွက် ဟိုဘက်ဒီဘက် ပြောင်းပြီး ထမ်းရတယ်၊ အဲဒီပြိတ္တာကို လင်းတ၊ ကျီး၊ စွန်ရဲတွေက မပြတ် လိုက်လံ ထိုးဆိတ်နေရတဲ့အတွက် အော်ဟစ်နေရတယ်"

"အဲဒီပြိတ္တာကရော လူ့ဘဝတုန်းက ဘယ်လို အကုသိုလ်ပြုခဲ့လို့လဲ ဘုန်းဘုန်း"

"လူ့ဘဝတုန်းက တရားသူကြီးဖြစ်ခဲ့တဲ့အချိန် အမှားကို အမှန်၊ အမှန်ကို အမှား မတရားဆုံးဖြတ်ချက်ချခဲ့တာကြောင့်ပေါ့ကွာ"

ဥူးကောဝိဒ၏အဖြေကို နားထောင်ပြီးနောက် နွေဦးနောင် တဟားဟားနှင့် ရယ်တော့သည်။

"နောက် ဂူထကူပနိမုဂ္ဂပြိတ္တာဆိုတဲ့ ကျင်ကြီးတွင်း၌ နစ်သော ပြိတ္တာကတော့ လူ့ဘဝဖြစ်စဉ် သူတစ်ပါး သားမယားကို အထိအတွေ့ ကာမဂုဏ်တို့နဲ့ သာယာနှစ်သက် ပျော်မွေ့နေသူ ဖြစ်တယ်၊ အဲဒီမကောင်းမှု ကံကြောင့် ငရဲမှာခံခဲ့ရပြီး ငရဲကလွတ်တော့ ကျင်ကြီးအတွေ့ကို ခံစားနေရ တာပေါ့၊ ဂူထခါဒကပြိတ္တာဆိုတဲ့ မစင်စားပြိတ္တာကတော့ ကဿပဘုရားရှင် လက်ထက်တုန်းက ပုဏ္ဏားဘဝနဲ့ ရဟန်းသံဃာတော်တွေကို ဆွမ်းဖိတ် ကြားခဲ့တယ်၊ ဒါပေမယ့် မစင်ကျင်းကို လက်ညှိုးထိုးပြပြီး အရှင်တို့ အလို ရှိတိုင်း စားကြဆိုပြီးပြောခဲ့တဲ့ကံကြောင့် ငရဲမှာခံရပြီး ငရဲကလွတ်တဲ့အခါ ဂေါတမဘုရားရှင်လက်ထက်မှာ မစင်စားပြိတ္တာ ဖြစ်နေခဲ့တာပေါ့"

နွေဦးနောင် တော်တော် အသိတရား ရသွားသည်။

"ရဟန်းသံဃာတွေကို ပြစ်မှားတဲ့အပြစ်ဟာ တော်တော်ကြီး ကြောက်စရာကောင်းတာပဲနော်"

"ဒါပေါ့ ဒကာ အနန္တောအနန္တငါးပါးကို ပြစ်မှားသူဟာ ထာဝကြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုက်မှာ အမှန်ပဲ”

“နောက်ထပ်ရော ဘာပြိတ္တာတွေ ရှိသေးလဲ ဘုန်းဘုန်း”

“ရှိတာပေါ့ အများကြီးပဲ၊ နိစ္စမိတ္တိပြိတ္တာ၊ အရေမရှိသော မိန်းမပြိတ္တာကျတော့ မိမိလင်ယောက်ျားနဲ့ အားမရဘဲ သူတစ်ပါးနဲ့သာယာခဲ့ဖောက်ပြန်ခဲ့သူပဲဖြစ်တယ်၊ အဲဒီအကုသိုလ်ကံကြောင့် ငရဲမှာခံခဲ့ရပြီးလွတ်တဲ့အခါ အရေမရှိတဲ့ပြိတ္တာမ ဖြစ်ရတယ်၊ အဲဒီပြိတ္တာမကို စွန်ရဲတွေကလိုက်လံထိုးဆိတ်နေတဲ့အတွက် အမြဲညည်းညူအော်ဟစ်နေရတယ်၊ နောက်တစ်ခုက ဒုဂ္ဂန္ဓပြိတ္တာဆိုတဲ့ မကောင်းသောအနံ့ရှိသည့် ပြိတ္တာတဲ့၊ အဲဒီပြိတ္တာမဟာ လူ့ဘဝက နတ်ကတော် ဖြစ်ခဲ့တယ်၊ ဤဝတ္ထုဖြင့် ဤသို့ပူဇော်က ဤမည်သောစီးပွားကို ရလတ္တံ့ဆိုပြီး လူအများကို မကောင်းတဲ့မိစ္ဆာအယူ ယူအောင်ပြုခဲ့တယ်၊ အဲဒီမကောင်းမှုကံကြောင့် အနံ့မကောင်းတဲ့ပြိတ္တာမ ဖြစ်ခဲ့ရတာပေါ့”

“နတ်ကတော်တွေအတွက်ကတော့ သတိထားရစရာပါပဲ ဘုန်းဘုန်း”

“ဒါပေါ့ကွာ၊ အယူတိမ်းလို့ နတ်စိမ်းဖြစ်ပါတယ်ဆိုမှတော့ နတ်ကတော်ဆိုတာ ဘယ်လိုလုပ် အယူမှန်တော့မှာလဲ”

“ဟုတ်ပါရဲ့၊ ဘုန်းဘုန်းတို့လို ရဟန်းဘဝပဲ ကောင်းတယ်”

ဦးကောဝိဒ ပြုံးလိုက်ပြီး

“သိပ်လည်း အထင်မကြီးပါနဲ့ ဒကာ၊ ဘိက္ခုပြိတ္တာဆိုတဲ့ ရဟန်းပြိတ္တာဆိုတာ ရှိသေးတယ်၊ ကဿပဘုရားရှင် လက်ထက်တော်က သင်္ဃာလို့လာလှူတဲ့ ပစ္စည်းလေးပါးကို သုံးဆောင်ပြီး မစောင့်စည်းဘဲ မြူးထူးပျော်ပါးနေခဲ့တယ်၊ အဲဒီမကောင်းမှုကံကြောင့် ဘုရားတစ်ဆူနဲ့ တစ်ဆူကြား ငရဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရပြီး ငရဲကလွတ်တဲ့အခါ ရဟန်းပြိတ္တာဖြစ်ရတယ်၊ ဒုကုဋ်သတ်နှိုး ခါးပန်းကြိုးတွေဟာ အလျှံတပြောင်ပြောင် တောက်လောင်ပြီး ဆင်းရဲတဲ့ ဒုက္ခကို ခံစားနေရတယ်၊ နောက် ဘိက္ခုနီပြိတ္တာ၊ သာမဏေပြိတ္တာ၊ သာမဏေရီပြိတ္တာနဲ့ သိက္ခမာန်ပြိတ္တာဆိုတာတွေလည်း ပစ္စည်းလေးပါးကို အလွဲသုံးစားလုပ်လို့ ပြိတ္တာဘဝ ခံစားနေရတာတွေပါပဲ"

နွေဦးနောင် ခုမှ ရဟန်းဘဝဆိုတာ မလွယ်မှန်း သဘောပေါက်သွားသည်။

"အရှင်ဘုရားတို့လို ဘုရားသားတော်တွေဟာ ကြိုးတန်း လမ်းလျှောက်ရသလိုပါပဲ ဘုရား၊ တစ်ချက်လေး အတိမ်းအစောင်းဖြစ်သွားတာနဲ့ သာမာန်လူတွေထက် ပိုအပြစ်ကြီးတယ်"

"ဒါပေါ့ ဒကာ၊ ရဟန်းဘဝကို မခံယူတတ်ရင်တော့ ဒကာ ပြောသလို ကြိုးတန်းလမ်းလျှောက်ရသလိုပဲပေါ့၊ သက်နှိုးစည်းထားရုံနဲ့ အားလုံး အပြစ်ကင်းရင် ဘုန်းကြီးပြိတ္တာ၊ သီလရှင်ပြိတ္တာဆိုတာတွေ ကြားဖူးမှာတောင် မဟုတ်ဘူး"

ဒီလိုနှင့် နွေဦးနောင်နှင့် ဉူးကောဝိဒ စကားတပြောပြောနှင့် လျှောက်လာရာ ဉူးလာဘ၏ ကျောင်းသခ်ိမ်းနားသို့ ရောက်လာသည်။

"ပြိတ္တာမျိုးတွေကတော့ ကျမ်းဂန်မှာ ပြဆိုထားတာ အများကြီးပေါ့ ဒကာ၊ အဓိကကတော့ သေခါနီးမှာ ဘုရား၊ တရား၊ သံဃာ အာရုံမပြုမိဘဲ သားစွဲ၊ သမီးစွဲ၊ မယားစွဲ၊ လင်စွဲ၊ ဥစ္စာစွဲနဲ့ အစွဲများပြီး ဒုက္ခရောက်ကြရတာပါပဲ၊ အဲဒီတော့ ကိုယ့်ဆွေမျိုးဉာတိထဲက ဘယ်သူပဲဖြစ်ဖြစ် နောက်ဆုံး အချိန်ရောက်တော့မယ်ဆိုရင် ကောင်းတဲ့ဂတိနိမိတ်ထင်စေဖို့ အာရုံပြောင်း ပေးရမှာက ကျန်ရှိနေတဲ့ သားသမီး၊ ဇနီး၊ ခင်ပွန်းရဲ့ တာဝန်ပါပဲ၊ အဲဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး အကျယ်တဝံ့သိချင်ရင်တော့ ဓမ္မဒူထဆရာတော် အရှင်ပညာဝရရဲ့ နောက်ဆုံးအချိန်ဆိုတဲ့စာအုပ်မှာ သေသေချာချာ ဂဃနဏ ရေးထားပါတယ်၊ ဖတ်ချင်ရင်”

ဉူးကောဝိဒ စကားစပြတ်သွား၏။ အကြောင်းမှာ ဉူးလာဘ၏ ကျောင်းသင်္ခမ်းလေးထဲမှ ညည်းသံ ကြားလိုက်ရ၍ ဖြစ်သည်။

“ဟင်း. . . ဟင်း. . . . ဟင်း. . . ဟင်း”

ရွှေဉီးနောင်နှင့် ဉူးကောဝိဒ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဉူးလာဘ၏ ကျောင်းလေးထဲသို့ ပြိုင်တူ ဝင်လိုက်ကြသည်။

ထိုအခါ ကုတင်ပေါ်မှာ စောင်ခြုံပြီး တစ်ကိုယ်လုံး တုန်နေသော ကပ္ပိယကျော်ဉီးနှင့် သူ့ဘေးမှာထိုင်ပြီး ဆေးဖျော်နေသော ဉူးလာဘတို့ တွေ့လိုက်ရ၏။

“ဉူးဇင်း. . . ကျော်ဉီး ဘာဖြစ်နေတာလဲ”

ထိုအခါ ကပ္ပိယကျော်ဉီးက မျက်ဖြူလန်ပြီး ချွေးသီးချွေးပေါက် ကျကာ ကယောင်ကတမ်း ထအော်သည်။

“ရှယ်. . . . ရှယ်လီကေသာ. . . အီး”

“ရှယ်လီ ကေသာ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲ ညက အခြောက်ခံရလို့ ကြောက်ဖျား ဖျားနေတာ”

ဉူးလာဘက ဝင်ရှင်းပြလိုက်ခြင်းဖြစ်သည်။

“အရင်က သဘက်တစ်ကောင်လုံးတွေ့တာတောင် ဘာမှမဖြစ်တဲ့ ကိုကျော်ဉီးက အခုမှ ဘာဖြစ်လို့ မျက်ဖြူဆိုက်သွားရတာလဲ”

“မ. . . မဟုတ်ဘူး၊ အရင်က ပြောတာ အုံ”

ကပ္ပိယကျော်ဉီး ဆက်ပြောမယ့်စကားကို ဉူးလာဘ အချိန်မီ



www.burmeseclassic.com

www.burmeseclassic.com


ပါးစပ် ဖမ်းအုပ်လိုက်သည်။

"တယ်. . . ဒီကောင်ကတော့ ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်၊ ဘာမှ မပြောဘဲ အိပ်လိုက်တော့"

ဉူးလာဘ၏လုပ်ရပ်ကြောင့် ငွေဦးနောင်နှင့် ဉူးကောဝိဒ တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြသည်။

"ဘာဖြစ်လို့ သူ့ပါးစပ်ကို ပိတ်လိုက်ရတာလဲ ဉူးဇင်းရဲ့ ဆက်ပြောပါစေ"

ဉူးကောဝိဒ ထိုသို့ ပြောလိုက်သောအခါ ဉူးလာဘ မျက်နှာ တစ်ချက် ပျက်သွားပြီးမှ

"ဆက်ပြောရင် အပျက်သဘော တွေပါလာမှာ စိုးလို့ပါ ကိုယ်တော်ရယ်၊ ကိုယ်တော် သွားစရာရှိတာသာသွားပါ၊ ကျော်ဦးကို တပည့်တော် မြှုစုထားလိုက်ပါ့မယ်"

ငွေဦးနောင်နှင့် ဉူးကောဝိဒ အဓိပ္ပါယ်ပါပါပြုံးရင်း တစ်ယောက်နှင့် တစ်ယောက် အချက်ပြကာ ဉူးလာဘ၏ကျောင်းသင်္ခမ်းလေးထဲမှ ပြန်လည် ထွက်ခွာသွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

(ထ) 

အချိန်က ည ၁၂း၀၀။

နွေဦးနောင်နှင့် ကပ္ပိယကျော်ဦး အိပ်သော အမျိုးသားဆောင်ဘက်ကို လူနှစ်ယောက် ချဉ်းနင်း ဝင်ရောက်လာကြသည်။

သူတို့ကတော့ မောင်ကျောက်တိုင်နှင့် မြလေးတို့ လင်မယား

ဘေးပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ကြည့်ရင်း အဆောင်ရှိလှေကား ထစ်များအတိုင်း တစ်လှမ်းချင်း တက်လာရာ အပေါ်မှာ မီးထွန်း၍ ထိုင်ဖတ်နေသော ကပ္ပိယကျော်ဦးကို တွေ့လိုက်ရသည်။

"ဟိတ်. . . ရှူး"

အနောက်မှ အသံပြုသံကြောင့် ကပ္ပိယကျော်ဦး လှည့်ကြည့် မောင်ကျောက်တိုင်တို့ရှိရာ ထသွားလိုက်သည်။

မောင်ကျောက်တိုင်က ကပ္ပိယကျော်ဦးနား ကပ်ပြီး လေသံတိုး လေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဦး မင်းကို တွေ့လို့လာတာ၊ ဟို ရန်ကုန်ကဧည့်သည်ကော"

ရန်ကုန်က ဧည့်သည်ဆိုသည်မှာ နွေဦးနောင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

ကပ္ပိယကျော်ဦး ခေါင်းခါပြလိုက်သောအခါ

"မရှိဘူးလား. . . ဒါဆို ဒ တော်ပဲ"

ဟုပြောရင်း အဆောင်ပေါ် တက်ထိုင်လိုက်ကြသည်။

ကပ္ပိယကျော်ဦးက သူ့လည်ချောင်း သူ လက်ညှိုးထိုးပြရင်း စားပွဲပေါ်မှ စာရွက်တစ်ရွက်နှင့် ဘောပင်တစ်ချောင်းယူကာ စာတစ်စောင်ရေးပြလိုက်သည်။

*ငါ လည်ချောင်း နာနေလို့ စကားမပြောနိုင်ဘူး ပြောစရာရှိတာ ...ပြော*

ကပ္ပိယကျော်ဦး၏ စာကိုဖတ်ပြီး မောင်ကျောက်တိုင်က ပြန်တုံ့ပြန်သည်။

"အရေးအကြောင်းဆို ဖြစ်ရမယ်၊ ဒီမှာ ငါပြောမယ် နားထောင်၊ ငါတို့တွေ ဘယ်လိုပဲ သရဲခြောက်တယ်ပြောပြော၊ မကြောက်တဲ့လူနှစ်ယောက် ရှိတယ်၊ အဲဒါက ဆရာတော်နဲ့ သူ့တူမယောက်ျား နွေဦးနောင်ပဲ"

မြလေးကလည်း ထောက်ခံသည်။

"ဟုတ်တယ် နွေဦးနောင်ရဲ့ မိန်းမ မေဦးဆိုရင် ကြောက်ပြီး ပြန်ပြေးသွားပြီ၊ အဲဒီလို ပြေးအောင်လည်း မဝိုင်းက အပီအပြင် သရုပ်ဆောင်ပြလိုက်တယ်လေ၊ ညတိုင်းလိုလို သရဲပူးခံရတော့ ဟိုက လန့်ပြီပေါ့၊ ဒါပေမယ့် ငါတို့ရဲ့ အဓိက ရည်ရွယ်ချက်က နွေဦးနောင်တို့လင်မယား ပြေးဖို့ထက် ဆရာတော်ဦးကောဝိဒ ပြေးဖို့အဓိက"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါပေမယ့် ဆရာတော်က လွယ်လွယ်နဲ့ ခြောက်လို့ မရဘူး၊ ငါ့မိန်းမ မြလေးလည်း ဟိုဘက်ကျောင်းက သီလရှင်နဲ့ ပေါင်းပြီး ရှယ်လီကေသာ သရဲဟန်ဆောင် ခြောက်ရတာ ပင်ပန်းနေပြီ ဆရာတော်က လွဲပြီး ကျန်တဲ့သူတွေ ဖင်တုန်အောင် ကြောက်တယ်၊ ခြောက်သာခြောက်တယ်၊ ရှယ်လီနဲ့ကေသာရဲ့ရုပ်မျိုး တူအောင် မဖန်တီးတတ်တော့ ဆရာတော်လည်း မယုံဘူးထင်ပါတယ်၊ ငါတို့လည်း ဆံပင်ဖားလျား ရှယ်လီနဲ့ ခေါင်းတုံးမကေသာ အဖြစ်လောက်ပဲ ဟန်ဆောင်လို့ရမှာပေါ့၊ တကယ့်ရုပ်အစစ်နဲ့ တူအောင်တော့ လုပ်မှ မလုပ်တတ်တာ၊ ဒီပုံအတိုင်းဆို ငါတို့ဆရာတော် ပြေးဖို့ ဒီလောက်အစီအစဉ်နဲ့ မရတော့ဘူး၊ အဲဒီကိစ္စ မင်းနဲ့ လာတိုင်ပင်တာ"

ကပ္ပိယကျော်ဦး မောင်ကျောက်တိုင်မျက်နှာကို သေချာကြည့်ပြီး နောက်ထပ် စာတစ်ကြောင်း ထပ်ရေးလိုက်သည်။

*မင်းက ဘယ်လိုလုပ်ချင်လို့လဲ*

မောင်ကျောက်တိုင်က စာကိုဖတ်ပြီး

"သေချင်းဆိုး မင်းနဲ့ လာတိုင်ပင်ပါတယ်ဆိုမှပဲ ဝဋ်ပိတ်ကျင့်တဲ့ ကောင်ကို ပုံပြောခိုင်းသလို ဖြစ်နေပြီ၊ သက်သက်သာသာ ထိုင်နေပါကွာ ငါတို့တာသာ စဉ်းစားပါ့မယ်၊ ဟိုရန်ကုန်သားရော ဒီည မင်းနဲ့ မအိပ်ဘူးလား"

ကပ္ပိယကျော်ဦး ခေါင်းခါပြလိုက်သည်။

"ဒါဆို အတော်ပဲ၊ အေးအေးဆေးဆေး စဉ်းစားလို့ ရတာပေါ့ မြလေး စဉ်းစားစမ်း၊ ဘာအကြံရှိလဲ"

မောင်ကျောက်တိုင်က သူ့ဇနီးမြလေးကို စစ်ကူတောင်းသည်။

"ရှင်ကလည်း နေရာတကာ ကျွန်မပဲ ခေါင်းဆောင်ရတယ် ခေါင်း သုံးမိနစ်ပဲစောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခေါက်ဆွဲပြုတ် တိုက်မလို့လား"

မောင်ကျောက်တိုင်က နောက်လိုက်ရာ မြလေးက သူ့ယောက်ျား ခေါင်းကို ဒေါက်ခနဲ ပိတ်ခေါက်သည်။

"တိန်"

"အ"

"မနောက်နဲ့ ကျွန်မ စဉ်းစားလိုက်ဦးမယ်"

မောင်ကျောက်တိုင် ခေါင်းပွတ်နေသည့်အချိန် မြလေးက အကြံတွေ ထုတ်နေ၏။

သိပ်ကြာကြာ မစဉ်းစားလိုက်ရ။ နှစ်မိနစ်ခန့်အကြာမှာ ခေါင်းထဲက မိန်းမညာဏ်တွေ သဲကိုးဖြာလောက် ထွက်လာသည်။

"ဟာ. . . . ဟုတ်ပြီ၊ ဟုတ်ပြီ ဘုန်းကြီးကို လူနဲ့ခြောက်တာ မရရင် ဘုန်းကြီး ဘုန်းကြီးချင်း ယှဉ်တိုက်မယ်"

"ဟင်. . . . ဘယ်လို တိုက်မှာလဲ၊ ခေါင်းတုံးချင်း ယှဉ်တိုက်မှာလား"

မြလေးက မောင်ကျောက်တိုင်ရဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်သည်။

"အား"

"ရှင်ကလေ၊ တော်တော်ပိန်းတာပဲ၊ ဘုန်းကြီးဘုန်းကြီးချင်း ယှဉ်တိုက်မယ်ဆိုတာ ဉူးကောဝိဒကြောက်ပြီး၊ ကျောင်းကပြေးအောင် ဆရာဘကို သရဲပူးဟန်ဆောင် ခြောက်ခိုင်းမယ် ပြောတာ၊ ဘုန်းကြီး ဘုန်းကြီးချင်းဆို လည်ပင်းညှစ်လည်း ငရဲမကြီးဘူးလေ၊ လူဆိုရင် ငရဲကြီးနေဦးမယ်"

"ဟား. . ကောင်းလိုက်တဲ့အကြံ မြလေးရာ၊ ကိုယ့်မိန်းမထို့ မပြောရဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျောက်တိုင်က ဝမ်းသာအားရ ထောက်ခံရာ မြလေးက ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်သည်။

"ဒါဆိုရင် ဒီအစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ဦးလာဘကို သွားပြောလိုက်ဦးမယ်"

ကပ္ပိယကျော်ဦး ခေါင်းညိတ်ပြလိုက်ရာ မောင်ကျောက်တိုင်နှင့် မြလေး ဝမ်းသာပျော်ရွှင်စွာဖြင့် ဦးလာဘ၏ ကျောင်းသခ်မ်းလေးသို့ ပြေးထွက်သွားတော့၏။

ကပ္ပိယကျော်ဦးကတော့ တစ်ယောက်တည်း ပြုံးရင်း ကျန်ခဲ့သည်။

မောင်ကျောက်တိုင်နှင့်မြလေး ဦးလာဘကျောင်းသို့ ရောက်သော အခါ အစီအစဉ်တွေ ပြောပြမည်ပြုစဉ် အခန်းထဲမှာ အိပ်နေသော ကျော်ဦးကို တွေ့လိုက်ရလေသည်။

နှစ်ယောက်သား မျက်လုံးအစုံ ပြူးကျယ်သွားသည်။

"ဘယ် . . . ဘယ်လိုဖြစ်တာလဲ၊ ခုနလေးတင် ကျော်ဦးကို ဟိုမှာ တွေ့ခဲ့သေးတာ"

"ဇကန္တ ဟိုမှာတွေ့ခဲ့တုန်းက အမှောင်ထဲမှာ ဖယောင်းတိုင်မီးနဲ့မို့ လူမှားတာလား"

"မိန်း . . . မိန်းမ တစ်ခုခုတော့ တစ်ခုခုပဲ၊ တို့နှစ်ယောက် အခုန နေရာကို ပြန်သွားကြည့်ကြမလား"

"အင်း . . . ကောင်းတယ်"

စိတ်ထဲမှာ ဘဝင်မကျသည်နှင့် ဦးလာဘကိုပင် လှမ်းမခေါ်မိ တော့ဘဲ လင်မယားနှစ်ယောက် အမျိုးသားဆောင်ဘက်သို့ ပြန်ထွက်သွား ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒီတစ်ခါ မီးတွေ ငြိမ်းပြီး တစ်ခန်းလုံး မှောင်နေသည်မို့ မောင်ကျောက်တိုင် သူ့လက်ထဲမှ အဆင်သင့်ယူလာသော ဓာတ်မီးကို ဖွင့်၍ သံဇကာမှတစ်ဆင့် အထဲသို့ ထိုးကြည့်လိုက်သောအခါ

"အား"

လင်မယားနှစ်ယောက် အသံနက်ကြီးဖြင့် အော်ရင်း တစ်ချိုးတည်း လစ်ပြေးကြတော့သည်။

အဘယ်ကြောင့်ဆိုသော် ဓာတ်မီးအလင်းရောင်ကျသောနေရာ၌ မြင်လိုက်ရသည်က သူတို့ကို စိုက်ကြည့်နေသည့် ရှယ်လီနှင့် ကေသာ သီအစ်မနှစ်ယောက်ပင် ဖြစ်သည်။

⚓⚓⚓

ဆောင်းညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁) 

လပြည့်နေ့ မတိုင်ခင် တစ်ည။

မနက်ဖြန် ဘုန်းကြီးကျောင်းတစ်ခုလုံး အလှူမင်္ဂလာပွဲ ဆင်နွှဲ
ရှိသဖြင့် ထမင်းချက်တဲ့သူ ချက်၊ ကြက်သွန်လှီးသူ လှီး၊ အရွက်ခြွေသူ
ခြွေနှင့် ပျော်ရွှင်စွာ အလုပ်ရှုပ်နေကြသည်။

အမျိုးသမီးရော အမျိုးသားရော ညလုံးပေါက် ချွေးသံတရွှဲရွှဲဖြင့်
(တစ်မျိုးမထင်ပါနဲ့) လုပ်အားပေးနေကြခြင်း ဖြစ်သည်။

အဲဒီလို အတူတူ ဝိုင်းဖွဲ့လုပ်ကိုင်ရင်း မိန်းမတို့သဘာဝ အတင်း
ချကြသည်ပေါ့။

"အိအိခိုင်ရေ . . . ဟိုးတလောကကိစ္စ ညည်းကို ပြောရဦးမယ်

"ဘာကိစ္စလဲ၊ ညည်းယောက်ျား မောင်အုန်း ဘောကျလို့
ကိစ္စလား"

"ဟုတ်ပါဘူးဟယ်၊ အဲဒီကိစ္စက ပြန်တင်ပြီးသွားပါပြီ၊ ငါပြောမှာ

www.burmeseclassic.com


ဉူးလာဘနဲ့တာဝတိံသာက နတ်သမီး အာရှိုးတဲ့အကြောင်း အဲလေ စကားပြောတဲ့အကြောင်းပါ၊ နင် အဲဒီကိစ္စကို ဘယ်လိုမြင်လဲ”

“အင်း. . . ငါကတော့ ယုံတယ်ဟ၊ ဖြစ်နိုင်တယ်လို့ ထင်တယ်၊ နင် စဉ်းစားကြည့်လေ၊ နတ်ပြည်မှာက ဘုန်းကြီးမရှိဘူး၊ အချိန်ပြည့် ဒီယောက်ျားနဲ့ ဒီမိန်းမပဲ နှစ်ပါးသွားနေတာ၊ အဲဒီတော့ နတ်သမီးလည်း ဘုန်းကြီးနဲ့ စကားပြောပြီး သူသိချင်တာ မေးချင်မှာပေါ့”

ထိုအခါ ခိုင်ခိုင်အိက ခေါင်းခါလိုက်ပြီး

“ငါကတော့ မယုံပါဘူး၊ နင် စဉ်းစားကြည့်လေ၊ နတ်သမီး နတ်သားဆိုတာ လူတွေရဲ့အနံ့ကို မခံနိုင်ဘူးလို့ ကြားဖူးတယ်၊ အဲဒီ ခေမာသီနတ်သမီး ဝင်ပူးတဲ့ သီလရှင်က ငါကြားရသလောက် နှစ်ရက်မှ ရေတစ်ခါချိုးတာတဲ့၊ အဲဒီတော့ လူနံ့ မခံနိုင်တဲ့ နတ်သမီးက တစ်နေ့ ရေနှစ်ခါချိုးတဲ့ ငါ့ကိုကျတော့ ဝင်မပူးဘဲ နှစ်ရက်မှ ရေတစ်ခါချိုးတဲ့ သီလရှင်ကို ဝင်ပူးတာ ဘာသဘောလဲ”

အိအိခိုင်က အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။

“ဒါကတော့ သီလရှင်ဆိုတာ လူထက် မြင့်မြတ်တယ်လေ၊ နတ်သမီးက သီလရှိတဲ့ သီလရှင်ကိုမပူးဘဲ နင့်လို ကိုရီးယားကား ထိုင်ကြည့်ပြီး မင်းသားတွေကို အချိန်ပြည့် ပြစ်မှားနေတဲ့ ကောင်မကို ပူးပါ့မလား”

အဲဒီလိုပြောတော့ ခိုင်ခိုင်အိက မခံ။

“ဟဲ့ ကောင်မ၊ နင် စကားပြောတာ ကြည့်ပြောနော်၊ နင်ရော ဘာထူးလဲ၊ ညအိပ်တိုင်း ဘောလုံးသမား ဓာတ်ပုံတွေ၊ ခေါင်းအုံးအောက် ထားအိပ်တာ မဟုတ်လား၊ ဒရော့ဘာတို့၊ ရော်နယ်ဒင်ဟိုတို့လေ”


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အိအိခိုင်၊ နင် မဟုတ်တမ်းတရား လျှောက်မပြောနဲ့နော်၊ အဲဒီဒရော့ဘာတို့ ရော်နယ်ဒင်ဟိုတို့ နင်ပဲယူ၊ ငါ့ခေါင်းအုံးအောက် ထားအိပ်တာ၊ အိုဝင်ပုံတို့ ဘက်ခမ်းပုံတို့ ဂျရတ်ပုံတို့ လမ်းပတ်ပုံတို့ ကာရိုးပုံကို ရွှန်းနီပုံတို့၊ ဒေါင်းနင်းပုံတို့၊ ပါကားပုံတို့၊ တယ်ရီပုံတို့၊ ဂျိုးဟတ်ပုံတို့ ဟဲ့"

ခိုင်ခိုင်အိက မဲ့လိုက်ပြီး

"နင့်ဟာက အင်္ဂလန်တစ်သင်းလုံး ကုန်သွားတာတောင် ဆန္ဒပြည့်ပါ့မလား ဟယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ငါကတော့ အဲဒီကိစ္စကို ယုံတယ်၊ ဒီနေ့ ဒီအချိန်ဟာ အပ်ကနေ ဒုံးကျည်အထိ တီထွင်နိုင်နေပြီဆိုတော့ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး"

"ဒါပေမယ့် ပြောတိုင်းယုံတာ အရူးလို့ ငါထင်တယ်၊ ဘာတွေဘယ်လောက်ပဲ ခေတ်မှီခေတ်မှီ မရှိတာကို အရှိလုပ်ပြီး လိမ်တတ်တဲ့ သူတွေက ခပ်များများ မဟုတ်လား"

အဲဒီစကားကြောင့် အိအိခိုင် တင်းသွားသည်။

"ဟဲ့ ကောင်မ နင် စကားပြောတာ ငါ့ကို မပုတ်ခတ်နဲ့နော်၊ နင်ကကော ဘယ်လောက် ဦးနှောက်ရှိလို့လဲ၊ ယောက်ျားနဲ့ မိန်းမအားချင်း မမျှဘူးဆိုတာ သိရဲ့သားနဲ့၊ နင့်ယောက်ျားနဲ့ ရန်ဖြစ်ရင် နပန်းဖက်လုံးတာ ရှုံးလို့ပေါ့"

"ဟဲ့ မဆိုင်တာ မပြောနဲ့ ငါတို့လင်မယားက အမြဲတမ်း နပန်းလုံးနေကျ၊ နင်သာ ယောက်ျားလုပ်တဲ့သူကို ထဘီလျှော်ခိုင်းတာ သေရင်ငရဲကျမယ့်ဟာမ"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com


အိအိခိုင် စိတ်မထိန်းနိုင်တော့ဘဲ ခိုင်ခိုင်အိရဲ့ နဖူးကို အနီးမှ
စဉ်းတီတုံးနှင့် ကောက်ထုလိုက်တော့သည်။

"ကဲ ဟာ"

"ခွပ်"

"အောင်မယ်လေးတော့"

ခိုင်ခိုင်အိ အာလူးသီးသွားသော သူ့နဖူးကို လက်နှင့်အုပ်ရင်း
အိအိခိုင်ရဲ့ လည်ပင်းကို ထညှစ်တော့သည်။

"သေပေတော့"

အဲဒီလို အလှူအတွက် ချက်ပြုတ်နေကြရင်း စကားများကြရာ
နပန်းဖက်လုံးသည့် အဆင့်ထိ ရောက်သွားသောအခါ ဘေးနားမှ
ယောက်ျားတွေ ဝိုင်းပြီး အားပေးကြတော့သည်။

"ဟုတ်ပြီကွ. . . ချ"

"အိအိခိုင်ကွ"

"ခိုင်ခိုင်အိ ကွ"

"လုံးထား"

သူတစ်ပြန် ကိုယ်တစ်လှည့် အပေါ်ရောက်လိုက် အောက်ရောက်
လိုက်၊ ဘေးရောက်လိုက်နှင့် လုံးကြသည်မှာ ထဘီတွေပင် ကျွတ်သည်အထိ

ကံကောင်းလို့ အထဲမှာ ဘာမှ မဝတ်ထား၍သာ တော်တော့သည်
အဲလေ အသားကပ်ဘောင်းဘီလေးတွေ ဝတ်ထား၍သာ တော်တော့သည်
မဟုတ်ရင်တော့ မတွေးဝံ့စရာ။

"ဟော့. . . အားလုံး ရပ်ကြစမ်း"

အောင်မြင်ခန့်ညားသော အသံနှင့်အတူ ကြိမ်လုံးဆွဲ၍ ဝင်လာ


www.burmeseclassic.com

www.burmeseclassic.com



သော ကျောင်းထိုင်ဆရာတော် ဉူးကောဝိဒကြောင့် ရန်ပွဲရပ်ပြီး အသံတွေ တိတ်သွား၏။

"အရှက်မရှိ သိက္ခာမရှိ မိန်းမတန်မဲ့ Smack down ကို အားကျတဲ့ ဟာတွေ တော်ကြစမ်း"

အိအိခိုင်နှင့် ခိုင်ခိုင်အိ ထဘီကို သေချာပြန်ဝတ်ရင်း ဉူးကောဝိဒကို လက်အုပ်ချီလိုက်ကြသည်။

ဉူးကောဝိဒက ဝိုင်းအားပေးသော ယောကျ်ားတွေကိုလည်း မာန် မဲလိုက်သည်။

"ဟိုကောင်တွေ. . . မင်းတို့ကလည်း မိန်းမတွေ ရန်ဖြစ်တာကို ဝိုင်းလက်ခုပ်တီးနေတယ်၊ အဲဒီနေရာမှာ နင်တို့မိန်းမတွေသာဆို လက်ခုပ် တီးနိုင်မှာလားဟင်"

"ဝင်လုံးမှာပါ"

"တော်စမ်း"

အပ်ကျသံပင် ကြားရလောက်အောင် အားလုံး တိတ်ဆိတ်သွား ကြ၏။

အဲဒီအချိန်။

ဉူးကောဝိဒရဲ့ပခုံးကို အနောက်က လာပုတ်သည်။

ဉူးကောဝိဒ နောက်လှည့် မကြည့်ဘဲ

"အသာနေစမ်း၊ ငါ သူတို့ကို ဆုံးမနေတယ်"

ပြောတာမရ။ နောက်တစ်ကြိမ် ထပ်ပုတ်သည်။

"ဘယ်လိုဖြစ်နေတာလဲ နေပါဦး"

ဒါလည်းမရ။ သုံးကြိမ်မြောက်သောအခါ ဉူးကောဝိဒ နောက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး နောက်လှည့်ကြည့်လိုက်သောအခါ

ဘာဆိုဘာမှ မရှိ။ ဦးကောဝိဒ မျက်လုံး ပြူးသွားသည်။

ဘယ်ရှိမလဲ။ ဘေးမှာ ရောက်နေတာကိုး။

ဘေးလှည့်ကြည့်မိမှ ရုတ်တရက် မျက်နှာချင်းဆိုင် တွေ့လိုက်ရသော မျက်နှာကြီးကြောင့် လန့်ဖျပ်သွားသည်။

ဦးလာဘ

အမူအရာက တစ်မျိုးဖြစ်နေသည်။ မျက်လုံးကြီးတွေက ဦးကောဝိဒကို စိုက်ကြည့်လျက် အက်ကွဲသံကြီးနှင့်

"ဒီကျောင်းက ထွက်သွားစမ်း"

"ဘာလို့ ထွက်သွားရမှာလဲ"

ဦးကောဝိဒက ပြောလိုက်ရာ ဦးလာဘက မကျေနပ်သည့် မျက်နှာနှင့်

"ထွက်သွားရမယ်၊ မထွက်သွားရင် နင့်ကိုရော၊ ဒီကျောင်းက လူတွေအားလုံးကို တစ်နေ့တစ်ယောက် ဂုတ်ချိုး သတ်မယ်"

ဦးလာဘစကားကြောင့် အားလုံး လန့်ကုန်သည်။ ဆရာတော်မှ လွဲ၍

"နင်က ဘယ်သူလဲ"

"ငါက ရှယ်လီ"

ရှယ်လီဆိုသောအခါ အကုန်လုံး ကြောက်လန့်ပြီး ပူးကပ်ကုန်သည်။ ဆရာတော်ကတော့ ဣန္ဒြေမပျက်။

"နင် ဘာဖြစ်ချင်တာလဲ"

"နင် ဒီကျောင်းက အပြီးအပိုင် ထွက်သွား၊ နင့်ကို မကျေနပ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကြောင့် ငါ့ညီမလေး သေရတာ၊ နင်သာ တောက်တဲ့တွေကို ခွင့်ပြု လိုက်ရင် ခုလောက်ဆို ငါ့ညီမလေး မြို့မှာ ဆေးကုလို့ ရပြီ၊ နင့်ကြောင့်"

"မဆိုင်လိုက်တာ၊ သူ့ဘာသာသူ မိုင်းခွဲမယ့် ကျောက်တုံးပေါ် တက်ထိုင်မိလို့ သေတာ၊ အဲဒါ ငါ့အပြစ်လား"

"အဲဒါ နင့်အပြစ်ပဲ၊ နင့်ကို မကျေနပ်တဲ့အကြောင်း ညီမလေးက ငါ့ကို လူရှင်းတဲ့ကျောက်တုံးပေါ် မှာ ရင်ဖွင့်နေလို့ မိုင်းရှိတာ မသိလိုက်တာ၊ ငါရော ငါ့ညီမရော သေသလို နင်လည်း သေရမယ်"

ဉူးလာဘပုံစံက တကယ့်ကို သရဲစီးနေသည့်အတိုင်းပင်၊ ခက်တာက ဆရာတော်က မကြောက်။

"တော်စမ်းပါ ရှယ်လီနဲ့ကေသာဆိုတာ ငါကျွေးမွေးစောင့်ရှောက် ထားလို့ လူဖြစ်လာတာ၊ တောက်တဲ့ကို လိုချင်တဲ့ လောဘစိတ် ရှိကောင်း ရှိမယ်၊ ဒါပေမယ့် ကိုယ့်ရဲ့ကျေးဇူးရှင်ကို ကျေးဇူးကန်းတဲ့စိတ် ရှိမှာတော့ မဟုတ်ဘူး၊ ရှယ်လီနဲ့ကေသာရဲ့ ဖြူစင်တဲ့ စိတ်ကို ငါ အသိဆုံး၊ အခုလို ကိုယ့်ကျေးဇူးရှင်ကို ကျောင်းက ပြန်နှင်တဲ့ လုပ်ရပ်မျိုး ရှယ်လီလုပ်မယ်လို့ ငါမထင်ဘူး၊ အဲဒီတော့ မှန်မှန်ပြော၊ နင် ဘယ်သူလဲ"

ဉူးလာဘ တစ်ချက်မျက်နှာ ပျက်သွားသော်လည်း ဣန္ဒြေမပျက် ပြန်၍

"ငါက ရှယ်လီပဲ၊ နင် ယုံအောင် ဘယ်လို သက်သေပြရမလဲ"

"ကောင်းပြီ၊ ဒါဆိုရင် ရှယ်လီ အမြဲတမ်းဆိုနေကျ သူ့အကြိုက်ဆုံး သီချင်းတစ်ပုဒ်ရှိတယ်၊ စဉ်းစားရဦးမယ်တဲ့၊ အသံနေ အသံထားမှန်မှန်နဲ့ အစအဆုံး ဆိုနိုင်ရင် ယုံမယ်"

"ဒါဆို နားထောင်"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်လာဘက အားလုံးရှေ့မှာ လူအများ ယုံကြည်စေရန် မဆိုချင် ဆိုချင် ဆိုပြလိုက်သည်။ ဒီသီချင်းက တစ်ခေတ်တစ်ခါက လူကြိုက်များတဲ့ သီချင်းမို့ သူလည်း ရနေသည်။

ထို့ကြောင့် အသံကို Vocalအတတ်နိုင်ဆုံး ညှိလိုက်ရင်း

♬ လဝန်းလေးနဲ့တူတယ် မေ့ကိုလားကွယ်၊ အသည်းထဲ စွဲနေပါ သတဲ့ သူညာတယ်၊ ချစ်ခွင့်ပန်ချစ်စကားလေးတွေမှာကွယ် . . . စမ်းကျရေ စီးသံတေး အသွယ်သွယ် အလှပန်းသည်းမြည့်ဘာမှာ ဝေ့လည်ဝေ့လည် သူ့အချစ်လိပ်ပြာငယ်လေး လာနေတယ် . . . ဘဝတစ်သက်တာ ခိုနားဖို့ကို ကြံရွယ် ချစ်မေတ္တာ အဖြေခက်သားကွယ် ♬

ရှယ်လီ ဝင်ပူးခံထားရသည်ဆိုသော ဉာဏ်လာဘ၏သီချင်းသံကို နားထောင်ပြီး လူတွေအားလုံး ရယ်ချင်လာသည်။ အသံက စာကလေး အော်မြည်တဲ့အသံနှင့်။

♬ ကြင်နာတာရယ် ရင်မှာ အမြဲကွယ် သူ ဒါပဲ ပြောပြောနေတယ်၊ မြတ်နိုးမှုမှာ သဒ္ဒါကြွယ် ချစ်သည်းနှင်းလာလည်းကွယ်၊ မိန်းမသားမှာ ဆွေးရတယ်၊ တကယ်ပဲ သူ့ကြောင့်သာလျှင် ခက်တယ် ခက်တယ် နလုံးသား မေတ္တာဆိုလည်း ယုံရန်မလွယ် အပြုံးရိပ်မှာ ခဏပန်းလှတာ လိုတယ်၊ စဉ်းစားကာနေရဦးမယ် . . . စဉ်းစားကာနေဦးမယ် ♬

သီချင်းသံ ဆုံးသွားသောအခါ ဉာဏ်လာဘ တံတွေးကို မျိုချလိုက်ပြီး

"ကောင်းလားဟင်"

"စီးရီးထုတ်မယ်ဆိုရင်တော့ မွဲလိမ့်မယ် နင် ရှယ်လီ လုံးဝ မဟုတ်ဘူး"

ဉာဏ်ကောဝိဒ လက်ညှိုးထိုးပြီး ပြောလိုက်ရာ ဉာဏ်လာဘ မျက်စိ မျက်နှာ ပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သူက ရှယ်လီမဟုတ်ပေမယ့် ငါကတော့ ကေသာပဲ"

အသံကြားရာဆီသို့ အားလုံး ဝိုင်းကြည့်လိုက်ကြရာ တစ်ခါက ဉူးလာဘနှင့်အတူ အမေးအဖြေလုပ်သွားသော နတ်သမီး ဝင်ပူးခံရသည့် သီလရှင်မလေး ဖြစ်နေ၏။

သူမက မျက်နှာသေကြီးနှင့် ဉူးကောဝိဒရှိရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။

"ဟာ. . . ပထမတစ်ခါတုန်းက နတ်သမီး ပူးတယ်၊ ဒီတစ်ခါ သရဲပူးတယ်၊ သူမို့လို့ ပူးပဲပူးနိုင်ပါ့ကွာ၊ နောက်တစ်ခါဆို ဘာပူးမလဲ မသိဘူး"

တစ်ချို့လူတွေကတော့ သီလရှင်မလေးကို သိပ်မယုံကြည်။

တစ်ချို့တွေကတော့ ဒီတစ်ခါ တကယ်ပဲလားဆိုပြီး လန့်နေ၏။

သီလရှင်မလေးက ဉူးကောဝိဒကို လက်ညှိုးထိုးပြီး

"ဒီကျောင်းကနေ ထွက်သွားစမ်း"

နွေဦးနောင်ပြောတဲ့ အစီအစဉ်ထဲမှာ ဒီသီလရှင်မလေး မပါ၍ ဆရာတော် နည်းနည်းတော့ စိုးရိမ်စိတ် ဝင်သွားမိသည်။

"နင်. . . . နင် ဘယ်သူလဲ"

"ကေသာပဲ"

"ဘုန်းဘုန်း. . . ဘာမှ မစိုးရိမ်နဲ့၊ ဒီတစ်ယောက်လည်း လိမ်စင်ပဲ"

ရုတ်တရက် ရောက်လာသော နွေဦးနောင်ကြောင့် အားလုံး အာရုံပြောင်းသွားသည်။

သီလရှင်မလေးက နွေဦးနောင်ဘက် လှည့်လိုက်ပြီး

"နင်က ဘာလာရှုပ်တာလဲ၊ နင့်မယားတောင် ငါ ခြောက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



သိုက်လို့ ခွေးပြေးဝက်ပြေး ပြေးပြီးပြီ၊ ဒီတစ်ခါ ပြေးရမှာ နင်နဲ့ကောဝိဒ အလှည့်"

"ဘယ်သူပြေးမလဲ သိချင်ရင် စောင့်ကြည့်လိုက်လေ"

နွေဦးနောင်က ပြောပြီး ဆရာတော်ကို မျက်ရိပ်ပြလိုက်ရာ ဆရာတော်က ခေါင်းညိတ်ပြီး လက်ခုပ်သုံးချက် တီးလိုက်သည်။

"ဟယ်. . . ဆရာတော်က စူပါကော်ဖီမစ်မှာမလို့ ထင်တယ်"

လူတွေရဲ့ အထင်လွဲသွားပါသည်။ ဆရာတော်၏လက်ခုပ်သံဆုံးသွားသောအခါ သော်ကပင်တွေနောက်က ကောင်မလေးနှစ်ယောက် ထွက်လာ၏။

သူတို့နှစ်ယောက်ကတော့။

"အောင်မယ်လေးတော့ ကယ်ကြပါဦး"

ရှယ်လီနှင့်ကေသာကို မြင်သောအခါ လူတွေအားလုံး သေးမြန်းဖြန်း ထွက်ကျကုန်သည်။

ဉူးလာဘကိုယ်တိုင်ပင် အလိမ်ပေါ်ပြီး ကြောက်အားလန့်အားဖြင့် ဆရာတော်နား ပြေးကပ်သည်။

စောစောက ကေသာ ပူးထားသည်ဆိုသော သီလရှင်မလေးဆိုလျှင် ဆန်ဆောင်မျက်နှာဖုံး ကွာကျပြီး မဆီမဆိုင် နွေဦးနောင် အကျီစတို့ ပြေးဆွဲ၏။

ရှယ်လီနှင့်ကေသာ သေသွားပြီဆိုတာကို သူလည်းသိထားတာကိုး။

"အားလုံးပဲ မကြောက်ကြပါနဲ့၊ အမှန်တရားကို ဖော်ထုတ်ဖို့အတွက် နည်းနည်း သည်းခံပေးကြပါ"

နွေဦးနောင်က မဆိုင်တဲ့သူတွေ သွေးလန့်မည်စိုးသဖြင့် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



အော်သည်။

ထို့နောက် အဆင်သင့်ယူလာသော အပ်ချည်လုံးကို အစဆွဲထုတ်၍ ကြီးမားသော အဝိုင်းပုံစံ ပြုလုပ်ပေးကာ

"အားလုံး ကျွန်တော် ပရိတ်ကြိုးတားပေးထားတဲ့ စည်းဝိုင်းထဲမှာ ဝင်နေကြပါ။ အပြင် လုံးဝ မထွက်ကြပါနဲ့"

နွေဦးနောင် စကားဆုံးသွားသောအခါ အလုအယက် စည်းဝိုင်းထဲ ပြေးဝင်ကြသည်။

ယောကျ်ားတွေက ရှေ့ဆုံးက။

သီလရှင်မလေးပါ ထိုကြိုးဝိုင်းထဲ ဝင်မည်ပြုရာ အထဲက လူတွေ ဂရုဏာသက်စွာ ဝိုင်းဝန်း တွန်းထုတ်ကြ၏။

"သွား. . . ခုမှ လာကြောက်မနေနဲ့ စောစောက သူပဲ သူများတွေ ကြောက်အောင် လိုက်လုပ်ပြီးတော့"

"ဟုတ်တယ်. . . ဒီနေရာက လူလိမ်မဝင်ရ"

ဉူးကောဝိဒရယ် နွေဦးနောင်ရယ် ဉူးလာဘရယ် သီလရှင်မလေး လွဲပြီး အားလုံး ကြိုးဝိုင်းထဲ ရောက်သွားသောအခါ ဉူးကောဝိဒ ဉူးလာဘကို စစ်ဆေးရေး လုပ်တော့သည်။

"ကဲ. . . ဉူးလာဘ အမှန်အတိုင်း ဝန်ခံစမ်း၊ ဒီကျောင်းမှာ ရှယ်လီနဲ့ကေသာ သရဲခြောက်တယ်ဆိုပြီး အလိမ်အညာ ဇာတ်ကွက်တွေ ဆင်ခဲ့တာ မဟုတ်လား၊ ဘာကြောင့် အဲဒီလို လုပ်ရတာလဲဆိုတာ မချွင်း မချန် အမှန်အတိုင်းဖြေ၊ ထပ်ပြီး ညာနေဦးမယ်ဆိုရင်တော့ ရှယ်လီနဲ့ ကေသာအစစ်က ကိုယ်တော့်ကို ဝန်ခံလာတဲ့အထိ စစ်လိမ့်မယ်"

အလိမ်ပေါ်သွားပြီဖြစ်သော ဉူးလာဘက လရှေ့အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခတ်တတ်ရပ်နေသော ရှယ်လီနှင့်ကေသာကို ကြည့်၍ ကြောက်ဒူးတုန်ကာ ဦးကောဝိဒကို ခြေသလုံးဖက် တောင်းပန်တော့သည်။

"တပည့်တော့် . . . ကြောက်ပါပြီဘုရား၊ အမှန်အတိုင်း ဝန်ခံပါတော့မယ်၊ ရှယ်လီနဲ့ကေသာကိုသာ အနားမလာခိုင်းပါနဲ့"

ဉူးလာဘ သူ ကျူးလွန်ခဲ့တဲ့အပြစ်တွေကို အားလုံးရှေ့မှာ ဝန်ခံဆိုက်တော့သည်။

"အရင်က ဒီကျောင်းမှာ သရဲခြောက်တယ်ဆိုတာ အရှင်ဘုရား ဒီကျောင်းမှာ မနေရဲအောင် တပည့်တော် တပည့်တွေနဲ့ ပေါင်းပြီး ခြောက်တာပါ"

"ဟာ"

လူတွေအားလုံး ဟာခနဲ ဖြစ်ကုန်သည်။

"ဘာလို့ ခြောက်တာလဲဆိုတော့ အရှင်ဘုရား ကျောင်းကပြေးရင် ဒါအကြီးဆုံးဖြစ်တဲ့ တပည့်တော်က ဒီကျောင်းမှာ ကျောင်းထိုင်လုပ်ပြီး အားလုံးကို အုပ်ချုပ်ချယ်လှယ်ချင်လို့ပါ"

"ဟင်"

လူတွေအားလုံး ဟင်ခနဲ ဖြစ်ကုန်သည်။

"နောက်ထပ်ရည်ရွယ်ချက်တစ်ခုက အရှင်ဘုရား သီတင်းသုံးတဲ့ ကျောင်းနားက သစ်ပင်မှာရှိတဲ့ တောက်တဲ့တွေကို အရှင်ဘုရားမရှိမှ အကုန်ရောင်းစားပြီး သူဌေးဖြစ် ကြံချင်လို့ပါ"

"ဟယ်"

လူတွေအားလုံး ဟယ်ခနဲ ဖြစ်ကုန်သည်။

"အကြံပက်စက်လိုက်တာကွာ. . . ဘုန်းကြီးတန်မဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ တာဝတိံသာက နတ်သမီးနဲ့ စကားပြောတယ်ဆိုတာကလည်း လူတွေ အထင်ကြီးအောင်၊ လာဘ်လာဘရွှင်အောင်၊ နာမည်ကြီးအောင် သက်သက်လုပ်တာပါ၊ မယုံရင် သူ့မေးကြည့်ပါ"

ဉူးလာဘက ဧွှေဦးနောင်နား ကပ်နေသော သီလရှင်မလေးကို လက်ညှိုးထိုး၍ စစ်ကူတောင်းရာ သီလရှင်ကလည်း ဝန်ခံသည်။

"ဟုတ်ပါတယ်ရှင့် . . ကျွန်မကို ဉူးလာဘ ငွေပေးခိုင်းလို့ လုပ်ရတာပါ၊ ပြီးတော့ ညကျရင် သက်န်းချွတ်ပြီး အဝတ်အစားလဲ ကေသာဟန်ဆောင်ပြီးတော့ ခြောက်ရပါသေးတယ်"

"ထင်တော့ ထင်သား၊ အဲဒါကြောင့် အစတည်းက မယုံတာ"

"မယုံလို့ပဲ သူ ရှေ့ဆုံးက"

လူတွေအားလုံး ခုမှ ဇာတ်ရည်လည်တော့သည်။

"တပည့်တော်နဲ့အတူ ပူးပေါင်းပြီး လူတွေ ယုန်ထင်ကြောင်ထင် ဖြစ်အောင် လုပ်ကြံဖန်တီးတဲ့ သူတွေကတော့ မဝိုင်းရယ်၊ မောင်ကျော်တိုင်တို့ လင်မယားရယ်၊ ကပ္ပိယကျော်ဦးရယ်ပါ"

"ဟင် . . သူတို့လည်း ပါတာကိုး၊ ဒါကြောင့် ကပ္ပိယကျော်ဦး မာဂဓဘာသာ ဘယ်တုန်းက တတ်သွားတာလဲလို့ ထူးဆန်းနေတာ"

"ဟုတ်ပ ခုမှ မာဂဓဘာသာဆိုတာ ရှိသမျှဗျည်းတွေ အစ လျှောက်ရွတ်နေမှန်း သိတော့တယ်"

"အခု အဲဒီအကြံသမားတွေ ဘယ်ရောက်နေလဲ"

"ကျွန်တော်တို့ ဒီမှာပါ ခင်ဗျာ"

ကပ္ပိယကျော်ဦးခေါင်းဆောင်သော လိမ်ဆင်အဖွဲ့ ကြေမှုန်မှု ငယ်လေးနှင့် ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . . ဒင်းတို့ကြောင့် မရှိတဲ့သရဲကို ညတိုင်းကြောက်နေရတယ်၊ ငါလုပ်ရင် သေတော့မယ်၊ စည်းဝိုင်းအပြင် မထွက်ရဲလို့"

"ဟုတ်ပကွာ၊ အရိပ်နေနေ အခက်ချိုးချိုးဟာတွေ"

လူတွေက ကပ္ပိယကျော်ဦးတို့ကို မကျေနပ်ကြသော်လည်း ဆရာတော်ရှိနေတာကတစ်ကြောင်း၊ ရှယ်လီနှင့်ကေသာကြောင့် အပြင်မထွက်ရဲတာတစ်ကြောင်းကြောင့် ငြိမ်နေကြသည်။

ကပ္ပိယကျော်ဦးတို့အဖွဲ့ ဆရာတော် ဦးကောဝိဒကို ထိုင်တန်တော့၍ တောင်းပန်ကြသည်။

"တပည့်တော်တို့ကို ခွင့်လွှတ်ပါ အရှင်ဘုရား၊ နောက်နောင် ဘယ်တော့မှ ဒီလိုယုတ်မာတဲ့ အကြံအစည်မျိုး မမွေးတော့ပါဘူး၊ တပည့်တော်တို့ အပြစ်အတွက် ထိုက်တန်အောင် ပေးဆပ်ပါ့မယ်"

"ဟုတ်ပါတယ် ဘုရား၊ အရှင်ဘုရားရဲ့ ကျောင်းကနေတော့ တပည့်တော်တို့ကို မနှင်ထုတ်ပါနဲ့၊ ကျန်တဲ့အပြစ် ကြိုက်တာပေးပါ၊ မနက်ဖြန် လုပ်မယ့် အလှူပွဲအတွက်လည်း တပည့်တော်တို့ တတ်နိုင်သလောက် အားသွန်ခွန်စိုက် ကူညီပါရစေ"

စည်းဝိုင်းထဲမှ လူတွေကတော့ သိပ်မကျေနပ်ချင်။

"ဟင်း. . . ခုမှ ဘုန်းကြီးခေါင်းခေါက်ပြီး တောင်းပန်ရမလား"

"ဟုတ်ပတော် ဇကောလောက်မှ ဇောက်မနက်တဲ့ ဟာတွေ"

ဦးကောဝိဒက ဦးလာဘကို ကြည့်လိုက်ပြီး

"ကဲ. . ကိုယ်တော်၊ တပည့်တွေကတော့ အမှားဝန်ခံတာပဲ ကိုယ်တော်ကရော ဘယ်လိုလုပ်မှာလဲ၊ ရဟန်းတစ်ပါးရဲ့ ဝိနည်းသိက္ခာပုဒ်ကို စောင့်ထိန်းနိုင်ဘူးဆိုရင်တော့ ဒီကျောင်းမှာ ဆက်မထားနိုင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဉူးလာဘက မတ်တတ်ရပ်၍ လက်အုပ်ချီလိုက်ပြီး

"အခုကစပြီး တပည့်တော် သံဃာအစစ်ဖြစ်အောင် ကြိုးစားပါ တော့မယ်-ဘုရား။ သံဃာနဲ့မဆိုင်တဲ့ အလုပ်တွေ ဘာမှ မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်၊ ပြီးတော့ အရှင်ဘုရားရဲ့ ပရဟိတလုပ်ငန်းတွေမှာလည်း တတ်အားသရွေ့ ကူညီပါတော့မယ်"

"သာဓု. . . သာဓု. . . သာဓု"

ဉူးကောဝိဒက ဝမ်းသာစွာ ပြုံး၍ သာဓု သုံးကြိမ် ခေါ်လိုက်သည်။

"ကဲ. . . ဆရာလေးရော၊ ဟိုဘက်ကျောင်းကိုပြန်ပြီး ကျောင်းထိုင် ဆရာကြီးပေးတဲ့ အပြစ်ကို ခံယူမလား၊ လူထွက်မလား"

နွေဉီးရနောင်က သီလရှင်မလေးကို မေးရာ သီလရှင်မလေးတာ မျက်နှာရှုံ့မဲ့မဲ့နှင့်။

"လူထွက်ပါ့မယ်၊ မထွက်ခင် ဆရာကြီးပေးတဲ့ အပြစ်ကိုလည်း ခံယူပါ့မယ်၊ နောက်ဘယ်တော့မှ ဒီလို မလုပ်တော့ပါဘူး"

အားလုံးကိုယ်စီကိုယ်ငှ အပြစ်တွေ ဝန်ခံပြီးသောအခါ ဆရာတော်က အားလုံးကြားအောင် အော်လိုက်သည်။

"ကဲ. . . ဒါဆို အဖြစ်မှန်တွေအားလုံး သိကြပြီနော်၊ ဒီကျောင်းမှာ ဘာသရဲမှ မရှိဘူး၊ အိပ်ကောင်းခြင်းအိပ်၊ စားကောင်းခြင်းစားလို့ ရပါပြီ"

"မရသေးဘူး ဘုရား"

ကြိုးဝိုင်းထဲမှ လူတွေက ပြန်တုံ့ပြန်သည်။

"ဟေ. . . ဘာဖြစ်လို့လဲ"

"ဟိုမှာ. . . ရှယ်လီနဲ့ကောသာ၊ အရှင်ဘုရား သူတို့ကို ဒီကျောင်းက ထွက်သွားအောင် ပရိတ်ရွတ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က အခုမှ သတိရသွားဟန်ဖြင့်

"ဩော်. . ဟုတ်သားပဲ၊ ကဲ ရှယ်လီနဲ့ကေသာ နင်တို့ရဲ့သရုပ်အမှန်တွေ ပြလိုက်ကြစမ်း"

ဆရာတော်ရဲ့ ခွင့်ပြုမိန့်ရသောအခါ ရှယ်လီနှင့်ကေသာ သူတို့ရဲ့ မျက်နှာဖုံးတွေကို ဆွဲခွာလိုက်ကြသည်။

ပေါ်လာသည့် မူလရုပ်သွင်ကတော့

"ဟင်. . မေဦးမောင်"

"သူကရော ဘယ်သူလဲ"

မှန်ပါသည်။ ရှယ်လီဟန်ဆောင်ထားသူမှာ နွေဦးနောင်၏ဇနီး မေဦးမောင်ပင်ဖြစ်သည်။

ခေါင်းတုံးမကေသာဟန်ဆောင်သူကတော့

"သူကတော့ ကျွန်မ ညီမဝမ်းကွဲ မေသူချစ်ပါ၊ ရှယ်လီကေသာ ဇာတ်စစ်အတွက် ဖော်ထုတ်ရအောင် အကူအညီတောင်းပြီး ကပ္ပိယကျော်ဦးနဲ့ သူ့လူတွေကို ညီအစ်မနှစ်ယောက်ပူးပေါင်းပြီး ချောက်ခဲ့တာပေါ့၊ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တဲ့ သဘောပါပဲ"

မေသူချစ်ဆိုသော ကောင်မလေးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"အို့. . . အခုမှပဲ သဘောပေါက်တော့တယ်၊ မေဦးက ကြောက်ပြီး ကျောင်းက ထွက်ပြေးသလိုလိုနဲ့ ရုပ်ဖျက်ပြီး ပြန်ရောက်လာတာပဲ တော်ပါပေတယ်"

လူတွေက ခုမှ အကြောက်ပြေပြီး စည်းဝိုင်းအပြင် ထွက်လာကြသည်။ ဉူးကောဝိဒကတော့ နွေဦးနောင်ရဲ့ပခုံးကို ပုတ်ပြီး ချီးကျူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါကတော့ ဒကာ နွေဦးရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာကို ချီးကျူးရမယ်၊ နိုင်ငံခြားရုပ်ရှင်တွေမှာ မျက်နှာပြောင်းပေးရတဲ့ အဖေ့ရဲ့ ပညာအမွေကို လက်ခံရရှိလိုက်တာဟာ တကယ့်ကို အဖိုးတန်ရွေတုံးကောက်ရလိုက်သလိုပဲ"

နွေဦးနောင်က ပြုံးလိုက်ပြီး

"အဲဒီလို ရုပ်ပြောင်းရုပ်လွှဲပညာကြောင့် တပည့်တော်ကို ကပ္ပိယကျော်ဦးနဲ့ မှားပြီး ကိုကျောက်တိုင်နဲ့ မမြလေးတို့ စကားလာပြောသွားတဲ့ညက သူတို့အကြံအစည်တွေကို သိလိုက်ရတယ်လေ၊ တကယ်တော့ သရဲဆိုတာ လူ့စိတ်က ကြောက်နေတတ်ရင် ပိုမြင်ရပါတယ်၊ သရက်သီးကြွေကျတာကိုတောင်မှ စိတ်ထဲက လျှောက်တွေးနေရင် သရဲခြောက်တဲ့အသံပါပဲ၊ အဲဒါကြောင့် စိတ်သာရှင်စောလို့ ဘုရားဟောခဲ့တာပါ၊ တကယ်တမ်း ကြောက်ရမှာက ကိုယ့်ဆီမှာ ကြောက်တတ်တဲ့စိတ် ရှိလာမှာပါပဲ"

နွေဦးနောင်ရဲ့အဆို မေဦးကလည်း ထောက်ခံသည်။

"မှန်ပါတယ်ရှင်၊ ကျွန်မဆိုရင် မဝိုင်း ရေတွင်းထဲမှာ သရဲ... တယ်လို့ ပြောတဲ့နေ့ကတည်းက စိတ်အစွဲကြောင့် ဘာလေးပဲဖြစ်လို... ဖြစ်လိုက် အတွေးလွန်ခဲ့တာပါ၊ တစ်ခါတလေ အမှောင်ထဲမှာ ဖယောင်း... မီးနဲ့ မြင်ရတဲ့ ကိုယ့်အရိပ်ကိုတောင် ကိုယ်ပြန်ကြောက်မိတဲ့အထိပါ..."

နွေဦးနောင်က ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ပါတယ်၊ တခြားမကြည့်ပါနဲ့၊ အစ်ကိုတို့ ...စ်မ... ကျွန်တော်က အပ်ချည်ကြိုးနဲ့ စည်းဝိုင်း ဝိုင်းပေးပြီး၊ ... ပရိတ်ကြိုး...



www.burmeseclassic.com

www.burmeseclassic.com


အထဲက အပြင်မထွက်ပါနဲ့လို့ ပြောလိုက်တော့ အဲဒီအထဲ အလုအယက် ပြေးဝင်ကြတယ်၊ ဘာပဲပြောပြော အဲဒီလိုလုပ်လိုက်တော့ စိတ်ထဲမှာ ငါတို့ ပရိတ်ကြိုးစည်းဝိုင်းထဲ ရောက်နေတာပဲဆိုတဲ့ ယုံကြည်မှုနဲ့ နည်းနည်းတော့ သက်သာရှိသွားတယ် မဟုတ်လား၊ အဲဒါ စိတ်ရဲ့ယုံကြည်မှုပါပဲ၊ ကျွန်တော်က မဆိုင်တဲ့သူ ကြောက်လန့်ကုန်မှာစိုးလို့ အဲဒီလို ပရိယာယ်သုံးလိုက်တာပါ၊ တကယ်တော့ အဲဒါ ကျွန်တော့်မိန်းမ မေဦး အကျီတွေ ဘာတွေ ပြီးရင် အိမ်နေရင်း ချုပ်ဝတ်ဖို့ ဝယ်ထားတဲ့ အပ်ချည်လုံးပါ၊ ဘာပရိတ်ကြိုးမှ မဟုတ်ပါဘူး”

“ဟမ်”

လူတွေ ပါးစပ်အဟောင်းသား ဖြစ်ကုန်သည်။

“ငါ့မှာတော့ ကြောက်ပြီး အသည်းအသန် ပြေးဝင်လိုက်ရတာ၊ ဒိုစိတ်ချရအောင် ကြိုးကိုပါ လက်က ဆုပ်ထားသေးတယ်၊ ခုတော့ ရိုးရိုး အပ်ချည်ကြိုးတဲ့. . . အီး”

တစ်ချို့ယောကျာ်းသားတွေ အရှက်ပြန်းပြန်း ကွဲကုန်သည်။

မိန်းမချင်းကတော့ ကိစ္စမရှိ။

“ယုံကြည်မှုဟာ သိပ်အစွမ်းထက်တာပဲနော်၊ စိတ်မှာ ယုံကြည်မှု ရှိနေရင် ဘာအဆောင်မှ မလိုတော့ဘူး”

ဦးလာဘလည်း ဝင်၍ ပြောသည်။

“ယုံကြည်မှုဟာ ဘယ်လောက် အစွမ်းထက်သလဲဆိုရင် ဦးဇင်း အရင်က မင်းတို့ကို အဆောင်တွေ လက်ဖွဲ့တွေ လုပ်ပေးတယ်ဆိုတာ မင်းတို့ရဲ့စိတ်ကို မြှင့်တင်ပေးတာပါ၊ တကယ်တော့ အဲဒီသက်ရှင်းသည်း တွေဟာ လူတွေရဲ့ဘဝကို မမြှင့်တင်ပေးနိုင်ပါဘူး၊ ကိုယ့်ရင်ထဲမှာ


www.burmeseclassic.com

www.burmeseclassic.com



ကိန်းအောင်းနေတဲ့ ယုံကြည်မှု စိတ်အစဉ်သာလျှင် ကိုယ့်ရဲ့ဘဝကို မြှင့်တင်ပေးနိုင်ပါတယ်၊ အဲဒီတော့ တကယ်ဆောင်ထားရမှာက နှလုံးသားထဲမှာ တည်ရမယ့် ရတနာသုံးပါးပါပဲ"

"ဟွန်း ခုမှ"

တချို့တွေက ဉူးလာဘကို မျက်စောင်းထိုးပေမယ့် ဆရာတော်ကတော့ ဉူးလာဘပခုံးကို ကိုင်ပြီး ထောက်ခံအားပေးလိုက်သည်။

ဉူးလာဘကလည်း ဆရာတော်ရဲ့လက်ကို လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်၍ ကျေးဇူးစကားဆိုသည်။

"တပည့်တော်ကို သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အရှင်ဘုရား၊ ဒီအဖြစ်အပျက်လေးကို သင်ခန်းစာယူပြီး နောက်နောင် လူတွေ အကြည်ညိုခံထိုက်တဲ့ ဘုန်းကြီးဖြစ်အောင် သီလ၊ သမာဓိ၊ ပညာ ဖြည့်ကျင့်သွားပါတော့မယ်"

ဉူးကောဝိဒ ကျေနပ်သွားပြီး ကျန်တဲ့သူတွေအားလုံးကိုပါ နားချသည်။

"ကဲ. . . အပြစ်ရှိတဲ့သူက ကိုယ့်အပြစ်ကို ဝန်ခံပြီး တောင်းပန်ရင် ပညာရှိသူတော်ကောင်းဆိုတာ ခွင့်လွှတ်ရတယ်၊ ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးတာပဲ၊ အဲဒီတော့ သူတို့အားလုံးကို အပြစ်က ခွင့်လွှတ်လိုက်ကြပါ၊ အရင်အတိုင်းပဲ ပုံမှန် ပြန်ဆက်ဆံကြပါ၊ ခွင့်မလွှတ်နိုင်တဲ့သူရှိရင် ငါ့ကြိမ်လုံးစာ မိမယ်၊ ဘယ်လိုလဲ ခွင့်လွှတ်တယ် မဟုတ်လား"

"ဆရာတော်က ကြိမ်လုံးနဲ့ ခြိမ်းခြောက်မှတော့ ခွင့်မလွှတ်လို့ ဘယ်ရမလဲ"

လွှတ်ချင်သူရော မလွှတ်ချင်သူပါ ဆရာတော်၏ကြိမ်လုံးမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တက်ညီလက်ညီ အော်လိုက်ကြသည်။

"ခွင့်လွှတ်ပါတယ်"

"အေး. . . ခွင့်လွှတ်ရင် မနက်ဖြန် အလှူအတွက် အားလုံး ခုနကလို တက်ညီလက်ညီ ပျော်ပျော်ပါးပါး ဝိုင်းလုပ်ကိုင်ကြပေတော့၊ နပန်းတော့ ဖက်မလုံးကြနဲ့နော်"

"မှန်ပါ ဘုရား"

ခုမှပဲ ကျောင်းကြီးတစ်ခုလုံး ရယ်သံမောသံလေးများဖြင့် စည်ကား လှပသွားတော့၏။

အလှူအတွက် ဦးလာဘ ခေါင်းဆောင်ပြီး ကပ္ပိယကျော်ဦး၊ မောင်ငကျောက်တိုင်၊ မြလေးနှင့် မဝိုင်းတို့လည်း တက်ညီလက်ညီ လုပ်အား ပေးကြသည်။

မေသူချစ်ကလည်း နွေဦးနောင်နှင့် မေဦးမောင်တို့ လင်မယားနှင့် အတူ ပျော်ရွှင်စွာ ဝိုင်းကူလျှက်။



www.burmeseclassic.com

www.burmeseclassic.com

(၉) 

လပြည့်ကျော် တစ်ရက်နေ့။

မနက်လေးနာရီလောက်မှာ ဆရာတော်အပါအဝင် ကျောင်း အပေါင်းအဖော်တွေ အားလုံးကို နှုတ်ဆက်ပြီး နွေဦးနောင်တို့တွေ ရန်ကုန် ပြန်ရန် ပြင်ဆင်နေကြပြီ။

"နောင် အခါအခွင့်သင့်ရင်လည်း ထပ်လာခဲ့ပါဦး ဒကာ၊ ဦး ကျောင်းက အမြဲကြိုဆိုပါတယ်"

"လာခဲ့ပါမယ် ဘုရား၊ နောက်တစ်ခါ လာရင်တော့ အရှင်ဘုရား ကျောင်းက ကလေးတွေ ပညာရေးအတွက် တပည့်တော် ပိုပြီး လှူ နိုင်အောင် ကြိုးစားပါ့မယ်၊ အရှင်ဘုရားရဲ့ ပရဟိတဂေဟာလေး တပည့်တော် စိတ်စေတနာထက်သန်မိပါတယ်"

"ဒကာလေး သဘောပါပဲကွယ်၊ လှူသည်ဖြစ်စေ မလှူသည်ဖြစ် ဦးဇင်းကတော့ အမြဲဖိတ်ခေါ်ပါတယ်၊ ဝတ္တုရေးဖို့ ကုန်ကြမ်းလိုတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



သည်း လာခဲ့ပေါ့"

"တင်ပါ့ ဘုရား"

"ကဲ ကဲ ကောင်းကောင်းသွားကြ၊ ကားကိုလည်း ဂရုစိုက်မောင်းဦး"

မေဦးတို့ ညီအစ်မနှင့် နွေဦးနောင် အားလုံးကို နှုတ်ဆက်ပြီး ကားထဲ ဝင်လိုက်သည်။

"နောက်လည်း လာခဲ့ကြဦးနော်"

ကျောင်းမှာ ကျန်ခဲ့သည့် ဉူးလာဘ ကပ္ပိယကျော်ဦးအပါအဝင် ဓိတ်ဆွေအပေါင်းသင်းတွေက နွေဦးနောင်တို့ကို လက်ပြရင်း ကျန်ခဲ့သည်။

ကားစက်နှိုးလိုက်သည်နှင့် နွေဦးနောင် သတိထားလိုက်မိသည်က သူ့ကားဒက်ရှ်ဘုတ်ပေါ်က ပန်းပွင့်နီနီရဲရဲလေး နှစ်ပွင့်။

"မေဦး. . . ဒါ မေဦးပန်းလား"

"မဟုတ်ဘူး ကိုနောင်"

ထိုအခါ ကားနောက်ခန်းမှ မေသူချစ်က ထပြောသည်။

"အဲဒါ ညီမလေး ကျောင်းထဲက ခူးလာတာ သော်ကပန်းလေး သူတယ်မို့လား"

မေဦးမောင်က ညီမဖြစ်သူကို စချင်သည်နှင့်

"နင်နော် နင်. . . သက်သက်မဲ့ လျှောက်ခူးလာတယ်၊ မတော်တဆ အဲဒီပန်းပွင့်တွေမှာ ရှယ်လီနဲ့ကေသာရဲ့ ဝိညာဉ်ကပ်ပါလာရင် ဘယ့်နှယ့်လုပ်မလဲ"

"ဟာ. . . မမကလဲ"

အနည်းငယ် တုန်သွားသယောင် ထင်ရသောအသံနှင့် ပြောလိုက်သော မေသူချစ်ကြောင့် နွေဦးနောင် ဟက်ဟက်ပက်ပက် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား မေဦးကလည်းကွာ၊ ညီမလေးကို သွားနောက်နေပြန်ပြီ၊ သူက မကြောက်တတ်ဘူး"

နွေဦးနောင်တို့ကားလေးက သော်ကမြောင်ဟူသော ဘုန်းကြီး ကျောင်း မုခ်ဦးအဝအောက်မှ ဖြတ်သန်းခဲ့လေပြီ။

ကျောင်းရှေ့ မုခ်ဝအကျော်မှာတော့ စိတ်ထဲ တစ်မျိုးဖြစ်လာသည်

သူတို့ကားနောက်မှာ ဘာတွေများ ကပ်ပါလာသလဲဟု မသိုးမသန့် ဖြစ်မိသည်နှင့် ကားစီတီယာတိုင်ကို လက်ကထိန်းရင်း နောက်လှည့် ကြည့်မိလိုက်တော့

သိချင်ရင် နောက်စာမျက်နှာ ဆက်လှန်ကြည့် ➤

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



နွေဦးနောင် ခေါင်းမွေးတွေ ထောင်တက်သွားသည်။

ကျောင်းမုခ်ဝရှေ့မှာ ကောင်မလေးနှစ်ယောက် သူတို့ကားလေးပေါ် လက်ပြနှုတ်ဆက်နေ၏။

အဲဒီကောင်မလေး နှစ်ယောက်ကတော့။

ဒီခဏမှာ ဒီမျှနဲ့ ပြီးပါပြီ။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်လွှာ

ဤဝတ္ထုဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းနှောက်ယှက်ခဲ့ကြသော ပြိတ္တာ၊ တစ္ဆေ၊ နာနာဘာဝများနှင့် မကျွတ်မလွတ်သေးသူများကို ကျေးဇူးတင်စကားဆိုရင်း အမျှဝေလိုက်ရပါသည်။ အိပ်မက်ထဲထိ ကုန်ကြမ်းလာပေးသော အမြွှာညီအစ်မနှစ်ယောက်အားလည်း ကြုံရင် လက်ဖက်ရည်တိုက်ပါဦးမည်။ နောင်အခါအခွင့်သင့်လျှင်လည်း အိပ်မက်ထဲသို့ အလည်လာနိုင်ကြောင်း ဖိတ်ခေါ်ရင်း ရှယ်လီကောသာ ဝတ္ထုလေးကို နိဂုံးချုပ်လိုက်ရပါသည်။

BURMESE CLASSIC

ဟော့လိုင်း

ဆောင်းညပြာသိစာပေ

www.burmeseclassic.com